# မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၄ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် | ၂၀၂၂ ခုနှစ်၊ စက်တင်ဘာ ၂၆ ရက်၊ တနင်္လာနေ့ | အတွဲ (၆၂)၊ အမှတ်(၃၅၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှအလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၂၃**

စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန -၂ ၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှတို့ တက်ရောက်ကြသည်။

အဆိုပါ အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်ဇနီးတို့နှင့်အတူ ကောင်စီတွဲဖက်အတွင်းရေးမှူးနှင့် ဇနီး၊ ကောင်စီဝင်များနှင့် ဇနီးများ၊ ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ဇနီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများနှင့် ဇနီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ စာတမ်းဖတ်ပွဲတွင်

*စာမျက်နှာ ၃ ကော်လံ ၁ ✻*



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပြခန်းအတွင်း ခင်းကျင်းပြသထားသည်များကို ကြည့်ရှုလေ့လာစဉ်။

## ယနေ့ *ဖတ် စ ရာ*


**အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူ စာပေဆုပြိုင်ပွဲဝင်စာမူများ ဖိတ်ခေါ်**

ပြည်တွင်းသတင်း စာ ၂

**ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး**

*၂၀၂၂ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဂုဏ်ပြုဆောင်းပါး*

စာ ၆



**တိမ်ပင်လယ်စခန်းများ စုဝေးရာ နောင်ချိုမြို့၌ ဖွင့်လှစ်တော့မည့် ဒုဋ္ဌဝတီ တိမ်ပင်လယ် စခန်းသစ်**

ရွှေနိုင်ငံမြင်ကွင်းကျယ်

စာ ၁၆




## တစ်စုတစ်စည်း အကိုးအကားပြုနိုင်ရေးအတွက် ခေတ်သစ်မြန်မာစာပေသမိုင်း

အင်းဝခေတ်ကို သတိုးမင်းဖျား အင်းဝရွှေနန်းတော်ကိုတည်ထောင်သည့် သက္ကရာဇ် ၇၂၆ ခုနှစ်မှစ၍ အင်းဝပျက်သည့် သက္ကရာဇ် ၉၀၀ ခန့် ကာလအတွင်း ဖြစ်သည်ဟု ပညာရှင်များက သတ်မှတ်ထားသည်။ အင်းဝခေတ်ကောင်းစဉ်ကာလတွင် စစ်မက်ကင်းဝေးကာ သာယာဝပြောသည့်အလျောက် စာပေထွန်းကားသည့်ကာလဖြစ်ပြီး ပေရွက်ပေါ်တွင် ကညစ်ဖြင့် စာရေးသည့်ခေတ်ဖြစ်ပေါ်လာခဲ့သည်ဟု အဆိုရှိသည်။ အင်းဝခေတ်တွင် ရဟန်းစာဆို၊ လူစာဆိုတို့ရေးသားသည့် ပျို့၊ လင်္ကာ၊ ချေင်း၊ မော်ကွန်း၊ ရတု၊ တောလား၊ မေတ္တာစာ၊ ဝတ္ထု စသည်ဖြင့် ပုံစံအမျိုးမျိုးသော စာပေများ ပေါ်ပေါက်လာခဲ့ရာ မြန်မာစာပေအဆင့်အတန်း အမြင့်မားဆုံး အခြေအနေသို့ရောက်ရှိခဲ့သည်။ ဘုရင်ကိုယ်တိုင်က စာပေကို အလေးထားကာ စာဆိုတို့ကို ချီးမြှောက်ခဲ့ခြင်းကြောင့် နန်းတွင်းအမျိုးသမီးစာဆိုများပင် ပေါ်ထွန်းလာခဲ့ပြီး အင်းဝခေတ်၏ ပျို့ကဗျာများကို ကျော်လွန်ရေးဖွဲ့နိုင်သည့်စာပေ ယနေ့ထက်တိုင် မပေါ်ပေါက်သေးဟူ၍လည်း ပညာရှင်များက အကဲဖြတ်ကြသည်။

မြန်မာစာပေအဆင့်အတန်း မြင့်မားခဲ့သည့် အင်းဝခေတ်တွင် ပေါ်ပေါက်ခဲ့သော ရဟန်းစာဆိုများအနက် ရှင်မဟာရဋ္ဌသာရသည် မြန်မာစာပေသမိုင်းတွင် ထင်ရှားသော ပျို့၊ မော်ကွန်းများ စီကုံးရေးဖွဲ့ကာ တံခွန်စိုက်ထူခဲ့သော ပညာရှင်တစ်ဆူဖြစ်တော်မူသည်။ သက္ကရာဇ် ၈၃၀ ပြည့်နှစ်တွင် အင်းဝရွှေမြို့တော်ကြီး၏အလယ်တွင် ဖွားမြင်တော်မူခဲ့ပြီး သက္ကရာဇ် ၈၉၂ ခုနှစ်တွင် တစ်ဘဝခန္ဓာဝန်ချတော်မူခဲ့သော ရှင်မဟာရဋ္ဌသာရ ဆရာတော်ကြီး၏ မွေးနေ့သည် ယခုနှစ်တွင် ၅၅၅ နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်ရာ လောကီရေးရာ၊ လောကုတ္တရာရေးရာ နှစ်ဖြာသောအကျိုးတို့ကို ဆောင်ရွက်တော်မူခဲ့သည့် ဆရာတော်ကြီး၏ စာပေဂုဏ်ကျေးဇူးတို့ကို အထူးအောက်မေ့လျက် “စာဆိုတော်ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်စာတမ်းဖတ်ပွဲ” ကို နေပြည်တော်၌ စက်တင်ဘာ ၂၃ ရက်နေ့တွင် ကျင်းပခဲ့သည်။ စာတမ်းဖတ်ပွဲတွင် စာတမ်းသုံးစောင်ကို ဖတ်ကြားခဲ့ပြီး ဂုဏ်ပြုတေးဂီတ ကဗျာတ်တစ်ပုဒ်ကိုလည်း ဖျော်ဖြေတင်ဆက် ဂါရဝပြုခဲ့ခြင်းဖြစ်ရာ နှစ်ပေါင်း ၅၅၅ နှစ်အတွင်း ဆရာတော်ကြီး၏ ပထမဆုံးနှင့် အထူးခြားဆုံးမွေးနေ့အထိမ်းအမှတ် အခမ်းအနားဟု ဆိုနိုင်သည်။

အင်းဝခေတ်တွင် “ဘုရားရှစ်သောင်း၊ လေးထောင်ဆောင်း၍၊ ကိန်းအောင်းစံရန်၊ ဓမ္မခန်သည်၊ သံတောင်ဖြိုးမြင့်၊ စွင့်လိမ့်လေ။ အကိုက်လေးဖော်၊ မြေမှပေါ်သော်၊ ရှင်ကျော်လေးဦး၊ ခူးလိမ့်လေ။ ခူးလည်းခူးလတ္တံ့၊ ကူးလည်းကူးလတ္တံ့၊ မြူးလည်းမြူးလတ္တံ့။” ဟူသော တဘောင်စကားအရ စာပေကျမ်းဂန်တတ်ကျွမ်းသည့် ရှင်လေးပါးဖြစ်သော ရှင်ဥတ္တမကျော်၊ ရှင်မဟာသီလဝံသ၊ ရှင်အုန်းညိုနှင့် ရှင်ခေမာတို့ နေ့ရက်နှင့် နာရီမျှသာခြားကာ ပေါ်ထွန်းခဲ့သည်။ ရှင်မဟာသီလဝံသသည် အင်းဝနန်းတွင်း၌ ရှင်မဟာရဋ္ဌသာရနှင့်အပြိုင် ပျို့၊ လင်္ကာ စာပေများ သီကုံးရေးဖွဲ့ခဲ့သည့် ဆရာတော်ကြီးဖြစ်ပြီး ရှင်အုန်းညို၏ ဂါထာခြောက်ဆယ်ပျို့မှာလည်း မြန်မာစာပေသမိုင်းတွင် ထင်ရှားသည်။ မြန်မာစာပေသည် ရဟန်းပညာရှိ၊ လူအမျိုးသားပညာရှိ၊ လူအမျိုးသမီးပညာရှိတို့၏ စာပေပုံသဏ္ဍာန်အမျိုးမျိုး စီကုံးရေးဖွဲ့မှုများဖြင့် ခေတ်အဆက်ဆက်တွင် ဖွံ့ဖြိုးခဲ့ရာ ပုဂံခေတ်မှစတင်ခဲ့သည့် မြန်မာစာပေသမိုင်းကို ကိုလိုနီခေတ်ဦးကာလအထိ ဆရာကြီးဦးဖေမောင်တင်က ရေးသားပြုစုခဲ့သည်။

၂၀ ရာစုခေတ်ဦး ခေတ်စမ်းစာပေခေတ်မှစကာ မျက်မှောက်ကာလ၏သမိုင်းကို တစ်စုတစ်စည်းတည်း အကိုးအကားပြုနိုင်ရန်အတွက် မှတ်တမ်းတင်နိုင်ရန်မှာ ရာစုနှစ်တစ်ခုစာမျှ ကြာမြင့်လာပြီဖြစ်သည့်အလျောက် ခေတ်သစ်မြန်မာစာပေ သမိုင်းတစ်စောင်ပေါ်ထွန်းလာရေး ဆက်လက်ပြုစုဆောင်ရွက်ကြရပါမည့်အကြောင်း။ ။



## ၂၀၂၃ ခုနှစ်၊ (၂၄) ကြိမ်မြောက် မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ဦးတည်ချက် (၄) ရပ်

၁။ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး၊

၂။ တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အနုပညာအမွေအနှစ်များနှင့် အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်စေရန် ဖော်ထုတ်၊ ထိန်းသိမ်း၊ မြှင့်တင်ရေး၊

၃။ မျိုးဆက်သစ်လူငယ်များအကြားတွင် ရိုးရာယဉ်ကျေးမှုအမွေအနှစ်များကို ဖော်ထုတ်ထိန်းသိမ်းခြင်းနှင့်ထပ်တူ အမျိုးသားရေးစိတ်ဓာတ်များ ပိုမိုထွန်းကားပြန့်ပွားနေစေရေး၊

၄။ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် အမျိုးသားယဉ်ကျေးမှုအခန်းကဏ္ဍမှ တစ်တပ်တစ်အား ပူးပေါင်းပါဝင်ဆောင်ရွက်ရေး။

## အကြိမ်(၃၀)မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆု ပြိုင်ပွဲဝင်စာမူများဖိတ်ခေါ်

နေပြည်တော် စက်တင်ဘာ ၂၃

ပခုက္ကူဦးအုံးဖေစာပေဆု ရန်ပုံငွေကြီးကြပ်ရေးကော်မတီက အကြိမ် (၃၀) မြောက် ပခုက္ကူဦးအုံးဖေ တည်ထောင်သော ပခုက္ကူစာပေဆုများ ယှဉ်ပြိုင်ရန် စာမူများဖိတ်ခေါ်ကြောင်း ယနေ့ကြေညာသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ဝတ္ထုရှည်၊ ဝတ္ထုတိုပေါင်းချုပ်၊ ကဗျာပေါင်းချုပ်၊ ကျမ်းစာပေနှင့် သုတေသနစာပေဟူ၍ ဘာသာရပ်ငါးမျိုးတွင် ပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။ သတ်မှတ်ထားသော ဘာသာရပ်တိုင်းတွင် တစ်ဦးတည်းက တစ်မျိုးစီပါဝင်ယှဉ်ပြိုင်ခွင့်ရှိသည်။

ပခုက္ကူဦးအုံးဖေစာပေဆုအတွက် ပထမဆု ငွေကျပ် ခုနစ်သိန်း၊ ဒုတိယဆု ငွေကျပ် ငါးသိန်း၊ တတိယဆုငွေကျပ် လေးသိန်းချီးမြှင့်သွားမည်ဖြစ်သည်။

ပခုက္ကူဦးအုံးဖေစာပေဆု ဘာသာရပ်ငါးမျိုးအတွက် စာပေပြိုင်ပွဲဝင်လိုသူများသည် ၂၀၂၃ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် (သောကြာနေ့) နောက်ဆုံးထား၍ ကိုယ်ရေးရာဇဝင် အပြည့်အစုံ ဓာတ်ပုံနှစ်ပုံဖြင့် ရန်ကုန်တိုင်းဒေသကြီး ကျောက်တံတားမြို့နယ် ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့် အမှတ် (၅၂၉-၅၃၁) ရှိ စာပေဗိမာန်သို့ ပေးပို့ရမည်ဖြစ်သည်။ နယ်မှ ပြိုင်ပွဲဝင်လိုသူများအနေဖြင့် စာတည်းမှူးချုပ် စာပေဗိမာန် အမှတ် ၅၂၉-၅၃၁၊ ၃၇ လမ်းနှင့် ကုန်သည်လမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်သို့ ငွေကျပ် ၁၅၀၀ ဖြင့် ပေးပို့၍ ပြိုင်ပွဲဝင်ပုံစံများနှင့် စည်းကမ်းချက်များကို မှာယူနိုင်ကြောင်း သိရသည်။

သတင်းစဉ်

## ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှ ရှမ်းရိုးမဘိုးဘွားရိပ်သာသို့ အလှူငွေများလှူဒါန်း

နေပြည်တော် စက်တင်ဘာ ၂၃

(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်ရဲတပ်ဖွဲ့၊ ပြည်နယ်ရဲတပ်ဖွဲ့မှူး၏ ဦးဆောင်စီမံဆောင်ရွက်မှုဖြင့် ပြည်နယ်ရဲတပ်ဖွဲ့မှူးရုံးနှင့် ကွပ်ကဲမှုအောက် ရုံး/ရဲစခန်းများ၊ တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင်များက ယနေ့နံနက်ပိုင်းတွင် တောင်ကြီးမြို့ ရှမ်းရိုးမဘိုးဘွားရိပ်သာ၌ အလှူငွေနှင့် လှူဖွယ်ပစ္စည်းများ ပေးအပ်လှူဒါန်းသည်။



အခမ်းအနားသို့ ရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ် တင်ကိုကိုနှင့် ဇနီး၊ ရဲအရာရှိကြီးများ၊ ရဲအရာရှိ/ အခြားအဆင့်တပ်ဖွဲ့ဝင်များက ရှမ်းရိုးမ ဘိုးဘွားရိပ်သာရှိ ဘိုးဘွား ၁၉ ဦးကို အလှူငွေကျပ် ၁၀ သိန်းနှင့် ဆန်၊ ဆီ၊ အာလူး၊ ကြက်သွန်နီ၊ ဆေးဝါး၊ ခေါက်ဆွဲ၊ ကော်ဖီနှင့် စားဖွယ်မုန့်မျိုးစုံ စုစုပေါင်းတန်ဖိုးငွေကျပ် ၂၄၀၇၀၀၀ တို့ကို လှူဒါန်းခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ဂွမြို့နယ်တွင် ဆောင်းရာသီ ဆီထွက်သီးနှံများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့်စီမံကိန်းနှင့်ပတ်သက်၍ လုပ်ငန်းညှိနှိုင်း စည်းဝေး

ဂွ စက်တင်ဘာ ၂၃

ရခိုင်ပြည်နယ် ဂွမြို့နယ်တွင် ၂၀၂၃-၂၀၂၄ ခုနှစ် ဆောင်းရာသီ ဆီထွက်သီးနှံများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ မြို့နယ် ကြီးကြပ်မှုကော်မတီနှင့် မြို့နယ် ဆီစက်လုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယမန်နေ့က မြို့နယ်စိုက်ပျိုးရေး



ဦးစီးမှူးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဇာနည်ကျော်က အမှာစကားပြောကြားပြီး မြို့နယ် စိုက်ပျိုးရေးဦးစီးမှူး ဦးကျော်ထွန်းလင်းက ဆီထွက်သီးနှံများ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ် ကြီးကြပ်မှုကော်မတီနှင့် မြို့နယ် ဆီစက်လုပ်ငန်းရှင်များ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ဆက်လက်ကျင်းပခဲ့ရာ မြို့ရပ်ကွက်၊ ရဟိုင်ကွင်းကျေးရွာ၊ ရွှေဦးကွင်းကျေးရွာ၊ ကိုင်ခုံကျေးရွာနှင့် ရတနာမြိုင်ကျေးရွာများရှိ ဆီစက်လုပ်ငန်းရှင် ခြောက်ဦးအနေဖြင့် ကျေးရွာများတွင် မြေပဲအမှန်တကယ်စိုက်ပျိုးသည့် တောင်သူများကိုသာရွေးချယ်ရန်၊ တောင်သူများလက်ဝယ်သို့ သွင်းအားစုများပေးပြီး တောင်သူများမှ ထွက်လာသည့်သီးနှံများကို တစ်ကေကျပ်သုံးသိန်းနှုန်းဖြင့် ညီမျှသည့် မြေပဲကို ဆီစက်လုပ်ငန်းရှင်များထံ ပေးသွင်းရမည် ဖြစ်ကြောင်းနှင့် ကျပ်သုံးသိန်းဖိုးနှင့် ညီမျှသည့် သွင်းအားစုကို စီမံချက်ရေးဆွဲတင်ပြရန် ဆွေးနွေးကြကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေတင်ဆက်ကြသည့် "ကျေးဇူးသစ္စာ ပန်းအလင်္ကာ" ဂုဏ်ပြုတေးဂီတ ကဇာတ်(ပထမပိုင်း) ကို ကြည့်ရှုအားပေးကြစဉ်။

** ရှေ့ဖုံးမှ*

သဘာပတိများအဖြစ် ဆောင်ရွက်ကြမည့် ပညာရှင်များ၊ စာတမ်းရှင်များ၊ ဝန်ကြီးဌာနအသီးသီးမှ အရာထမ်း၊ အမှုထမ်းများ၊ ဖိတ်ကြားထားသည့်ဧည့်သည်တော်များ တက်ရောက်ကြသည်။

### ကြည့်ရှုလေ့လာ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှ တို့သည် အခမ်းအနားသို့ ရောက်ရှိကြရာ တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။ ထို့နောက် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပြခန်းအတွင်း လှည့်လည်၍ စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ ဘဝမှတ်တမ်းများ၊ မှတ်တမ်းဓာတ်ပုံများ၊ ရေးသားပြုစုတော်မူခဲ့သည့် စာပေနှင့် ပေကျမ်းများ၊ ခေတ်ပြိုင်စာဆိုတော်များ၊ စာဆိုတော် ရှင်မဟာရဋ္ဌသာရကို ဂုဏ်ပြုရေးသားထားသည့် ဆောင်းပါးများ ခင်းကျင်းပြသထားရှိမှုကို စိတ်ဝင်တစားကြည့်ရှုလေ့လာပြီး တာဝန်ရှိသူများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ ပြန်လည်ဆွေးနွေးပြောကြားသည်။

### ရှင်းလင်းတင်ပြ

ထို့နောက် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲဖွင့်ပွဲအခမ်းအနားကို ကျင်းပရာ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် က စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အခမ်းအနားကျင်းပရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်ပြခန်းအတွင်း ကြည့်ရှုလေ့လာစဉ်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်ဇနီး ဒေါ်ကြူကြူလှနှင့် တက်ရောက်လာကြသူများသည် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက ကပြဖျော်ဖြေတင်ဆက်ကြသည့် **"ကျေးဇူးသစ္စာ ပန်းအလင်္ကာ" ဂုဏ်ပြုတေးဂီတ ကဇာတ်**(ပထမပိုင်း) ကို ကြည့်ရှုအားပေးကြသည်။

### ဖတ်ရှုပူဇော်

ဆက်လက်၍ စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲကို စတင်ကျင်းပပြုလုပ်ရာ သမိုင်းသုတေသနနှင့် အမျိုးသားစာကြည့်တိုက်များဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာလဲ့လဲ့ဝင်းက ရှင်မဟာရဋ္ဌသာရ (သမိုင်းအမြင်ဖြင့် လေ့လာခြင်း) စာတမ်းကိုလည်းကောင်း၊ ဦးအမ်းယုမောင် (မောင်လူမွှေး-မြန်မာမှု) က သံဝရပျို့မှ သင်ပုန်းကြီးရေးထုံးသင်ရိုးနှင့် သတ်ပုံရေးထုံးစာတမ်းကိုလည်းကောင်း၊ သမိုင်းသုတေသနနှင့်အမျိုးသားစာကြည့်တိုက်များဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါက်တာထွန်းထွန်းဦး က မြန်မာလူမျိုးတို့ လိုက်နာကျင့်သုံးရသော ကျင့်ဝတ်တရားတို့မှ မင်းတို့ကျင့်ရာသောတရားများ စာတမ်းကို လည်းကောင်း ဖတ်ကြားကြပြီး ပြင်ပပညာရှင် ဦးသူရဇော်က ရဟန်းစာဆိုရှင်မဟာရဋ္ဌသာရ ကို ကဗျာ၊ လင်္ကာရှုထောင့်မှ ဖတ်ရှုပူဇော်သည်။

စာတမ်းများ ဖတ်ကြားမှုအပြီးတွင် တက်ရောက်လာကြသူများ၏ သိရှိလိုသည့် မေးမြန်းမှုများအပေါ် စာတမ်းရှင်များက ပြန်လည်ရှင်းလင်း ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်၏ ဇနီးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ်အဖြစ် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ အနုပညာရှင်များက **"ကျေးဇူးသစ္စာ ပန်းအလင်္ကာ" ဂုဏ်ပြု တေးဂီတ ကဇာတ်** (ဒုတိယပိုင်း) ဆက်လက် ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြသည်။

ကဇာတ်ဖျော်ဖြေတင်ဆက်မှုများ အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်က စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက် မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲတွင် သဘာပတိအဖြစ် ဆောင်ရွက်ခဲ့ကြသည့်ပညာရှင်ကြီးများနှင့် စာတမ်းရှင်များအား ဂုဏ်ပြုလက်ဆောင်များ ပေးအပ်ချီးမြှင့်သည်။

*စာမျက်နှာ ၄ သို့*



စာဆိုတော် ရှင်မဟာရဋ္ဌသာရ ၅၅၅ နှစ်မြောက်မွေးနေ့အထိမ်းအမှတ် စာတမ်းဖတ်ပွဲ ကျင်းပစဉ်။





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ဇနီး ဒေါ်ကြူကြူလှနှင့် အခမ်းအနားတက်ရောက်လာကြသူများ၊ အနုပညာဦးစီးဌာနမှ အနုပညာရှင်များက "ကျေးဇူးသစ္စာ ပန်းအလင်္ကာ" ဂုဏ်ပြုတေးဂီတ ကဇာတ် (ဒုတိယပိုင်း) ဆက်လက်ကပြဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးကြစဉ်။

*စာမျက်နှာ ၃ မှ*

မြန်မာတို့၏ စာပေသမိုင်းတွင် ယနေ့ထက်တိုင် အမြတ်တနိုးတန်ဖိုးထား၍ လေ့လာဖတ်ရှုပြီး အတုယူ စံထားရသည့် စာပေပညာရှင်များ အမြောက်အမြား ပေါ်ထွန်းခဲ့ပြီး မြန်မာစာပေသည် ထေရဝါဒဗုဒ္ဓ သာသနာဆိုင်ရာ စာပေကျမ်းဂန်များနှင့် ယှဉ်တွဲ ပေါ်ထွန်းလာခဲ့သကဲ့သို့ စာပေပညာရှင်စာဆိုတော်ကြီးများတွင် ရဟန်းပညာရှင်၊ လူပညာရှိ၊ မင်းမှုထမ်း၊ နန်းတွင်းသူနှင့် သာမန်အရပ်သူအရပ်သားများလည်း ပါဝင်ခဲ့ကာ ယင်းစာပေပညာရှင်များအနက် အင်းဝခေတ် သက္ကရာဇ် (၈၃၀) က ပေါ်ထွန်းခဲ့သည့် ရှင်မဟာရဋ္ဌသာရသည်လည်း တစ်ပါးအပါအဝင်ဖြစ်သည်။



ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် စာတမ်းရှင်တစ်ဦးအား ဂုဏ်ပြုလက်ဆောင်ပေးအပ်ချီးမြှင့်စဉ်။

စာဆိုတော် ရှင်မဟာရဋ္ဌသာရသည် စံထားလောက်သည့် ဂန္ထဝင်မြောက် ပျို့၊ ကဗျာ၊ လင်္ကာ၊ မော်ကွန်း၊ တောလား အစရှိသည့် မြန်မာစာပေ၏ ကြွယ်ဝလှသည့် စာပေပုံသဏ္ဌာန်မျိုးစုံကို လောကကြောင်း၊ ဓမ္မကြောင်းများနှင့်ယှဉ်၍ ရေးသားစပ်ဆိုခဲ့သည့် စာဆိုတော်ကြီးတစ်ပါးလည်းဖြစ်ပြီး စာဆိုတော် ရှင်မဟာရဋ္ဌသာရ ရေးသားခဲ့သည့် ကဗျာလင်္ကာများအနက် မြန်မာနိုင်ငံ စာပေသင်ကြားမှုသမိုင်းတွင် အထင်ကရရှိခဲ့သည့် သင်ကြားမှုနည်းစနစ်တစ်ခုမှာ **"သု၊ စိ၊ ပု၊ ဘာ၊ ဝိ၊ လိ၊ သိ၊ ခါ" "အက္ခရာစွဲသုံး ဤရှစ်လုံးကို သီကုံးပန်းသွင် နေ့တိုင်းဆင်လော့"** ဟူသည့် ဆုံးမစာလင်္ကာသွားပင်ဖြစ်၍ ယနေ့အထိလည်း ခေတ်မီနေဆဲပင်ဖြစ်သည်။ သုတေယျ–ကြားနာခြင်း၊ စိန္တေယျ–ကြံဆခြင်း၊ ပုစ္ဆေယျ–မေးမြန်းခြင်း၊ ဘာသေယျ– ပြောဆိုဆွေးနွေးခြင်း၊ ဝိစာရေယျ–စူးစမ်းဆင်ခြင်ခြင်း၊ လိခေယျ–ရေးမှတ်ခြင်း၊ သိက္ခေယျ–လေ့ကျင့်ခြင်း၊ ခါရေယျ–နှုတ်တက်အာဂုံဆောင်ခြင်းတို့ပင်ဖြစ်ကာ စာဆိုတော် ရှင်မဟာရဋ္ဌသာရ၏ သမိုင်းကြောင်းများကို အခြေခံ၍ ဆရာတော်ကြီး၏ ဘဝတစ်ဆစ် တစ်ရစ်ကောက်ကြောင်းကို သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန အနုပညာဦးစီးဌာနမှ သဘင်တင်ဆက်မှု အသွင်သဏ္ဌာန်ဖြင့် ယနေ့တွင် ဂါရဝထား ဂုဏ်ပြုကာ ကြိုးပမ်းတင်ဆက်ခဲ့ခြင်းဖြစ်ကြောင်းနှင့် ဆရာတော်ကြီး၏ ခိုင်မြဲတည်ကြည်သည့် စာပေကျေးဇူးသည် မြန်မာစာပေသမိုင်းအတွက် တုနှိုင်း၍မရနိုင်ဘဲ အလင်္ကာပန်းရနံ့ပမာ ယနေ့ထက်တိုင် သင်းပျံ့နေဆဲဖြစ်သည့်အတွက် **"ကျေးဇူးသစ္စာ ပန်းအလင်္ကာ"** ဟူသည့် ဂုဏ်ပြုတေးဂီတ ကဇာတ်ဖြင့် တင်ဆက်ခဲ့ခြင်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နမ့်စန်မြို့၊ မော်ဘီမြို့၊ မုံရွာမြို့နယ်၊ ကလေးမြို့နှင့် အမရပူရမြို့နယ်တို့၌ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်များမှ သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ၊ ဒေသခံပြည်သူများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ နယ်မြေခံဆေးကုသရေးအဖွဲ့များက လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ ပန်လင်းဆိုင်ကျေးရွာရှိ ဒေသခံတိုင်းရင်းသား ၆၈၂ ဦးတို့ကို အရှေ့အလယ်ပိုင်း တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိ ဘုရားဖြူစေတီတော်ဓမ္မာရုံ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး မော်ဘီမြို့နယ် မြောင်းတကာကျေးရွာရှိ ဒေသခံပြည်သူ ၁၉၃ ဦးတို့ကို ရန်ကုန်တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျေးရွာရှိကျေးလက်ကျန်းမာရေးဆေးပေးခန်း၌ လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့နယ် ဇီးတောကျေးရွာနှင့် ကလေးမြို့ အောင်မေတ္တာရပ်ကွက်ရှိ ဒေသခံပြည်သူ ၂၆၂ ဦးတို့ကို အနောက်မြောက် တိုင်းစစ်ဌာနချုပ် နယ်မြေခံဆေးကုသရေးအဖွဲ့များက သတ်မှတ်နေရာများ၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် စံပြကွက်သစ်ရပ်ကွက်ရှိ ပတ္တမြားရိပ်သာကျောင်းတိုက်မှ သံဃာ



တော် ၃၂ ပါး၊ သာသနာ့နွယ်ဝင် သီလရှင် ၁၀ ပါးနှင့် ဒေသခံပြည်သူ ၁၂၃ ဦးတို့ကို အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံဆေးကုသရေးအဖွဲ့က အဆိုပါကျောင်းတိုက်၌လည်းကောင်း အရိုးအကြောရောဂါ၊ သွားနှင့် ခံတွင်းရောဂါ၊ မျက်စိရောဂါ၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ၊ ခွဲစိတ်ကုသမှုဆိုင်ရာရောဂါ၊ ကလေးရောဂါ၊ သွေးတိုးရောဂါ၊ သားဖွားမီးယပ်ရောဂါ၊ အစာအိမ်နှင့် အူလမ်းကြောင်းဆိုင်ရာရောဂါ၊ အထွေထွေရောဂါတို့နှင့်ပတ်သက်၍ လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ECG၊ Ultrasound စက်တို့ဖြင့် ရောဂါရှာဖွေစမ်းသပ်ခြင်း၊ ဆီးချို၊ သွေးချိုနှင့် သွေးအုပ်စုများ စစ်ဆေးပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သူများကို နယ်မြေခံတပ်မတော်ဆေးရုံများသို့ တက်ရောက်ကုသနိုင်ရေး စီစဉ်ဆောင်ရွက်ပေးခြင်းနှင့် ကျန်းမာရေးအသိပညာပေးဟောပြော ဆွေးနွေးခြင်းများ ဆောင်ရွက်ပေးသည်။ ထို့ပြင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံရန် ကျန်ရှိသူများအား ကိုဗစ်–၁၉ ရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းများ ဆောင်ရွက်ပေးသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာတိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး လိုအပ်သည များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဘိုကလေးမြို့နယ်အတွင်းရှိ ဂုံမင်းချောင်းတံတား ချဉ်းကပ်လမ်းမြေနေရာ ရရှိနိုင်မည့်အခြေအနေအား တာဝန်ရှိသူများ ကွင်းဆင်းဆောင်ရွက်ပေး

**ဘိုကလေး စက်တင်ဘာ ၂၃**

ကျေးလက်နေပြည်သူများ သွားလာမှုအဆင်ပြေပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အားထားရမည့် ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ်အတွင်းရှိ ဂုံမင်းချောင်းတံတား ချဉ်းကပ်လမ်းမြေနေရာရရှိနိုင်မည့်အခြေအနေကို ယမန်နေ့နံနက် ၁၀ နာရီက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးထွန်းနိုင်၊ စစ်ဆေးရေးအရာရှိချုပ် ဦးရဲခေါင်ထွန်း၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး (မြို့ပြ) ဦးမင်းသိန်းနှင့် တာဝန်ရှိသူများက ဒေသခံများနှင့်တွေ့ဆုံညှိနှိုင်းကာ ချဉ်းကပ်လမ်း (Geometric Design) များ အမြန်ဆုံးရရှိနိုင်ရေး ဆောင်ရွက်ပေးခဲ့ပြီး လိုအပ်သည်များကို မှာကြားသည်။

ယခုဘဏ္ဍာရေးနှစ်တွင် ဘိုကလေးမြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနအနေဖြင့် ပြည်သူများ၏လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ကွန်ကရစ်လမ်း တစ်လမ်း(၀/၂)မိုင်၊ ကျောက်ချောလမ်း သုံးလမ်း (၁/၄ ဒသမ ၂၄)မိုင် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း သိရသည်။

**မိုးစက်(ပြန်/ဆက်)**



# ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး Global Sustainable Transport. Forum သို့ တက်ရောက်ရန် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**နေပြည်တော် စက်တင်ဘာ ၂၃**
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင်၊ ဒုတိယဝန်ကြီးချုပ်နှင့် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး ခေါင်းဆောင်သော ကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပို့ဆောင်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Mr. Li Xiaopeng ၏ ဖိတ်ကြားမှုအရ စက်တင်ဘာ ၂၅ ရက်မှ ၂၆ ရက်အထိ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် Global Sustainable Transport. Forum သို့ တက်ရောက်ရန် ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့မှ တရုတ်နိုင်ငံသို့ လေကြောင်းခရီးဖြင့်ထွက်ခွာသွားသည်။

အဆိုပါ ပြည်ထောင်စုဝန်ကြီးနှင့်ကိုယ်စားလှယ်အဖွဲ့ကို ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများနှင့် ဝန်ကြီးဌာနမှတာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြသည်။

ခရီးစဉ်တွင် ဒုတိယဝန်ကြီးချုပ်နှင့်အတူ ကုန်းလမ်းပို့ဆောင်ရေး ညွှန်ကြားမှုဦးစီးဌာနနှင့် မြန်မာ့မီးရထားတို့မှ ဌာနအကြီးအကဲများနှင့် အဆင့်မြင့်အရာရှိကြီးများ လိုက်ပါသွားကြကြောင်း သိရသည်။ **သတင်းစဉ်**



# ရှမ်းပြည်နယ် (တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းသား ကျောင်းသူများအား အာဟာရပြည့် နွားနို့နှင့် ကြက်ဥများတိုက်ကျွေးခြင်း School Milk Program ပြုလုပ်

**နေပြည်တော် စက်တင်ဘာ ၂၃**
ကျောင်းသား ကျောင်းသူ၊ လူငယ်၊ လူရွယ်များအား ကျန်းမာသန်စွမ်းပြီး ဗလငါးတန်နှင့် ပြည့်စုံ၍ ပညာရေးတွင် ထူးချွန်သည့် လူငယ်၊ လူရွယ်များ ဖြစ်လာစေရန်၊ နိုင်ငံတော်အတွက် အားကိုးအားထားရသည့် လူငယ်၊ လူရွယ်များဖြစ်လာစေရန် ရည်ရွယ်၍ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနနှင့် SunJin Myanmar Company တို့ ပူးပေါင်းပြုလုပ်သည့် ကျောင်းသား ကျောင်းသူများအား အာဟာရပြည့် နွားနို့နှင့် ကြက်ဥများ တိုက်ကျွေးခြင်း School Milk Program ကို ယနေ့နံနက်ပိုင်းက ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်မြို့ရှိ အခြေခံပညာအထက်တန်းကျောင်း၌ပြုလုပ်ရာ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် မျိုးမင်းထွန်းနှင့်အတူ တိုင်းစစ်ဌာနချုပ်မှ အရာရှိကြီးများ၊ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ တာဝန်ရှိသူများ၊ ခရိုင်/မြို့နယ် ပညာရေးမှူးများ၊ SunJin myanmar Company မှ တာဝန်ရှိသူများ၊ ကျောင်းဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။



ဦးစွာ တိုင်းမှူးက School Milk Program ပြုလုပ်ရခြင်းနှင့် ပတ်သက်၍အဖွင့်အမှာစကားများ ပြောကြားပြီး တိုင်းမှူးနှင့်တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများအား အာဟာရပြည့်နွားနို့နှင့် ကြက်ဥများကို အသီးသီး ပေးအပ်ကြသည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများက ကျောင်းသား ကျောင်းသူများကို အာဟာရပြည့်နွားနို့နှင့် ကြက်ဥများအား လိုက်လံပေးဝေခဲ့ကြပြီး စာသင်ဆောင်များအတွင်း လိုက်လံကြည့်ရှုခဲ့ကြကြောင်းနှင့် အဆိုပါ School Milk Program တွင် ကျောင်းသား ကျောင်းသူ ၁၇၁၄ ဦးကို အာဟာရပြည့်နွားနို့ ၁၃၅ ပိဿာနှင့် ကြက်ဥ ၁၇၁၄ လုံး တို့ကို ကျွေးမွေးနိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



(၅၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် အမ်းခရိုင်ရဲတပ်ဖွဲ့မှ ခေတ္တခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူး ဇော်မင်းဦးနှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး မင်းဦး ဦးဆောင်မှုဖြင့် အမ်းခရိုင်ရှိ ရဲတပ်ဖွဲ့ဝင်များနှင့် အိမ်ထောင်သည်ရဲမေများ အမ်းခရိုင် အမှတ်(၂) တပ်မတော်ဆေးရုံ (ခုတင် ၃၀၀)၌ စက်တင်ဘာ ၂၃ ရက်တွင် စုပေါင်းသွေးလှူဒါန်းကြစဉ်။ စိုးမင်းထွန်း (ပြန်/ဆက်)



အောက်တိုဘာ ၁ ရက်နေ့တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရခိုင်ပြည်နယ် မောင်တောမြို့၌ စက်တင်ဘာ ၂၃ ရက်က အမှတ်(၂)နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှ ရဲမှူးလေးမြင့်နှင့် အမှတ် (၅) နယ်ခြားစောင့် ရဲတပ်ဖွဲ့ခွဲမှ ယာယီရဲမှူး မောင်မောင်စိုးသင်တို့ ဦးဆောင်သော နယ်ခြားစောင့် ရဲတပ်ဖွဲ့ဝင်များ ပြည်သူ့ဆေးရုံခြံဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် လားရှိုးပြည်သူ့ဆေးရုံကြီး၌ ရှမ်းပြည်နယ် ဒုတိယရဲတပ်ဖွဲ့(လားရှိုး) မှ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်

**လားရှိုး စက်တင်ဘာ ၂၃**
(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ယနေ့ နံနက်ပိုင်းက လားရှိုးပြည်သူ့ဆေးရုံကြီး၌ ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ပွဲတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တပ်မတော်သား ၂၀၊ လားရှိုးမြို့ပေါ်တာဝန်ကျ ရုံး/ရဲစခန်း၊တပ်ဖွဲ့များမှ တပ်ဖွဲ့ဝင် စုစုပေါင်း ၁၆၅ ဦးတို့က ဆေးရုံကြီးဝင်းအတွင်း/ အပြင် သန့်ရှင်းသာယာလှပရေးအတွက် ဆောင်ရွက်ခြင်း၊ ဆေးရုံ အဆောက်အအုံများပေါ်ရှိ အမှိုက်များ၊ သစ်ရွက်ခြောက်များကို ဖယ်ရှားရှင်းလင်းခြင်း ဆောင်ရွက်ကြသည်။

အဆိုပါ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ ဂုဏ်ပြုစုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာတွင် အရှေ့မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းဦးစီးချုပ် ဗိုလ်မှူးချုပ် ထွန်းထွန်းမြင့်၊ ပြည်နယ်ဒုတိယရဲတပ်ဖွဲ့မှူး(လားရှိုး) ရဲမှူးကြီး လှမင်း တို့နှင့်အတူ တပ်ဖွဲ့များမှ ရဲအရာရှိကြီးများ၊ ဆေးရုံအုပ်ကြီး ဒေါက်တာ လှထွန်းနှင့် တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုအားပေးကာ အကြော်၊ လက်ဖက်ရည်တို့ဖြင့် ဧည့်ခံကျွေးမွေးခဲ့သည်။ **ခရိုင် (ပြန်/ဆက်)**



## မှတ်သားဖွယ်ရာမိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၂၃**
မှတ်သားဖွယ်ရာမိုးရေချိန်များမှာ ထီးလင်းမြို့တွင် ၂ ဒသမ ၀၀ လက်မ၊ ကျောက်ဆည်(လွန်ကျော်)တွင် ၁ ဒသမ ၉၃ လက်မ၊ ရမ်းဗြဲမြို့တွင် ၁ ဒသမ ၉၀ လက်မ၊ ကျိုက်ဒိုမြို့တွင် ၁ ဒသမ ၈၈ လက်မ၊ မိုးမိတ်(မြစ်ဆုံ)တွင် ၁ ဒသမ ၈၅ လက်မ၊ ကော့ကရိတ်မြို့တွင် ၁ ဒသမ ၇၇ လက်မ၊ သထုံမြို့တွင် ၁ ဒသမ ၀၆ လက်မနှင့် ဟုမ္မလင်းမြို့တွင် ၀ ဒသမ ၉၈ လက်မတို့ ဖြစ်ကြသည်။ **မိုး/ဇလ**

၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့ ဂုဏ်ပြုဆောင်းပါး

# ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေး အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများ မြှင့်တင်ပေး (တတိယဆု)

မောင်အောင် (ခရီးသွား)

**ကမ္ဘာ့နိုင်ငံများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်များတွင် ခရီးသွားလုပ်ငန်းသည် မီးခိုးမထွက်သော စက်ရုံအဖြစ် အဓိကအခန်းကဏ္ဍမှ ပါဝင်ခဲ့ပါသည်။ ယနေ့ခေတ်တွင် ခရီးသွားလုပ်ငန်းသည် ကမ္ဘာကြီး၏ ငြိမ်းချမ်းရေးကဏ္ဍ၊ လူသားတို့အကြားချစ်ကြည်စွာ ကူးလူးဆက်ဆံမှုနှင့် ယဉ်ကျေးမှုဖလှယ်ရေးကဏ္ဍ၊ ပညာရေးနှင့် ကျွမ်းကျင်မှုဖွံ့ဖြိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ရာသီဥတုပြောင်းလဲမှုကို တုံ့ပြန်ရေးကဏ္ဍ၊ အခြေခံအဆောက်အဦများ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍ၊ နည်းပညာ၊ ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်မှုကဏ္ဍ၊ အလုပ်အကိုင်အခွင့်အလမ်းနှင့် ဒေသခံတို့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှုကဏ္ဍတို့တွင် အရေးပါသောမဏ္ဍိုင်တစ်ရပ်အဖြစ် ရပ်တည်လျက်ရှိပါသည်။ ထို့အပြင် ကမ္ဘာ့ကုလသမဂ္ဂမှ ချမှတ်ထားသော လူသား၊ ကမ္ဘာမြေနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် ၂၀၃၀ ပြည့်နှစ် အစီအစဉ်နှင့် ရေရှည်တည်တံ့သော ဖွံ့ဖြိုးမှုပန်းတိုင်များကို ရောက်ရှိစေရန်အတွက် အဓိက မောင်းနှင်အားတစ်ရပ်လည်း ဖြစ်ပါသည်။**

### အဓိကမဏ္ဍိုင်ကြီး (၃) ရပ်

ထိုရည်မှန်းချက်များ အောင်မြင်စေရန်အတွက် ခရီးသွားလုပ်ငန်းမှ ပင်မမဏ္ဍိုင်အဖြစ် ပံ့ပိုးပြီး အကောင်အထည်ဖော်လျက်ရှိရာမှ ကိုဗစ်-၁၉ ကမ္ဘာ့ကပ်ရောဂါ၏ ရိုက်ခတ်မှုများကြောင့် အရှိန်အဟုန်များ ရပ်တန့်ခဲ့ရပါသည်။ ထို့ကြောင့် ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်မှ ခရီးသွားလုပ်ငန်း၏ ယခင်မောင်းနှင်အား အရှိန်အဟုန်နှင့် ဖွံ့ဖြိုးမှုကို ပြန်လည်ရရှိရန်အတွက် ပညာရေးနှင့်ကျွမ်းကျင်မှု ဖွံ့ဖြိုးရေးကဏ္ဍ၊ သဘာဝပတ်ဝန်းကျင်နှင့် အခြေခံအဆောက်အဦကဏ္ဍ၊ နည်းပညာ၊ ဆန်းသစ်မှုနှင့် စွန့်ဦးတီထွင်မှုကဏ္ဍ စသောကဏ္ဍကြီး (၃) ရပ်တွင် ရင်းနှီးမြှုပ်နှံမှုများကို မြှင့်တင်ကြရန် အကြံပြု တိုက်တွန်းလျက်ရှိပါသည်။

### ယခင်ဖွံ့ဖြိုးမှုအခြေအနေသို့ ၂၀၂၄ ခုနှစ်တွင် ပြန်လည်ရောက်ရှိမည်

ကမ္ဘာ့ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၏ ၂၀၂၃ ခုနှစ် မေလတွင် ထုတ်ပြန်သော စာရင်းများအရ ကမ္ဘာတစ်ဝန်းလုံးတွင် ၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ မတ်လအထိ ပထမသုံးလပတ်အတွင်း နိုင်ငံတကာခရီးသည်ပေါင်း ၂၃၅ သန်း လည်ပတ်ခဲ့ကြပြီး ကိုဗစ်-၁၉ ကပ်ရောဂါ မဖြစ်ပွားမီ ၂၀၁၉ ခုနှစ် ဝင်ရောက်မှု၏ ၈၀ ရာခိုင်နှုန်းအထိ ပြန်လည်ကောင်းမွန်နေပြီဖြစ်ပါသည်။ ၂၀၂၄ ခုနှစ်တွင် ၂၀၁၉ ခုနှစ် နိုင်ငံတကာခရီးသည် ဝင်ရောက်မှုပမာဏဖြစ်သော ၁၄၆၅ သန်းသို့ ပြန်လည်ရောက်ရှိနိုင်မည်ဟုလည်း ခန့်မှန်းထားရှိပါသည်။ ထို့အပြင် ကမ္ဘာ့ခရီးသွားလုပ်ငန်း ကောင်စီ၏ ခန့်မှန်းချက်အရ ၂၀၂၃ ခုနှစ် ကမ္ဘာ့ဂျီဒီပီတွင် ခရီးသွားလုပ်ငန်း၏ ပါဝင်မှုသည် အမေရိကန်ဒေါ်လာ ၉ ဒသမ ၅ ထရီလီယံခန့်ရှိမည်ဖြစ်၍ ၂၀၁၉ ခုနှစ်ကို မီရန်အတွက် ၅ ရာခိုင်နှုန်းခန့်သာ လိုတော့မည်ဖြစ်ကြောင်း၊ လက်ရှိတွင် နိုင်ငံပေါင်း ၃၄ နိုင်ငံသည် ၂၀၁၉ ခုနှစ်ထက် ကျော်လွန်နေပြီဖြစ်ကြောင်း ပြောဆိုထားပါသည်။

၂၀၁၉ ခုနှစ်တွင် ခရီးသွားနှင့် သက်ဆိုင်သော အလုပ်အကိုင်ပေါင်း ၃၃၄ သန်းရှိခဲ့ပြီး ကိုဗစ်-၁၉



ရိုးရာအဝတ်အထည်နှင့် အသုံးအဆောင်များ ရက်လုပ်နေသည့် ကယန်းအမျိုးသမီးနှစ်ဦးကို တွေ့ရစဉ်။
ဓာတ်ပုံ - ဟိုတယ်/ခရီး

ကပ်ရောဂါနှင့် စီးပွားရေးကျဆင်းမှုများကြောင့် အလုပ်အကိုင်ပေါင်း သန်း ၇၀ ကျော် ဆုံးရှုံးခဲ့ရပါသည်။ ၂၀၂၁ ခုနှစ်တွင် ခရီးသွားအလုပ်အကိုင်ပေါင်း ၁၁ သန်းကျော် ပြန်လည်ဖန်တီးပေးနိုင်ခဲ့ပြီး ၂၀၂၂ ခုနှစ်တွင် ၂၁ ဒသမ ၆ သန်းကျော် ဖန်တီးနိုင်ခဲ့၍ ယခုအခါ ခရီးသွားကဏ္ဍမှ အလုပ်အကိုင်ပေါင်း ၂၉၅ သန်းကျော် ပြန်လည်ရရှိလာပြီဖြစ်ကြောင်း ကမ္ဘာ့ခရီးသွားလုပ်ငန်းကောင်စီက ပြောကြားထားပါသည်။

မြန်မာနိုင်ငံတွင် ၂၀၁၉ ခုနှစ်က ကမ္ဘာလှည့် ခရီးသွားပေါင်း ၄ ဒသမ ၃၆ သန်း ဝင်ရောက်ခဲ့ပြီး ဝင်ငွေ အမေရိကန်ဒေါ်လာ ၂၈၁၈ သန်းရရှိခဲ့ရာမှ ၂၀၂၁ ခုနှစ်တွင် ကမ္ဘာလှည့် ခရီးသွားဦးရေ ၀ ဒသမ ၁၃ သန်းအထိ ကျဆင်းသွားခဲ့ပါသည်။ ၂၀၂၂ ခုနှစ်တွင် ကမ္ဘာလှည့်ခရီးသည်ပေါင်း ၀ ဒသမ၂၃၃ သန်းကျော် ဝင်ရောက်ခဲ့၍ ဝင်ငွေအမေရိကန်ဒေါ်လာ ၂၄၉ သန်း ရရှိခဲ့သည်ဟု ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ ထုတ်ပြန်ချက်များအရ သိရှိရပါသည်။

### ဦးစားပေးအကောင်အထည်ဖော်ရမည့် ကဏ္ဍများ

ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ကုလသမဂ္ဂမှ ချမှတ်ထားသော ဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိရန်အတွက် အဟန့်အတားများကို အမြန်ဆုံးဖြေရှင်းနိုင်သော ကဏ္ဍတစ်ရပ်လည်းဖြစ်ပါသည်။ ၂၀၂၃ ခုနှစ် အိန္ဒိယနိုင်ငံ ဂိုအာမြို့တွင် ကျင်းပခဲ့သော ဂျီ-၂၀ ခရီးသွားလုပ်ငန်းဝန်ကြီးများ အစည်းအဝေးတွင် ဂိုအာခရီးသွားလုပ်ငန်း လမ်းပြမြေပုံအား ကြိုဆိုခဲ့ကြပြီး ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိရန်အတွက် အဓိကမောင်းနှင်အား တစ်ရပ်အဖြစ် လက်ခံခဲ့ကြပါသည်။ အစိမ်းရောင်ခရီးသွားလုပ်ငန်း၊ ဒစ်ဂျစ်တယ်အသွင် ကူးပြောင်းမှု၊ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ ခရီးသွားလုပ်ငန်းဆိုင်ရာ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ၊ ခရီးစဉ်ဒေသစီမံခန့်ခွဲမှု စသည်တို့ကို ဦးစားပေးနယ်ပယ်များအဖြစ် သတ်မှတ်ခဲ့ပြီး အစိုးရ၊ ပုဂ္ဂလိကနှင့် ခရီးသွားလုပ်ငန်းတွင် ပါဝင်ပတ်သက်နေသူအားလုံး အတူတကွ ပူးပေါင်းဆောင်ရွက်ကြရန် မီးမောင်းထိုးပြခဲ့ပါသည်။ အဆိုပါ ခရီးသွားလုပ်ငန်းလမ်းပြမြေပုံ၏ ဦးစားပေးနယ်ပယ်များတွင် လူသား၊ ကမ္ဘာမြေကြီးနှင့် ကြွယ်ဝချမ်းသာမှုတို့အတွက် အစိမ်းရောင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရန်ပါရှိပါသည်။

ပညာရေးနှင့်ကျွမ်းကျင်မှုဖွံ့ဖြိုးရေးကဏ္ဍသည် ကမ္ဘာ့ကုလသမဂ္ဂ၏ ဖွံ့ဖြိုးမှုပန်းတိုင် (၁၇) ရပ်အနက် ဆင်းရဲမှုပပျောက်ရေး၊ အရည်အသွေးကောင်းမွန်သောပညာရေး၊ ကျား/မ တန်းတူညီမျှရေး၊ ကောင်းမွန်သောအလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးမှု၊ တီထွင်ဆန်းသစ်မှု၊ မညီမျှမှုများလျှော့ချရေး၊ ရေရှည်တည်တံ့သော မြို့တော်များနှင့် လူမှုအဖွဲ့အစည်းများ၊ ပူးပေါင်းဆောင်ရွက်မှု စသော ပန်းတိုင်ရှစ်ခုကို အကောင်အထည်ဖော်ရာတွင် အဓိကကျသော ပထမဦးစားပေးကဏ္ဍအဖြစ် ပါဝင်လျက်ရှိပါသည်။ ခရီးသွားလုပ်ငန်း၏ အမျိုးမျိုးသော အလုပ်အကိုင်လိုအပ်ချက်များကို ဖြည့်ဆည်းရန်နှင့် ကြံ့ကြံ့ခံနိုင်သော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရန်အတွက် ကျွမ်းကျင်မှုမြှင့်တင်ရေး၊ ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ ကျွမ်းကျင်မှုအသစ်များ သင်ကြားနိုင်ရေးတို့တွင် ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ရမည်ဖြစ်ပါသည်။ ခရီးသွားလုပ်ငန်းအလုပ်အကိုင်များမှ စွန့်ခွာသွားသူများနှင့် ပါရမီစွမ်းရည်ရှိသူများအား ဆွဲဆောင်နိုင်မည့် အလုပ်အကိုင်ဝန်းကျင်ကောင်းများကို ဖန်တီးပေးရန် လိုအပ်ပါသည်။ ဒေသခံများနှင့် အခွင့်အလမ်းနည်းပါးသော အုပ်စုများအတွက် ခရီးသွားလုပ်ငန်းတွင် ပါဝင်နိုင်ရန် သင်တန်းများဖွင့်လှစ်သင်ကြားပေးပြီး အလုပ်အကိုင်အခွင့်အလမ်းများကို ဖန်တီးပေးရမည်ဖြစ်ပါသည်။

ဒုတိယကဏ္ဍအနေဖြင့် ကမ္ဘာမြေစိမ်းလန်းသာယာရေးအတွက် ရေရှည်တည်တံ့သော အခြေခံအဆောက်အဦများနှင့် သဘာဝသယံဇာတစီမံခန့်ခွဲမှုများဖြင့် အစိမ်းရောင်ခရီးသွားလုပ်ငန်းအဖြစ် အသွင်ကူးပြောင်းမှုဖြစ်ပါသည်။ သန့်ရှင်းသော စွမ်းအင်အရင်းအမြစ်၊ တီထွင်ဆန်းသစ်မှုနှင့် အခြေခံအဆောက်အဦ၊ ရေရှည်တည်တံ့သော မြို့တော်များနှင့် လူမှုအဖွဲ့အစည်းများ၊ တာဝန်သိသော ထုတ်လုပ်စားသုံးမှုများ၊ ရာသီဥတုပြောင်းလဲမှုတုံ့ပြန်ရေး၊ သက်ရှိအဏ္ဏဝါသယံဇာတများ၊ လူနေမှုဘဝများ စသော ဖွံ့ဖြိုးရေးပန်းတိုင်ခုနစ်ခုကို အထောက်အကူပြုလျက်ရှိပါသည်။ ရေရှည်တည်တံ့သော၊ တာဝန်သိသော၊ ကြံ့ကြံ့ခံနိုင်သော ခရီးသွားလုပ်ငန်းကို ဖော်ဆောင်ရန်အတွက် သဘာဝပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေဖြစ်မည့် ရေရှည်တည်တံ့သော အခြေခံအဆောက်အဦများနှင့် လုပ်ငန်းများအဖြစ် ပြောင်းလဲရမည်ဖြစ်ပါသည်။ ကာဗွန်ထုတ်လွှတ်မှုကို လျှော့ချနိုင်မည့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများ၊ လေထုနှင့် ရေထုညစ်ညမ်းမှုများကို လျှော့ချနိုင်မည့် နည်းလမ်းများ၊ ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်နှင့် စွန့်ပစ်ပစ္စည်းကို ပြန်လည်အသုံးပြုနိုင်သော လုပ်ငန်းများကို အားပေးရမည်ဖြစ်ပါသည်။

တတိယကဏ္ဍအနေဖြင့် ဒစ်ဂျစ်တယ်နည်းပညာနှင့် တီထွင်ဆန်းသစ်မှု၊ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများနှင့် စွန့်ဦးတီထွင်မှုလုပ်ငန်းများကို ပံ့ပိုးမြှင့်တင်ပေးခြင်းဖြစ်ပါသည်။ MSMEs လုပ်ငန်းများသည် ခရီးသွားလုပ်ငန်းတွင် ၈၀ ရာခိုင်နှုန်းအထိ ပါဝင်နေပြီး ခရီးသွားအလုပ်အကိုင် ထက်ဝက်ခန့်သည် အဆိုပါ MSMEs လုပ်ငန်းများမှ ဖန်တီးပေးထားခြင်းဖြစ်ပါသည်။ ကောင်းမွန်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ တီထွင်ဆန်းသစ်မှု၊ ရေရှည်တည်တံ့သော မြို့တော်များနှင့် လူမှုအဖွဲ့အစည်းများ၊ မညီမျှမှုများလျှော့ချရေး၊ ပူးပေါင်းဆောင်ရွက်မှု စသော ပန်းတိုင်ငါးခုကို အထောက်အကူပြုလျက်ရှိပါသည်။ ဒစ်ဂျစ်တယ်အသွင်ကူးပြောင်းမှုနှင့် ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်နှင့် လိုက်ဖက်မှုရှိသော၊ တီထွင်ဆန်းသစ်မှုကို ဦးတည်သည့်လုပ်ငန်းများ ဖြစ်ထွန်းလာစေရန် ပံ့ပိုးကူညီဆောင်ရွက်ပေးရမည် ဖြစ်ပါသည်။

### မြန်မာနိုင်ငံနှင့် အစိမ်းရောင်ခရီးသွားလုပ်ငန်း

မြန်မာနိုင်ငံအနေဖြင့်လည်း ခရီးသွားလုပ်ငန်းကဏ္ဍတွင် ကျွမ်းကျင်မှုဖွံ့ဖြိုးရေး၊ သက်မွေးပညာနှင့် အဆင့်မြင့်ပညာရပ်များ ထွန်းကားရေးအတွက် ပညာရေးဝန်ကြီးဌာန၊ မြန်မာနိုင်ငံကျွမ်းကျင်မှု "စံ" သတ်မှတ်ပြဋ္ဌာန်းရေးအဖွဲ့၊ သက်မွေးပညာဦးစီးဌာန အစရှိသော

*စာမျက်နှာ ၇ သို့*

*** ခရီးသွားလုပ်ငန်းသည် ကမ္ဘာ့စီးပွားရေးကျဆင်းမှုနှင့် ကုလသမဂ္ဂမှ ချမှတ်ထားသော ဖွံ့ဖြိုးမှုပန်းတိုင်များသို့ ရောက်ရှိရန်အတွက် အဟန့်အတားများကို အမြန်ဆုံးဖြေရှင်းနိုင်သော ကဏ္ဍတစ်ရပ်လည်းဖြစ်**

*** MSMEs လုပ်ငန်းများသည် ခရီးသွားလုပ်ငန်းတွင် ၈၀ ရာခိုင်နှုန်းအထိ ပါဝင်နေပြီး ခရီးသွားအလုပ်အကိုင် ထက်ဝက်ခန့်သည် အဆိုပါ MSMEs လုပ်ငန်းများမှ ဖန်တီးပေးထားခြင်းဖြစ်ပါသည်။ ကောင်းမွန်သော အလုပ်အကိုင်နှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ တီထွင်ဆန်းသစ်မှု၊ ရေရှည်တည်တံ့သော မြို့တော်များနှင့် လူမှုအဖွဲ့အစည်းများ၊ မညီမျှမှုများလျှော့ချရေး၊ ပူးပေါင်းဆောင်ရွက်မှု စသော ပန်းတိုင်ငါးခုကို အထောက်အကူပြုလျက်ရှိ**

# (၇) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး ($7^{th}$ AMRI+3)သို့ ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း တက်ရောက်

**ဒါနန်း စက်တင်ဘာ ၂၃**

(၇) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး($7^{th}$ AMRI+3)ကို ဗီယက်နမ်နိုင်ငံ ဒါနန်းမြို့၌ ယနေ့တွင် ကျင်းပရာ အာဆီယံနိုင်ငံများနှင့် မိတ်ဖက်သုံးနိုင်ငံမှ ပြန်ကြားရေးဝန်ကြီးများနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း ဦးဆောင်၍ ဗီယက်နမ်နိုင်ငံဆိုင်ရာမြန်မာသံအမတ်ကြီး ဦးကျော်စိုးဝင်း၊ အမြဲတမ်းအတွင်းဝန် ဦးမျိုးမြင့်မောင်နှင့် ကိုယ်စားလှယ်အဖွဲ့ တက်ရောက်ကြသည်။ **(ယာပုံ)**



အစည်းအဝေးတွင် AMRI ဥက္ကဋ္ဌ ဗီယက်နမ်နိုင်ငံ ပြန်ကြားရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဝန်ကြီး H.E. Nguyen Manh Hung၊ ပူးတွဲဥက္ကဋ္ဌများဖြစ်သော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ကောင်စီပြန်ကြားရေးဝန်ကြီး Mr. SUN YELI၊ ဂျပန်နိုင်ငံ ပြည်တွင်းရေးရာနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနမှ ညွှန်ကြားရေးမှူးချုပ် Mr. Nomura Eigo နှင့် ကိုရီးယားသမ္မတနိုင်ငံ ယဉ်ကျေးမှု၊ အားကစားနှင့် ခရီးသွားလာရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူး Mr. Nam Chanwoo တို့က အမှာစကား ပြောကြားကြသည်။

### ဆွေးနွေးသဘောတူ

ဆက်လက်ပြီး အိမ်ရှင် ဗီယက်နမ်နိုင်ငံက သတင်းအချက်အလက်နှင့် မီဒီယာများမှတစ်ဆင့် အာဆီယံ + ၃ ပူးပေါင်းဆောင်ရွက်မှု တိုးမြှင့်ရေးလုပ်ငန်းစီမံချက် ၂၀၁၈-၂၀၂၃ အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေကို တင်ပြရာ အဆိုပါလုပ်ငန်းစီမံချက်များအား ၂၀၂၅ ခုနှစ်အထိ သက်တမ်းတိုးနိုင်ရန် တက်ရောက်လာသည့် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံများမှ ဝန်ကြီးများက ဆွေးနွေးသဘောတူခဲ့ကြသည်။

ထို့နောက် (၁၆)ကြိမ်မြောက် အာဆီယံ ပြန်ကြားရေးဝန်ကြီးများ (AMRI) ၏ အစည်းအဝေးနှင့် ဆက်စပ်အစည်းအဝေးများနှင့် ပတ်သက်သည့် ပူးတွဲမီဒီယာ ထုတ်ပြန်ချက်မူကြမ်းနှင့် အထွေထွေကိစ္စရပ်များအပေါ် သဘောတူခဲ့ကြသည်။

အာဆီယံဒေသတွင်း လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးများမြှင့်တင်ပေးရန်၊ မီဒီယာပူးပေါင်းဆောင်ရွက်မှုများ ပိုမိုမြှင့်တင်ဆောင်ရွက်ရန်နှင့် New Media အပါအဝင် မီဒီယာကွန်ရက်ချိတ်ဆက်မှုများ တိုးမြှင့်ဆောင်ရွက်ရန်တို့အတွက် မဟာဗျူဟာများချမှတ်၍ လက်ရှိလုပ်ငန်းစီမံချက်ကို ၂၀၂၅ အထိ သက်တမ်းတိုးရန် အတည်ပြုကြသည်။

ဆက်လက်ပြီး အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် ဘရူနိုင်းနိုင်ငံက (၈) ကြိမ်မြောက် အာဆီယံနှင့် မိတ်ဖက်သုံးနိုင်ငံ ပြန်ကြားရေးဝန်ကြီးများ၏ အစည်းအဝေး ($8^{th}$ AMRI+3) ကျင်းပမည့်နေ့ရက်နှင့်အချိန်အား အသိပေးတင်ပြပြီး အခမ်းအနားကို အောင်မြင်စွာ ကျင်းပပြီးစီးသည်။

### သွားရောက်လည်ပတ်

ခရီးစဉ်အတွင်း အိမ်ရှင်ဗီယက်နမ်နိုင်ငံ၏ စီစဉ်ပေးမှုဖြင့် တက်ရောက်လာကြသည့် ကိုယ်စားလှယ်များသည် ဒါနန်းမြို့၏ အနောက်တောင်ဘက် ကီလိုမီတာ ၄၀ အကွာတွင်ရှိသော BaNa တောင်ပေါ်သို့ မီတာ ၅၈၀၀ ကျော်ရှည်လျားသည့် ကေဘယ်ကားဖြင့် သွားရောက်လည်ပတ်ခဲ့သည်။

တောင်အောက်ခြေမှ မီတာ ၁၃၆၈ အမြင့်ထိ တက်နိုင်သဖြင့် အမြင့်ဆုံးတက်နိုင်သည့် Cable Car လည်း ဖြစ်သည်။ BaNa တောင်ပေါ်တွင် ပြင်သစ်ဘုရင်မကြီး၏ နွေရာသီစံအိမ်အဖြစ် အသုံးပြုခဲ့သောနေရာဖြစ်သည့် Old French Villas အား ဒေသခံခရီးသွားအဖွဲ့အစည်းမှ ခရီးသွားများ လည်ပတ်စရာနေရာအဖြစ် သတ်မှတ်ပေးခဲ့သည်။ ယခုအခါ တောင်ပေါ်အပန်းဖြေစခန်းအဖြစ်လည်းကောင်း၊ ဟိုတယ်အဖြစ် လည်းကောင်း ဖွင့်လှစ်ထားရှိပြီး အေးမြသည့်ရာသီဥတုကို ခံစားရင်း ရဲတိုက်အဆောက်အဦများ၊ ပန်းခင်းများဖြင့် ပုံဖော်စိုက်ပျိုးထားသည့် သာယာလှပသောရှုခင်းများနှင့်အတူ ဓာတ်ပုံရိုက်ကူးနိုင်သည့်အပြင် အလှဓာတ်ပုံများရိုက်ရန် အကောင်းဆုံးနေရာလည်းဖြစ်သော မီတာ ၁၅၀ ရှည်လျားသည့် Golden Bridge (ခေါ်) လက်ချောင်းတံတားနှင့် ပန်းဥယျာဉ်သို့ လေ့လာရေးခရီး သွားရောက်လည်ပတ်ခဲ့သည်။ ဒါနန်းမြို့သို့ လာရောက်လည်ပတ်သည့် ပြည်တွင်းပြည်ပ ခရီးသွားများ သွားရောက်လေ့လာလေ့ရှိသည့် အထင်ကရနေရာတစ်ခုလည်းဖြစ်ကြောင်းလည်း သိရသည်။

ညနေပိုင်းတွင် AMRI၊ SOMRI နှင့် ဆက်စပ်အစည်းအဝေးများသို့ တက်ရောက်လာကြသည့် အာဆီယံကိုယ်စားလှယ်များအား ဒါနန်းမြို့ အုပ်ချုပ်ရေးအဖွဲ့မှ နှုတ်ဆက်ဂုဏ်ပြုညစာစားပွဲဖြင့် တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်မြို့၌ (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က မြို့မဘုန်းတော်ကြီးကျောင်း၌ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ဝင်းနိုင်မော်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ခင်မောင်ကျော်တို့၏ ဦးဆောင်မှုဖြင့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။ ဇေယျာ(ပြန်/ဆက်)

အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က အမရပူရခရိုင် ပြည်သူ့ဆေးရုံကြီးအတွင်း အမရပူရခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး စိုးအောင်၏ ကြီးကြပ်မှုဖြင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ယာယီရဲမှူး စိုးဝင်းသန်း ဦးဆောင်သည့် ရဲတပ်ဖွဲ့ဝင်များက စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်/ဆက်)





ပြည်ထောင်စုနယ်မြေ တပ်ကုန်းမြို့နယ် ရန်ကုန်-မန္တလေး ကားလမ်းမိုင်တိုင် အမှတ် ၂၄၈/၅ ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ Quick Win အစီအမံ(၅)ရပ်ကို ပြည်သူများ ကျယ်ပြန့်စွာလိုက်နာစေရန် ရှောင်တစ်ခင်စစ်ဆေးခြင်းကို ဌာနဆိုင်ရာပူးပေါင်းအဖွဲ့က စက်တင်ဘာ ၂၃ ရက်တွင် ဆောင်ရွက်စဉ်။ တင်စိုးလွင်

*စာမျက်နှာ ၆ မှ*

ဌာနဆိုင်ရာများဖြင့် ပူးပေါင်းဆောင်ရွက်နေသကဲ့သို့ မြန်မာနိုင်ငံ ခရီးသွားလုပ်ငန်းအဖွဲ့ချုပ်၊ ဟိုတယ်နှင့် ခရီးသွားဘာသာရပ်ဆိုင်ရာ သက်မွေးပညာသင်ကျောင်းများနှင့် ပူးပေါင်းကာ ဆောင်ရွက်လျက်ရှိပါသည်။ ထို့အပြင် အာဆီယံခရီးသွားလုပ်ငန်း ကျွမ်းကျင်ပညာရှင်များ အပြန်အလှန်အသိအမှတ်ပြုရေး အစီအစဉ်ကဲ့သို့သော နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုများကို မြှင့်တင်ဆောင်ရွက်လျက်ရှိပါသည်။

မြန်မာနိုင်ငံသည် ခရီးသွားလုပ်ငန်းကို ဖွံ့ဖြိုးတိုးတက်အောင် အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တာဝန်သိခရီးသွားလုပ်ငန်း မူဝါဒများကို ချမှတ်ကာ ဆောင်ရွက်နေသကဲ့သို့ အာဆီယံအစိမ်းရောင်ဟိုတယ်စံနှုန်း၊ လူထုအခြေပြုခရီးသွားလုပ်ငန်းစံနှုန်းနှင့် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးစံနှုန်းများကဲ့သို့သော နိုင်ငံတကာစံနှုန်းများနှင့်အညီ အစိမ်းရောင်ခရီးသွားလုပ်ငန်းကို လိုက်ပါအကောင်အထည်ဖော်လျက်ရှိပါသည်။ စွမ်းအင်သုံးစွဲမှုအနေဖြင့်လည်း ရေအားလျှပ်စစ်ကဏ္ဍအပြင် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်ဖြစ်သော လေအားတာဘိုင်များမှ လျှပ်စစ်ထုတ်လုပ်ခြင်း၊ နေရောင်ခြည်သုံး ဆိုလာစွမ်းအင်ထုတ်လုပ်ခြင်းများကို ဦးစားပေးကာ သဘာဝပတ်ဝန်းကျင်နှင့် သဟဇာတဖြစ်စေသော ရေရှည်ဖွံ့ဖြိုးရေးကို ဦးတည်သည့် အခြေခံအဆောက်အဦများတွင် ရင်းနှီးမြှုပ်နှံလျက်ရှိပါသည်။

နိုင်ငံတော်အစိုးရမှလည်း အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် နည်းပညာ၊ ငွေကြေးနှင့် မူဝါဒပိုင်းဆိုင်ရာများကို ကူညီပေးနေသကဲ့သို့ မြန်မာနိုင်ငံ စက်မှုလက်မှုနှင့် ကုန်သည်ကြီးများအသင်းကဲ့သို့သော ပုဂ္ဂလိက အသင်းအဖွဲ့များနှင့် ပူးပေါင်းကာ စွန့်ဦးတီထွင်မှုလုပ်ငန်းများ၊ ဒစ်ဂျစ်တယ်စီးပွားရေးနှင့် ဒစ်ဂျစ်တယ်ငွေပေးချေမှုစနစ်များကို အရှိန်အဟုန်ဖြင့် အသွင်ကူးပြောင်းနိုင်အောင် ပံ့ပိုးအားပေးလျက်ရှိပါသည်။

နိုင်ငံတော်မှချမှတ်ထားသော မူဝါဒများနှင့် ရင်းနှီးမြှုပ်နှံမှုစီမံကိန်းများသည် ပြည်ထောင်စုမြန်မာနိုင်ငံတော်ကြီး၏ ငြိမ်းချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးနှင့် သာယာလှပရေးအတွက်သာမက ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အပံ့ကောင်းများပင် ဖြစ်ပါသည်။ ထိုကဲ့သို့ လမ်းကြောင်းမှန်၊ ခြေလှမ်းမှန်ကန်စွာဖြင့် အကောင်အထည်ဖော် လျှောက်လှမ်းနေခြင်းသည် ခရီးသွားလုပ်ငန်း ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကောင်းမွန်သော အလားအလာများဖြစ်ပါသည်။ လူသား၊ ကမ္ဘာမြေနှင့် ကြွယ်ဝချမ်းသာခြင်းစသော အခြေခံနယ်ပယ်များတွင် အစိမ်းရောင်ရင်းနှီးမြှုပ်နှံမှုများကို ဆက်လက်မြှင့်တင်ပေးခြင်းဖြင့် မြန်မာနိုင်ငံ၏ခရီးသွားလုပ်ငန်း အလျင်အမြန်ပြန်လည်ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ပါကြောင်း ၂၀၂၃ ခုနှစ် ကမ္ဘာ့ခရီးသွားလုပ်ငန်းနေ့အား ဂုဏ်ပြုလျက် တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်း ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံတည်ဆောက်ရေးစီမံကိန်းလုပ်ငန်းများဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

**နေပြည်တော် စက်တင်ဘာ ၂၃**

လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဉာဏ်ထွန်းသည် ဒုတိယဝန်ကြီး ဦးအေးကျော်နှင့်အတူ ယနေ့ နံနက်ပိုင်းက ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး မိုင်တိုင်အမှတ် ၂၈၃ အနီး လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။ **(ယာပုံ)**



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံ စီမံကိန်းလုပ်ငန်းခွင်သို့ ရောက်ရှိပြီး ယာယီရှင်းလင်းဆောင်၌ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမျိုးနိုင်နှင့် တာဝန်ရှိသူများက ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံနှင့် ၅၀၀ ကေဗွီ စပါးကြွယ်ဓာတ်အားခွဲရုံ တည်ဆောက်ရေး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအမံများကို ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ယခုစီမံကိန်းသည် နိုင်ငံ၏လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးကဏ္ဍတွင် အရေးပါသောစီမံကိန်းဖြစ်သဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဆောင်ရွက်ရန်ကျန် လုပ်ငန်းများအလိုက် ပြီးစီးရမည့်အချိန်ဇယားများ ရေးဆွဲထားပြီး ၎င်းအချိန်ဇယားများအတိုင်း သတ်မှတ်ချိန်ပြီးစီးနိုင်ရေး အဆင့်ဆင့်ကြပ်မတ်ဆောင်ရွက်ရန်နှင့် ဆောင်ရွက်ရာတွင်လည်း အရည်အသွေးပြည့်မီအောင် ဆောင်ရွက်သွားရန် လိုအပ်ပါကြောင်း၊ ဓာတ်အားခွဲရုံမြေနေရာများကိုလည်း ဌာနပိုင်အမည်ပေါက်ရရှိရေး ဟန်ချက်ညီဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ စီမံကိန်းများကို ဆောင်ရွက်လျက်ရှိရာမှ အခက်အခဲများကြောင့် သက်တမ်းတိုးရန်လိုအပ်ပါက သေချာတိကျ ခိုင်မာသည့် အချက်အလက်များဖြင့် ကြိုတင်သက်တမ်းတိုးတင်ပြသွားရန် လိုအပ်ကြောင်း မှာကြားပြီး စီမံကိန်းလုပ်ငန်းများ ဆောင်ရွက်နေသော ဝန်ထမ်းများကို ဂုဏ်ပြုသစ်သီးခြင်းများ ပေးအပ်သည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် စီမံကိန်းလုပ်ငန်းခွင်အတွင်း ထရန်စဖော်မာများနှင့် Shunt Reactor တပ်ဆင်ပြီးစီးမှု၊ Hybrid Gas Insulated Switchgear (HGIS) တပ်ဆင်ပြီးစီးမှု၊ 500 kV Switch Bay နှင့် 230 kV Switch Bay တည်ဆောက်ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် Control Building တည်ဆောက်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအခြေအနေတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားသည်။

ယခုဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ကံကောင်းဓာတ်အားခွဲရုံစီမံကိန်းသည် မြန်မာနိုင်ငံတွင် ပထမဆုံးအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ၅၀၀ ကေဗွီ ဓာတ်အားခွဲရုံစီမံကိန်းဖြစ်ကာ ၎င်းစီမံကိန်းပြီးစီးသွားသည်နှင့် နိုင်ငံမြောက်ပိုင်းတွင် တည်ရှိနေသော လျှပ်စစ်ဓာတ်အားပေးစက်ရုံများမှ ထုတ်လုပ်လျက်ရှိသည့် လျှပ်စစ်ဓာတ်အားများကို နိုင်ငံ၏တောင်ပိုင်းသို့ ပြည့်ဝစွာပို့လွှတ်ဆောင်ရွက်နိုင်မည်ဖြစ်ပြီး ယခုအခါစီမံကိန်းတစ်ခုလုံးအနေဖြင့် ၇၃ ဒသမ ၁၇ ရာခိုင်နှုန်း ပြီးစီးလျက်ရှိပြီး ၂၀၂၄ ခုနှစ် အောက်တိုဘာလတွင် စီမံကိန်းတစ်ခုလုံးရာနှုန်းပြည့် ပြီးစီးမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**



# နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး နေပြည်တော်(ခုတင် - ၁၀၀၀) ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

နေပြည်တော် စက်တင်ဘာ ၂၃

**နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦးသည် နေပြည်တော်ကောင်စီအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းက နေပြည်တော် (ခုတင်- ၁၀၀၀) ပြည်သူ့ဆေးရုံကြီး အတွင်းအပြင်၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။** (အပေါ်ပုံ)

ယနေ့တွင် ပြည်ထောင်စုနယ်မြေ နေပြည်တော် မြို့နယ်ရှစ်မြို့နယ်အတွင်းရှိပြည်သူ့ဆေးရုံများ၌ ဌာနဆိုင်ရာများမှ ဝန်ထမ်းများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုများ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် လူမှုရေးအသင်းအဖွဲ့များ စုစုပေါင်း အင်အား ၂၀၀၀ ကျော်ဖြင့် ဆေးရုံအတွင်းအပြင် ပတ်ဝန်းကျင် သန့်ရှင်းသာယာရေး၊ သစ်ပင်များ ရှင်းလင်းခြင်း၊ အဆောက်အဦ အမိုးအပေါ်တွင် ကျရောက်နေသည့် သစ်ကိုင်းများ ရှင်းလင်းခြင်း၊ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ ရေနုတ်မြောင်းများ ရေစီးရေလာ ကောင်းမွန်စေရေးတို့အတွက် စုပေါင်းသန့်ရှင်းရေးများ တစ်ပြိုင်တည်း ဆောင်ရွက်ကြရာ သက်ဆိုင်ရာမြို့နယ်များအလိုက် နေပြည်တော်ကောင်စီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**ထွန်းထွန်းဝင်း(ပြန်/ဆက်)**

# မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် အရိုးရောဂါအထူးကုဆေးရုံကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်နေမှု ကြည့်ရှုအားပေး

**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ အတွင်းရေးမှူး၊ တာဝန်ရှိသူများနှင့်အတူ ပြည်သူလူထု၏ ကျန်းမာရေးကောင်းမွန်စေရန်နှင့် သန့်ရှင်းသာယာလှပသော ပတ်ဝန်းကျင်များ ဖြစ်ပေါ်စေရန်အတွက် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေသည့် ချမ်းမြသာစည်မြို့နယ်ရှိ အရိုးရောဂါအထူးကုဆေးရုံကြီးဝင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို ယနေ့ နံနက်ပိုင်းက သွားရောက်ကြည့်ရှု အားပေးကြသည်။ **(အောက်ပုံ)**

ရှေးဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဆေးရုံသို့ရောက်ရှိရာ ဆေးရုံအုပ်ကြီးနှင့် တာဝန်ရှိသူများက ဆေးရုံဝင်း အတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်ပါရှင်းလင်းပြသပြီး ဆေးရုံဥပဓိရုပ် ကောင်းမွန်စေရေးနှင့် အမြင်တင့်တယ်စေရေး၊ လူနာများ စိတ်ချမ်းမြေ့စေရန်အတွက် သန့်ရှင်းသာယာလှပရေး ဆောင်ရွက်နေမှုများ၊ သစ်ပင်၊ ချုံနွယ်နှင့် ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းနေမှုများကို တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများနှင့် ဒေသခံပြည်သူများ စုစုပေါင်း အင်အား ၅၀၀ ခန့်က စက်ယန္တရားများဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**





ရခိုင်ပြည်နယ် ကျောက်ဖြူမြို့၌ (၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့အား ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၃၂) လုံခြုံရေး ရဲတပ်ဖွဲ့ခွဲမှ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များက စက်တင်ဘာ ၂၁ ရက်တွင် ကျောက်ဖြူခရိုင် ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းရာ ဒုတိယရဲမှူးကြီး မျိုးမြင့် ကြည့်ရှုအားပေးပြီး အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်စဉ်။ ခရိုင်(ပြန်/ဆက်)

# ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ပြည်သူ့ဆေးရုံ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၃**

ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီမှ ဝန်ထမ်းများစုပေါင်း၍ ရာဇာဓိရာဇ်လမ်းရှိ မြို့နယ်ပြည်သူ့ဆေးရုံ၌ ပြည်သူ့အကျိုးပြုလုပ်ငန်းများဖြစ်သော စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများကို စက်တင်ဘာ ၂၃ ရက်က ဆောင်ရွက်သည်။

စုပေါင်းသန့်ရှင်းရေးဆောင်ရွက်မှုကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့၏ ဦးဆောင်မှုဖြင့် ရန်ကုန်တိုင်းဒေသကြီး တပ်နယ်များမှ တပ်မတော်သားများ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဝန်ထမ်းများ၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ၊ မြို့နယ်စည်ပင်သာယာမှ ဝန်ထမ်းများ၊ ဌာနဆိုင်ရာများ၊ ရပ်ကွက်နေပြည်သူများ စုစုပေါင်းအင်အား ၂၀၀ ကျော် ပါဝင်ဆောင်ရွက်ပြီး မြို့နယ်ဆေးရုံအတွင်းနှင့် ပတ်ဝန်းကျင်မှ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အဆောက်အအုံနှင့် မလွတ်ကင်းသည့် သစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ကာ မြဝတီစာပေတိုက်မှ ဒုတိယဗိုလ်မှူးကြီးနေမျိုးထွန်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသန်းဝင်းနှင့် အဖွဲ့ဝင်များက လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

**မြင့်မြင့်ရီ(ပြန်/ဆက်)**

သစ်ပင်စိုက်ပါ တို့ကမ္ဘာ သာယာလှပ စိမ်းမြမြ

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူ့အတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## PDF Game ဆော့ကစားခြင်းကြောင့် ဥပဒေအရအရေးယူခံရနိုင်သည်

အကြမ်းဖက်လုပ်ငန်းများဆောင်ရွက်နေသည့် PDF အဖွဲ့များအား တစ်ဖက်တစ်လမ်းမှ ထောက်ပံ့လှူဒါန်းစေရန်၊ လူငယ်လူရွယ်များ၏ မသိစိတ်များအတွင်း တပ်မတော်အပေါ် အထင်အမြင်လွဲမှားစေရန်နှင့် တော်လှန်လိုစိတ်တိုးပွားလာစေရန် စသည့်ရည်ရွယ်ချက်များဖြင့် NUG,CRPH လက်အောက်ခံ အကြမ်းဖက်အဖွဲ့အစည်းများက PDF Game Application များ တီထွင်ဖန်တီး အသုံးပြုလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည့်အတွက် PDF Game ဆော့ကစားခြင်းသည် အကြမ်းဖက်အဖွဲ့အား ထောက်ပံ့ခြင်းဖြစ်၍ ဥပဒေအရ အရေးယူခံရနိုင်ကြောင်း အသိပေးအပ်ပါသည်။

## အမုန်းစကားကို ဆန့်ကျင်ကြ၊ တားဆီးကြရမည်

လူမျိုး၊ ကိုးကွယ်ရာဘာသာ၊ ကျား/မ(သို့မဟုတ်) မည်သူမည်ဝါဖြစ်သည်ဆိုသည့် အကြောင်းအရာတို့အပေါ်အခြေပြု၍ လူပုဂ္ဂိုလ်တစ်ဦး (သို့မဟုတ်) လူအုပ်စုတစ်စုကို မျှတမှုမရှိစွာ ဝေဖန်သည့် (သို့မဟုတ်) မလိုမုန်းထားမှုကိုဖော်ပြသည့် ဆက်ဆံမှုတစ်မျိုးမျိုးကို ရည်ညွှန်းပြီး အကြမ်းဖက်ရန် လှုံ့ဆော်ခြင်းသည် အမုန်းစကားပင်ဖြစ်သည်။

အမုန်းစကားပြန့်ပွားခြင်းသည် လူ့အဖွဲ့အစည်းအတွင်း ခွဲခြားဆက်ဆံမှုနှင့် အကြမ်းဖက်မှုကို ဖြစ်ပေါ်စေပြီး ဂုဏ်သိက္ခာရှိစွာနေထိုင်ရန်နှင့် ငြိမ်းချမ်းပြီးညီညွတ်သည့် လူ့အဖွဲ့အစည်းတည်ဆောက်ရန် မျှော်မှန်းချက်တို့ကို ထိခိုက်စေသည့်အပြင် အကျင့်စာရိတ္တကိုလည်း ထိပါးစေသည်။

သို့ဖြစ်၍ ပြည်သူများအနေဖြင့် အမုန်းစကားများကို ရှုတ်ချရန်နှင့်တားဆီးရန် စီမံဆောင်ရွက်ရမည်။ အမုန်းစကားဆန့်ကျင်သည့် လှုပ်ရှားမှုများတွင် အားလုံးပါဝင်ရန်နှင့် ပံ့ပိုးအားပေးရမည်။

# တိုင်းဒေသကြီးများနှင့် ပြည်နယ်များအတွင်းရှိ မြို့၊ ရွာများ၊ ဆေးရုံ၊ ဆေးခန်းများနှင့် စာသင်ကျောင်းများ၌ သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၂၃**

ယခုအချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ဦးဆောင်မှုနှင့်အတူ နိုင်ငံတစ်ဝန်းလုံး၌ တပ်မတော်သားများ၊ ဌာနဆိုင်ရာအဖွဲ့အစည်းများ၊ ဒေသခံပြည်သူအားလုံးတို့က နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ညီညီညွတ်ညွတ်ဖြင့် ဆောင်ရွက်လျက်ရှိကြပြီး အပတ်စဉ် စနေနေ့တိုင်းတွင်လည်း မိမိတို့၏ မြို့၊ ရွာ၊ စာသင်ကျောင်းများ သန့်ရှင်းသာယာလှပရေးကို ဆောင်ရွက်လျက်ရှိသည့်အပြင် ဆေးရုံ၊ ဆေးခန်းများ၌ ခြင်၊ ယင်၊ ပေါက်ဖွားမှုမရှိစေရေးနှင့် ဆေးရုံတက်ရောက်ကုသနေသော လူနာများအား လေကောင်းလေသန့်ရရှိစေရန် ချုံနွယ်၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ပေးလျက်ရှိသည်။



(၂၅)ခုတင်ဆံ့ ဘုရားသုံးဆူ ပြည်သူ့ဆေးရုံ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ မြို့နယ်ရှစ်မြို့နယ်တို့၌ လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ မြို့နယ် ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)အတွင်းရှိ မြို့နယ် ၁၁ မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(တောင်ပိုင်း) အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)အတွင်းရှိ မြို့နယ် ၁၃ မြို့နယ်တို့၌လည်းကောင်း၊ မွန်ပြည်နယ်အတွင်းရှိ မြို့နယ်ခြောက်မြို့နယ်တို့၌ လည်းကောင်း၊ တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်ငါးမြို့နယ်တို့၌ လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၅ မြို့နယ်တို့၌ လည်းကောင်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၆ မြို့နယ်တို့၌ လည်းကောင်း၊ ရခိုင်ပြည်နယ်အတွင်းရှိ မြို့နယ် ၁၀ မြို့နယ်တို့၌လည်းကောင်း၊ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၇ မြို့နယ်တို့၌လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၁၃ မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်တို့၌ လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၂၈ မြို့နယ်နှင့် ကရင်ပြည်နယ် ဖာပွန်မြို့နယ်နှင့် ကြာအင်းဆိပ်ကြီးမြို့နယ် ဘုရားသုံးဆူမြို့တို့၌ လည်းကောင်း၊ ဘုရား၊ စေတီပုထိုးများ၊ ဘုန်းတော်ကြီးကျောင်းများ၊ ဌာနဆိုင်ရာ အဆောက်အဦများ၊ အခြေခံပညာကျောင်းများ၊ တက္ကသိုလ်များ၊ ဆေးရုံများ၊ ဆေးခန်းများ၊ ဘိုးဘွားရိပ်သာများ၊ ဈေးများ၊ ပန်းခြံများနှင့် လမ်း၊ တံတားများ၌ ဒေသခံပြည်သူများ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ စည်ပင်သာယာရေးအဖွဲ့များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာ ဝန်ထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များက ခြင်ခိုအောင်းနိုင်သော ချုံနွယ်များ၊ ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များရှင်းလင်းခြင်း၊ ရေစီးရေလာ ကောင်းမွန်စေရေး ရေနုတ်မြောင်းများ တူးဖော်ပေးခြင်း၊ ဆေးရုံးဝင်း အတွင်း/ အပြင် သန့်ရှင်းရေးဆောင်ရွက်ပေးခြင်းနှင့် ခြင်၊ ယင် ပိုးမွှားများ ပေါက်ဖွားမှုမရှိစေရန် ခြင်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ပေးကြသည်။

ယင်းသို့ ဆောင်ရွက်ပေးနေမှုများကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ တိုင်းစစ်ဌာနချုပ်များမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ဆေးရုံတက်ရောက်လျက်ရှိသည့် လူနာများအား အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် စက်တင်ဘာ ၂၁ ရက်က (၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး သတင်းရဲတပ်ဖွဲ့ အမှတ်(၈)တပ်ခွဲမှ တပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်းကြရာ တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး ကျော်ချစ် လိုက်လံကြည့်ရှုအားပေးစဉ်။ ကိုတွတ်(ပြန်/ဆက်)

(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်ခရိုင် ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး နိုင်လင်းထွန်း ဦးစီးသည့် ရဲတပ်ဖွဲ့ဝင်များ စက်တင်ဘာ ၂၃ ရက်က မြို့သစ်ရပ်ကွက် အထက(ခွဲ) အလက(၁) ကျောင်းဝင်း အတွင်းအပြင်တို့၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ စိုင်း(မြန်မာ့အလင်း)





(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ကျော်ဆွေဦးနှင့် ရဲတပ်ဖွဲ့ဝင် ၁၉၀ သည် စက်တင်ဘာ ၁၃ ရက်က တောင်ငူမြို့ ရွှေဟောင်းသမိုင်းဝင် ရွှေဆံတော်စေတီတော်မြတ်ကြီး၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ ခရိုင်(ပြန်/ဆက်)

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

**နေပြည်တော် စက်တင်ဘာ ၂၃**

နေပြည်တော်နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့်ဖြစ်သည်။

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ အနောက်တောင်မုတ်သုံလေသည် မြန်မာနိုင်ငံအလယ်ပိုင်းဒေသများမှ ဆုတ်ခွာနိုင်သည်။ **မိုး/ဇလ**

# မြန်မာ့သမိုင်းထဲမှ ထူးချွန်ထက်မြက်သော သံကြီးတမန်ကြီးများ

မောင်မောင်လင်း

*(ယမန်နေ့မှအဆက်)*

(၅) ကုန်းဘောင်ခေတ် ဆင်ဖြူရှင် (ခေါ်) မြေဒူးမင်းလက်ထက် တရုတ်စစ်လေးကြိမ်နဲ့ ရင်ဆိုင်ရပြီး နောက်ဆုံးအချီမှာ စစ်ပြေငြိမ်းရေးအတွက် ဝန်ကြီးမဟာသီဟသူရက တာဝန်ယူပြီး ကောင်းတုံစာချုပ်နဲ့ စေ့စပ်ခဲ့ပါတယ်။ အနှစ်တစ်ထောင် သမိုင်းတစ်လျှောက် မြန်မာအတွက် အကြီးဆုံးရန်ဟာ တရုတ်ကျူးကျော်မှုဖြစ်လို့ တရုတ်နဲ့ သံဖလှယ်နိုင်ဖို့က အရေးကြီးတဲ့ အခန်းကရှိပြီး တရုတ်ပြည် မင်မင်းဆက် မြို့တော်နန်ကျင်းမှာလည်း မြန်မာအမတ်ခြောက်ဦးနဲ့ မြန်မာစာသင်တဲ့ကျောင်းတွေကို (၁၅) ရာစုကတည်းက ဖွင့်ခဲ့တဲ့ မှတ်တမ်းရှိပါတယ်။

(၆) ကုန်းဘောင်ခေတ်၊ မြဝတီမင်းကြီး ဦးစဟာ ဘကြီးတော်မင်းလက်ထက် ပထမအင်္ဂလိပ် – မြန်မာ စစ်ပြေငြိမ်းရေးစာချုပ်ချုပ်ဆိုစဉ် သံတမန်ရေးရာ အခက်အခဲအကျပ်အတည်းကို ဖြေရှင်းပေးနိုင်ခဲ့သလို နောက်ရောက်လာတဲ့ အနောက်တိုင်းသံတမန်မှန်သမျှကိုလည်း သူနဲ့သာ လက်ခံတွေ့ဆုံရပါတယ်။

(၇) ဘိုးတော်မင်းတရားလက်ထက်၊ အမတ်ကြီးဦးပေါ်ဦးဟာ သံတမန်ရေးရာ ကိစ္စတွေမှာ တာဝန်ယူရပြီး ခေါ်ပြတိုက်ခံရတဲ့ တရုတ်ကုန်သည်အရေးအတွက် တရုတ်သံတမန်တွေ အရေးဆိုမှုအပေါ် အပြန်အလှန်မှုအရ တန်ပြန်အရေးဆိုခြင်းမျိုးနဲ့ ဖြေရှင်းနိုင်ခဲ့ဖူးပါတယ်။

(၈) ၁၈၅၂ ခုနှစ် ဒုတိယ အင်္ဂလိပ် – မြန်မာ စစ်ပွဲအပြီး အသိမ်းပိုက်ခံရတဲ့ ပဲခူး (ခေါ်) အောက်မြန်မာပြည် မြစ်ဝကျွန်းပေါ်နဲ့ ပဲခူးဒေသတွေ ပြန်ရဖို့အတွက် မင်းတုန်းမင်းက မကွေးမင်းကြီးကို ကာလကတ္တားလွှတ်ပြီး စေ့စပ်ခိုင်းပေမယ့် မအောင်မြင်ခဲ့ပါဘူး။ ၁၈၇၂ ခုနှစ်မှာတော့ ကင်းဝန်မင်းကြီးအဖွဲ့ရဲ့ ပြင်သစ်နဲ့ ဗြိတိန်ခရီးစဉ်ပေါ်ထွက်လာသလို အဲဒီခရီးစဉ်အဆက် ဦးခြိမ့်ရဲ့ အီတလီ၊ စပိန်နဲ့ ပေါ်တူဂီ ခရီးစဉ်တွေလည်း ရှိခဲ့ပါတယ်။ ဒီခရီးစဉ်တွေအတွင်း မြင်တွေ့ခဲ့တဲ့ နေရာဌာနလုပ်ငန်းဆောင်တာ လူမှုဘဝတွေကို ပြန်လည်ရေးဖွဲ့တဲ့ မှတ်တမ်းတွေဟာလည်း ပြည်ပတိုင်းခြား မပြောနဲ့ ဗြိတိသျှလက်အောက်က ရန်ကုန်ကိုတောင် မရောက်ဖူးကြတဲ့ မြန်မာအများစုအတွက် မျက်စိဖွင့်ပေးသလို ဖြစ်ခဲ့ပါတယ်။ ယောအတွင်းဝန် ဦးဖိုးလှိုင်ဟာ နေပြည်တော်ရှိ အနောက်ဥရောပ သံတမန်တွေ၊ ခရစ်ယာန်သာသနာပြုတွေနဲ့ မိတ်ဖွဲ့ပြီး အကြံကောင်း ဉာဏ်ကောင်းတွေကို သံတမန်နည်းကျကျ ရယူနိုင်ခဲ့ပါတယ်။

(၉) ၁၈၈၅ ခုနှစ် သီပေါမင်းလက်ထက်မှာတော့ ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်အတွက် ၄၂ နှစ်အရွယ် သံချက်ဝန်ထောက် ဦးမြူကို အမြဲတမ်းသံအမတ်အဖြစ် စေလွှတ်ခန့်ထားခဲ့ပါတယ်။ ပြင်သစ်မှာ အင်ဂျင်နီယာပညာသင်ခဲ့တဲ့ ဦးမြူဟာ ပါတော်မူချိန်မှာ မြန်မာထီးနန်း မဆုံးရှုံးစေရေးအတွက် ဥရောပနိုင်ငံအစိုးရတွေရဲ့ သံအမတ်တွေနဲ့ ချိတ်ဆက်ကြိုးစားခဲ့ပေမယ့်လည်း မအောင်မြင်ဘဲ ပြင်သစ်မှာ သောင်တင်နေတဲ့ မြန်မာစစ်ပညာသင်တွေကို စုစည်းပြီး မြန်မာပြည် ပြန်ခေါ်သွားခဲ့ရတယ်လို့ မှတ်သားဖူးပါတယ်။ မြန်မာမင်းဆက် မပြုတ်ခင်မှာ ပြင်သစ်၊ ဂျာမနီနိုင်ငံတွေနဲ့ မဟာမိတ်စာချုပ်တွေလည်း ချုပ်ဆိုခဲ့ပြီး ဂျာမန် –မြန်မာ စာချုပ်ကတော့ လွတ်လပ်ရေးရပြီးတဲ့အထိ ဆက်လက်တည်မြဲခဲ့ပါတယ်။

**စစ်အတွင်းနှင့်လွတ်လပ်ရေးခေတ် သံကြီးတမန်ကြီးများ**

အဲဒီနောက် အနှစ် ၅၀ ကျော် ဗြိတိသျှလက်အောက်မှာ မြန်မာသံတမန်တွေ ဆိတ်သုဉ်းခဲ့ပါတယ်။ ၁၉၄၃ ခုနှစ် ဂျပန်ခေတ်လွတ်လပ်ရေးရပြီးနောက်မှာတော့ ထိုင်း၊ ဂျပန်၊ မန်ချူးကိုး(ခေါ်) မန်ချူးရီးယားနဲ့ ဂျပန်လက်အောက်ခံ ဝမ်ချိန်ဝေးရဲ့ တရုတ်ရုပ်သေးအစိုးရတွေနဲ့ မြန်မာနိုင်ငံက သံတမန်ဆက်သွယ် စေလွှတ်ဖို့ ကြိုးစားပါတယ်။ ဦးနုကို နိုင်ငံခြားရေးဝန်ကြီး၊ သခင်ဗဟိန်းကို ဒုတိယအတွင်းဝန်ခန့်ပြီး ပါတော်မူပြီးနောက် ပထမဆုံး မြန်မာနိုင်ငံခြားရေးဝန်ကြီးဌာနကို ဖွဲ့စည်းခဲ့ပါတယ်။ ပထမဆုံး မြန်မာသံအမတ်ကြီးအဖြစ် ဂျပန်ကို ဘဏ္ဍာရေးဝန်ကြီး ဒေါက်တာသိန်းမောင်သွားပြီး လက်ရှိမြန်မာသံရုံးနေရာကို ဝယ်ယူဖွင့်လှစ်ခဲ့ပါတယ်။ စစ်ပြီးခေတ် ဂျပန်လက်နက်ချပြီးနောက် ဒေါက်တာသိန်းမောင် အဖမ်းခံရပြီး မြန်မာပြည်ပြန်ပို့ချိန်မှာ သင်္ဘောပေါ်မှာ ကွယ်လွန်ခဲ့ပါတယ်။ စစ်သံမှူးဗိုလ်မှူးကြီးစကြာနဲ့ မြန်မာစစ်ပညာသင်တွေကတော့ ဂျပန်ကိုတော်လှန်တဲ့ ဗမာ့မျိုးချစ်တပ်မတော်သားတွေဖြစ်လို့ မဟာမိတ်အဖမ်းမခံရဘဲ မြန်မာပြည် ပြန်ပို့ပေးခံရပါတယ်။ မန်ချူးကိုးနဲ့ တရုတ်ကို သံအမတ်ကြီးများအဖြစ် စေလွှတ်ခံရတဲ့ ဝန်ကြီးသခင်ဗစိန်နဲ့ သခင်ထွန်းအုပ်ကတော့ စင်ကာပူနဲ့ ဂျားဗားကျွန်းမှာ သောင်တင်နေခဲ့ပြီး စစ်ပြီးမှ မြန်မာနိုင်ငံသို့ ပြန်လာခွင့်ရခဲ့ပါတယ်။

> ❖ **ထူးချွန်ထက်မြက်တဲ့ သံတမန်ဆိုတာ မိမိနိုင်ငံရဲ့ အကျိုးစီးပွားအတွက် လက်တွေ့အကျိုးရှိရှိ ထိထိရောက်ရောက် ကိုယ်စားပြုနိုင်တာ၊ အခြားသောနိုင်ငံတွေနဲ့ သဘောတူညီချက်တွေရရှိအောင် ဆွေးနွေးညှိနှိုင်းနိုင်တာ၊ ကောင်းမွန်တဲ့ ဆက်ဆံရေးတည်ဆောက်နိုင်တာ စတဲ့သံခင်းတမန်ခင်းနယ်ပယ်တွေမှာ ထူးချွန်တဲ့သူမျိုးတွေဖြစ်**

၁၉၄၇ ခုနှစ် မြန်မာနိုင်ငံလွတ်လပ်ရေး မရခင်မှာဘဲ နိုင်ငံခြားရေးဌာနကို ဖွဲ့စည်းပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းကိုယ်တိုင် ဝန်ကြီးအဖြစ် ဆောင်ရွက်ခဲ့ပြီး ဗိုလ်ချုပ်တို့ လုပ်ကြံခံရဖြစ်ပြီးနောက် နိုင်ငံခြားရေးဝန်ကြီးတာဝန်ယူရတဲ့ အိုင်စီအက်ဦးတင်ထွဋ် လက်ထက်မှစပြီး နိုင်ငံခြားရေးရုံးကို ဖွဲ့စည်းပုံစံကျ ထူထောင်ခဲ့ပါတယ်။ နယူးဒေလီ၊ ကရာချိ၊ လန်ဒန်၊ နန်ကျင်းနဲ့ ဝါရှင်တန်ဒီစီဆိုတဲ့ ငါးနေရာကို လွတ်လပ်ရေးမရခင်ကတည်းက မဟာမင်းကြီးတွေ စေလွှတ်ပြီး ခန့်အပ်ခဲ့ပါတယ်။ ဦးဝင်း၊ ဦးဖေခင်၊ ဆာမောင်ကြီး၊ ဦးမြင့်သိန်းနဲ့ ဦးစိုးညွန့်တို့ဟာ လွတ်လပ်ရေးခေတ်ရဲ့ ပထမဆုံး သံအမတ်ကြီးတွေ ဖြစ်လာပြီး ဘန်ကောက်၊ ပဲရစ် စတဲ့မြို့တော်တွေမှာလည်း မြန်မာသံရုံးတွေ ပေါ်ပေါက်လာပါတယ်။ အဲဒီ သံအမတ်ကြီးအများစုဟာ ပညာတတ်နဲ့ အရာရှိဟောင်းတွေဖြစ်ကြပြီး ဆာမောင်ကြီးကတော့ နိုင်ငံရေးဝါရင့်တဲ့ ဝန်ကြီးဟောင်းဖြစ်ပါတယ်။ အမေရိကန် လွတ်လပ်ရေးရစက သောမတ်ဂျက်ဖာဆန်လို နိုင်ငံရေးခေါင်းဆောင်ကို ပြင်သစ်ကို သံအမတ်အဖြစ် စေလွှတ်တဲ့ပုံစံမျိုး မြန်မာနိုင်ငံအတွက် အရေးကြီးတဲ့ အိန္ဒိယ၊ တရုတ်၊ ဗြိတိန်၊ ဆိုဗီယက်ရုရှားနိုင်ငံတွေမှာ နိုင်ငံရေးခေါင်းဆောင်တွေကို သံတမန်အဖြစ်စေလွှတ်ပြီး ရင်းနှီးမှုယူစေတာမျိုးလို့ လေ့လာသူတွေက ရေးသားကြပါတယ်။

**မြန်မာ့ဂုဏ်ဆောင်သံကြီးတမန်ကြီးများ**

၁၉၅၀ ပြည့်လွန်နှစ်တွေအတွင်း အိုင်စီအက်ခေါ် ဗြိတိသျှခေတ်လက်ကျန်အရာရှိကြီးတွေကို သံကြီးတမန်ကြီးအဖြစ် စေလွှတ်တာတွေ ရှိလာပါတယ်။ နိုင်ငံခြားရေးဌာနမှာ ဦးကြင်၊ ဦးကာစီ၊ ဦးလှမောင် စတဲ့ အိုင်စီအက်သံအမတ်ကြီးတွေရှိသလို ကုလသမဂ္ဂအာရှနဲ့ အရှေ့ဖျား စီးပွားရေးကော်မရှင်ရဲ့ အမှုဆောင်အတွင်းဝန်အဖြစ် ဆယ်စုနှစ်ချီပြီး တာဝန်ထမ်းဆောင်ခဲ့တဲ့ နိုင်ငံရေးနယ်ပယ်ကလာတဲ့ ဦးညွန့်ဟာ နိုင်ငံတကာသိ မြန်မာအရာရှိတစ်ဦးဖြစ်ပါတယ်။ ၁၉၆၁ ခုနှစ်မှာ မြန်မာပြည်က သံအမတ်ကြီး ဦးသန့်လည်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ်ရာထူးနေရာမှာ အရွေးခံခဲ့ရပါတယ်။ ၁၉၆၁ ခုနှစ်ကစပြီး တပ်မတော်မှ အဆင့်မြင့်အရာရှိကြီးတွေကို သံအမတ်ကြီးအဖြစ် တိုက်ရိုက်တာဝန်ပေးအပ်တာမျိုး၊ စစ်သံမှူးကနေတစ်ဆင့် ပြောင်းလဲခန့်အပ်တာမျိုး ရှိလာပါတယ်။

နိုင်ငံရေးခေတ်က ဝန်ကြီးဟောင်းတွေနဲ့ ပညာရေးနယ်ပယ်က ပုဂ္ဂိုလ်ကြီးတွေကို သံအမတ်ကြီးရာထူးအပ်နှင်းတဲ့ စနစ်မျိုးလည်းရှိခဲ့ပါတယ်။ နိုင်ငံရဲ့အုပ်ချုပ်ရေး ယန္တရားအရှိန်ရလာပြီး စနစ်တကျ အခြေခိုင်လာချိန်မှာတော့ နိုင်ငံခြားရေးဝန်ကြီးဌာနမှ သန္တေဝင်အရာထမ်းတွေ သံအမတ်ကြီးအဆင့် တာဝန်ထမ်းဆောင်ခွင့်ရရှိလာသလိုပဲ အခြားသော ပြည်သူ့ရေးရာစီမံခန့်ခွဲမှုဝန်ထမ်းဌာန အကြီးအမှူးတွေကိုလည်း သံအမတ်ကြီးအဖြစ် ခန့်အပ်တာဝန်ပေးအပ်ခဲ့ရာမှ ခေတ်အဆက်ဆက် မြန်မာ့ဂုဏ်ဆောင် သံကြီးတမန်ကြီးတွေ အမြောက်အမြား ပေါ်ထွန်းလာခဲ့ပါတယ်။ ဒ့ါအပြင် နိုင်ငံခြားရေးဝန်ကြီးဆိုတာ နိုင်ငံတစ်နိုင်ငံရဲ့ အဆင့် အမြင့်ဆုံးသံတမန် (Chief Diplomat of the State) လည်း ဖြစ်တာကြောင့် မြန်မာနိုင်ငံခြားရေးဝန်ကြီးအဖြစ် တာဝန်ယူခဲ့ကြသူအားလုံးကိုလည်း မြန်မာ့ဂုဏ်ဆောင်သံကြီးတမန်ကြီးများ စာရင်းမှာ ထည့်သွင်းရမှာ ဖြစ်ပါတယ်။

**ထူးချွန်ထက်မြက်သော သံတမန်ဆိုရာဝယ်**

ထူးချွန်ထက်မြက်တဲ့ သံတမန်ဆိုတာ မိမိနိုင်ငံရဲ့ အကျိုးစီးပွားအတွက် လက်တွေ့အကျိုးရှိရှိ ထိထိရောက်ရောက် ကိုယ်စားပြုနိုင်တာ၊ အခြားသောနိုင်ငံတွေနဲ့ သဘောတူညီချက်တွေရရှိအောင် ဆွေးနွေးညှိနှိုင်းနိုင်တာ၊ ကောင်းမွန်တဲ့ ဆက်ဆံရေးတည်ဆောက်နိုင်တာ စတဲ့သံခင်းတမန်ခင်းနယ်ပယ်တွေမှာ ထူးချွန်တဲ့သူမျိုးတွေ ဖြစ်ပါတယ်။ သူတို့တွေဟာ ခိုင်မာတဲ့ဆက်ဆံရေးတည်ဆောက်နိုင်တဲ့ စွမ်းရည်သာမက ယဉ်ကျေးမှုဆိုင်ရာ အာရုံခံစားနိုင်မှု၊ မဟာဗျူဟာကျကျ တွေးခေါ်နိုင်မှုနဲ့ နိုင်ငံတကာဆက်ဆံရေးကို နက်နဲစွာနားလည်သဘောပေါက်နိုင်မှု စတဲ့ အရည်အချင်းတွေ ပိုင်ဆိုင်ထားပါတယ်။ ထူးချွန်ထက်မြက်တဲ့ သံတမန်တစ်ဦးဖြစ်လာဖို့ဆိုရင် ပြောဆိုဆက်ဆံတတ်မှုစွမ်းရည်နဲ့ ဆွေးနွေးညှိနှိုင်းတတ်မှု အတတ်ပညာအပေါ် အလေးပေးရမှာ ဖြစ်ပါတယ်။

နိုင်ငံတကာဆက်ဆံရေး၊ သမိုင်းနောက်ခံ အကြောင်းအရာတွေနဲ့ ခေတ်ပေါ်မျက်မှောက်ရေးရာတွေကို လေ့လာထားခြင်းဖြင့် ကမ္ဘာကြီးရဲ့အရွေ့နဲ့ ပြောင်းလဲဖြစ်ပေါ်နေမှုတွေကို နားလည်နိုင်မှာဖြစ်ပါတယ်။ ဘာသာစကားလေ့လာထားခြင်းကလည်း ထိရောက်မှုရှိတဲ့ ဆက်ဆံရေးဖြစ်ဖို့အတွက် အရေးကြီးပါတယ်။

ဒ့ါအပြင် ထူးချွန်ထက်မြက်တဲ့ သံတမန်တစ်ဦးဖြစ်ဖို့ဆိုရင် မတူကွဲပြားတဲ့ ပတ်ဝန်းကျင်မှာရှိနေတဲ့ ကိစ္စရပ်တွေကို ကိုင်တွယ်ဖြေရှင်းနိုင်ဖို့လည်း လိုအပ်တာမို့လို့ စာနာနားလည်စိတ် မွေးမြူတတ်ဖို့နဲ့ ယဉ်ကျေးမှုဆိုင်ရာ အာရုံခံစားနိုင်စွမ်းရှိမှုကိုလည်း ပျိုးထောင်ထားဖို့ လိုအပ်ပါတယ်။ အဲဒါမျိုးတွေကို အလုပ်သင်(Interns)၊ စေတနာ့ဝန်ထမ်း (Volunteer) စတဲ့ တာဝန်တွေထမ်းဆောင်ချိန်၊ ဒါမှမဟုတ် အခြေခံအဆင့်သံတမန်အဖြစ် အလုပ်တာဝန်ရယူခဲ့ချိန်မျိုးမှာ လက်တွေ့လုပ်ငန်းခွင်မှတစ်ဆင့် အတွေ့အကြုံရယူနိုင်ပါတယ်။ မိမိလုပ်ငန်းခွင်နယ်ပယ်အတွင်းမှသာမက ပြင်ပနယ်ပယ်နဲ့လည်း အဆက်အသွယ် ကွန်ရက်တည်ဆောက်ထားဖို့လည်း လိုအပ်ပါတယ်။ စဉ်ဆက်မပြတ် လေ့လာသင်ယူခြင်းနဲ့ လိုက်လျောညီထွေမှုရှိခြင်းဟာ ထူးချွန်ထက်မြက်တဲ့ သံတမန်တစ်ဦးဖြစ်လာစေရေးရဲ့ သော့ချက်ပဲ ဖြစ်ပါတယ်။

**သံတမန်တစ်ဦး လေ့ကျင့်တည်ဆောက်ထားရမယ့် အချက်များ**

ထူးချွန်ထက်မြက်တဲ့ သံတမန်တစ်ဦးဖြစ်လာဖို့ဆိုတာ အောက်မှာဖော်ပြထားတဲ့ ကျွမ်းကျင်မှုအရည်အချင်းနဲ့ အသိပညာတွေကို ပေါင်းစပ်အသုံးပြုနိုင်ရတာမျိုးပါ–

(၁) ဆက်ဆံရေးစွမ်းရည် (Communication Skills)၊
(၂) ဆွေးနွေးညှိနှိုင်းခြင်းစွမ်းရည် (Negotiation Skills)၊
(၃) ယဉ်ကျေးမှုဆိုင်ရာ အသိအမြင် (Cultural Awareness)၊
(၄) ဘာသာစကားကျွမ်းကျင်မှုရှိခြင်း (Language Proficiency)၊
(၅) နိုင်ငံတကာဥပဒေတတ်ကျွမ်းမှု (International Law)၊
(၆) မဟာဗျူဟာကျကျ တွေးခေါ်နိုင်မှု (Strategic Thinking)၊
(၇) ပြဿနာဖြေရှင်းတတ်မှု (Problem–Solving)၊
(၈) စိတ်ခံစားမှုဆိုင်ရာ အသိဉာဏ် (Emotional Intelligence)၊
(၉) သုတေသနပြုလုပ်တတ်မှု (Research Skills)၊
(၁၀) လိုက်လျောညီထွေရှိတတ်မှု (Adaptability)၊
(၁၁) လူမှုအဆက်အသွယ် ကွန်ရက်တည်ဆောက်ထားရှိမှု (Networking)၊
(၁၂) ပဋိပက္ခဖြေရှင်းတတ်မှု စွမ်းရည် (Conflict Resolution)၊
(၁၃) ပရိသတ်ရှေ့ စကားပြောဆိုမှုစွမ်းရည် (Public Speaking)၊
(၁၄) ခွဲခြမ်းစိတ်ဖြာနိုင်စွမ်း (Analytical Thinking)၊
(၁၅) ကျင့်ဝတ်စည်းကမ်း လိုက်နာစောင့်ထိန်းတတ်မှု (Ethical Judgment)၊
(၁၆) ကမ္ဘာ့ရေးရာ ဗဟုသုတရှိမှု (Global Affairs Knowledge)၊
(၁၇) သံတမန်ရေးရာသမိုင်းဗဟုသုတ(Diplomatic History)၊
(၁၈) အကျပ်အတည်းကာလ စီမံခန့်ခွဲမှု စွမ်းရည် (Crisis Management)၊
(၁၉) နိုင်ငံစုံသံခင်းတမန်ခင်းဆိုင်ရာ ဗဟုသုတ (Multilateral Diplomacy)၊
(၂၀) ခေါင်းဆောင်မှုအရည်အသွေး၊ အရည်အချင်း (Leadership Skills)။

နိဂုံးချုပ်အားဖြင့် ထူးချွန်ထက်မြက်တဲ့ သံတမန်တစ်ဦးဖြစ်လာဖို့ဆိုတာ မိမိရဲ့ သံတမန်ရေးဆိုင်ရာ ကျွမ်းကျင်မှုအရည်အချင်း၊ အရည်အသွေးတွေ တိုးတက်ကောင်းမွန်နေဖို့ စဉ်ဆက်မပြတ် လေ့လာသင်ယူနေရမှာဖြစ်သလို ပြောင်းလဲတိုးတက်ဖြစ်ပေါ်နေတဲ့ နည်းနာနဲ့ လုပ်ငန်းစဉ်တွေအပေါ်မှာလည်း လိုက်နာလက်ခံကျင့်သုံးနေရမှာ ဖြစ်ပါကြောင်း။ ။

**ကိုးကား** – (၁) မြန်မာ့စွယ်စုံကျမ်း အတွဲ (၁၃)။
(၂) မြန်မာ့သမိုင်းလာ ထင်ရှားခဲ့သော သံကြီးတမန်ကြီးများ– ဒေါက်တာ ခင်မောင်ညွန့်။
(၃) သတင်းမီဒီယာများပေါ်က အချက်အလက်များ။

# မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး MSMEs လုပ်ငန်းဆောင်ရွက်ချက်များနှင့် ပတ်သက်၍ လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ



**မန္တလေး စက်တင်ဘာ ၂၃**

မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး MSMEs လုပ်ငန်းဆောင်ရွက်ချက်များနှင့်ပတ်သက်သည့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး နှစ်ထပ်ဆောင်အစည်းအဝေးခန်းမတွင် ပြုလုပ်ရာ မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်၊ အစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးများ၊ တိုင်းဒေသကြီးအဆင့် သက်ဆိုင်ရာ ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံ့စီးပွားမြှင့်တင်ရေး စိုက်ပျိုးရေး၊ မွေးမြူရေးကဏ္ဍများ၊ MSMEsလုပ်ငန်းများနှင့် ပတ်သက်၍ နိုင်ငံတော်အကြီးအကဲ၏ မူဝါဒများနှင့်လမ်းညွှန်ချက်များကို ထိရောက်အောင်မြင်ရန်အတွက် အကောင်အထည်ဖော်ဆောင်ရွက်နေသည့် လုပ်ငန်းများနှင့် စပ်လျဉ်း၍ပြောကြားသည်။

ဆက်လက်၍ တိုင်းဒေသကြီးအထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးနှင့် သက်ဆိုင်ရာဌာနဆိုင်ရာ တာဝန်ရှိသူများက မန္တလေးတိုင်းဒေသကြီးအတွင်းမြေအသုံးချမှု၊ စိုက်ပျိုးရေးလုပ်ငန်းများနှင့်ပတ်သက်၍ စပါး၊ ဝါ၊ ဆီထွက်သီးနှံများ၊ အခြားသီးနှံများ စိုက်ဧကနှစ်အလိုက်တိုးတက်စိုက်ပျိုးနိုင်မှုနှင့် စိုက်ပျိုး/ရိတ်သိမ်း/ထွက်ရှိမှုအခြေအနေ၊ နှစ်အလိုက် သီးထပ်၊ သီးညှပ်၊ သီးနှံစိုက်စွမ်းအားအခြေအနေ၊ အဓိကသီးနှံ ၁၀ မျိုး စိုက်ပျိုးမှုနှင့် ပန်းတိုင်အထွက်နှုန်းရရှိရေး ဆောင်ရွက်မှုအစီအမံများ၊ သဘာဝမြေဩဇာထည့်သွင်းမည့်အစီအစဉ်နှင့် ဆောင်ရွက်ပြီးစီးမှု၊ စက်မှုလယ်ယာစနစ်ကျလယ်မြေများဖော်ထုတ်ဆောင်ရွက်မှုအခြေအနေ၊ ရေအရင်းအမြစ်ရရှိနိုင်မှုနှင့် ဆိုလာစနစ်တွဲဖက်တပ်ဆင်ခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးသည့် ရေတင်လုပ်ငန်းများ၊ မွေးမြူရေးလုပ်ငန်းများနှင့်ပတ်သက်၍ တိုင်းဒေသကြီးအတွင်း စီးပွားဖြစ်မွေးမြူထားရှိသည့် ဒေသန္ဓားနို့စားနွား၊ ဝက်၊ ဆိတ်၊ ဥစားကြက် စသည့် မွေးမြူမှုတိရစ္ဆာန်ကောင်ရေစာရင်းနှင့် မွေးမြူ ထုတ်လုပ်မှု၊ တင်ပို့မှု၊ စားသုံးမှုနှင့် ဖူလုံမှုအခြေအနေ၊ ငါးမွေးမြူမှု၊ ထုတ်လုပ်မှု၊ စားသုံးမှု၊ ငါးလုပ်ငန်းစခန်းများ၏ သဘာဝမြစ်ချောင်းနှင့် ဆည်မြောင်းတာတမံများအတွင်း ငါးမျိုးစိုက်ထည့်မှုအခြေအနေ၊ MSMEs လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်မှုများနှင့် လုပ်ငန်းရှင်များက သဘာဝမြေဩဇာထုတ်လုပ်နိုင်မှုအခြေအနေ၊ MSMEs ထုတ်ကုန်ပြပွဲနှင့် Talk Show စကားဝိုင်းများ ကျင်းပနိုင်မှုများ၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ကုန်ထုတ်လုပ်ငန်းဆောင်ရွက်မှု အခြေအနေများနှင့် ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေး အမှတ်စဉ် (၃/၂၀၂၃) နှင့် နိုင်ငံ့ကုန်ထုတ်လုပ်မှုမြှင့်တင်ရေး အစည်းအဝေးလမ်းညွှန်ချက်များအပေါ် လိုက်နာဆောင်ရွက်မှုများနှင့် ပတ်သက်၍ အသေးစိတ် ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများနှင့် တက်ရောက်လာကြသူများက မန္တလေးတိုင်းဒေသကြီးအတွင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် နိုင်ငံ့စီးပွားမြှင့်တင်ရေး MSMEs လုပ်ငန်းဆောင်ရွက်ချက်များနှင့်စပ်လျဉ်း၍ ဖြည့်စွက်ဆွေးနွေးတင်ပြချက်များအပေါ် တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများနှင့် စပ်လျဉ်း၍ မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်



**တောင်ငူ စက်တင်ဘာ ၂၃**

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်သည် မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင် အင်အားစာရင်းများ မှန်ကန်မှုရှိ/မရှိ ကျောက်ကြီးမြို့နယ်၊ တောင်ငူမြို့နယ်၊ ထန်းတပင်မြို့နယ်၊ ဖြူးမြို့နယ်၊ ရေတာရှည်မြို့နယ်နှင့် အုတ်တွင်းမြို့နယ်တို့မှ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အား ဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့ ပူးပေါင်း၍ မြေပြင်စာရင်းတိုက်ဆိုင်စစ်ဆေးခြင်းကို ယနေ့တွင် တောင်ငူခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ဆောင်ရွက်သည်။

ရှေးဦးစွာ ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးစိုးဦးက နိုင်ငံရေးပါတီများမှ တင်ပြထားသည့် သတ်မှတ်ပါတီဝင် အင်အားစာရင်းများ မှန်ကန်မှုရှိ/မရှိ၊ မြေပြင်တွင် အမှန်တကယ်နေထိုင်ခြင်း ရှိ/မရှိ တို့ကို သက်ဆိုင်ရာ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ လူဝင်မှုကြီးကြပ်ရေးနှင့်ပြည်သူ့အင်အား ဦးစီးဌာနနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ ပူးပေါင်း၍ စိစစ်ခြင်းလုပ်ငန်းများကို သတ်မှတ်ကာလအတွင်း ဆောင်ရွက်မည်ဖြစ်သဖြင့် သက်ဆိုင်ရာ ပါတီအသီးသီး၏ မြို့နယ်တာဝန်ခံများက ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း ပြောကြားပြီး တက်ရောက်လာသူများက လိုအပ်သည်များ ပြန်လည်ဆွေးနွေးတင်ပြကြသည်။

အဆိုပါ လုပ်ငန်းဆောင်ရွက်ရာသို့ သက်ဆိုင်ရာ တာဝန်ရှိသူများ၊ စစ်ဆေးခံရမည့် ပါတီသုံးပါတီအနက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီတို့မှ တိုင်း၊ ခရိုင်နှင့် မြို့နယ်အဆင့် ပါတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထို့နောက် နိုင်ငံရေးပါတီများမှ ဥက္ကဋ္ဌ၊ တာဝန်ခံများနှင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတို့က ပါတီဝင်လျှောက်လွှာများ၊ အဆိုပြုလွှာများ၊ ပါတီဝင်ကတ်ပြားနှင့် ကတ်ပြားထုတ်ပေးထားရှိမှု မှတ်ပုံတင်စာအုပ်များ၊ ပါတီဝင်များက နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းနည်းဥပဒေ ပုံစံ (၈) ၏ ပူးတွဲတွင် လက်မှတ်ထိုးထားမှု ရှိ/မရှိ အခြေအနေများ၊ ကွဲလွဲနေမှုများ စစ်ဆေးခြင်းလုပ်ငန်းများကို အနီးကပ်ကြပ်မတ်၍ လိုအပ်သည်များကို ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

*◆ ကျောဖုံးမှ*

အရေပြားမှာဩဇာကွက်ဖြစ်ခြင်း၊ အသားအရေပန်းရောင်ဖြစ်ခြင်း၊ ခြေဖဝါးတွင်ရှေ့ခြေသည်း ငါးခုစီနှင့် နောက်ခြေသည်း လေးခုစီပါရှိခြင်း၊ နားကြီးခြင်းစသည့် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာခုနစ်ချက်ကိုက်ညီသော ဆင်ဖြူတော်လေးဖြစ်သည်။

**လေ့ကျင့်သင်ကြားပေး**

အထက်ပါ ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက" မှာ ယခုအသက် ၁ နှစ် ၂ လသားအရွယ်တွင် အရပ် အမြင့် ၃ ပေ ၁၁ လက်မ၊ ကိုယ်လုံး လုံးပတ် ၆ ပေ ၅ လက်မ၊ ကိုယ်အလေးချိန် ၈၃၁ ပေါင်ရှိလာပြီး ရတနာဆင်ဖြူတော် ထိန်းသိမ်းစောင့်ရှောက်ရေးဥယျာဉ် နေပြည်တော်ရှိ ရတနာဆင်ဖြူတော်ဆောင်တွင် မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိကြောင်းနှင့် ဆင်ဖြူတော်လေး "ရဋ္ဌနန္ဒက"မှာ ငယ်စဉ်ကတည်းကပင် လူနှင့်ယဉ်ပါးသည့် ဆင်ဖြူတော်လေးဖြစ်ပြီး ပိုမိုယဉ်ပါးလာစေရန် ဆင်နှင့် လူသားတို့အကြား ကောင်းမွန်စွာ ဆက်ဆံတတ်စေရန် လေ့ကျင့်သင်ကြားခြင်းစနစ် "Peace Human and Elephant Interaction Training" ဖြင့် လေ့ကျင့်သင်ကြားပေးလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) သက်ကြီးသမားတော်ကြီးများအား ပူဇော်ကန်တော့

**ရန်ကုန် စက်တင်ဘာ ၂၃**

မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း(ရန်ကုန်တိုင်းဒေသကြီး) သက်န်းကပ်လှူပွဲနှင့် သက်ကြီးသမားတော်ကြီးများအား ပူဇော်ကန်တော့ပွဲကို ယနေ့နံနက်ပိုင်းက ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ်ရှိ ဥက္ကလာပစေတီတော် မဟာမုနိဓမ္မာရုံ၌ ကျင်းပသည်။



အခမ်းအနားတွင် မြန်မာနိုင်ငံတိုင်းရင်းဆေး ဆရာအသင်း ရန်ကုန်တိုင်းဒေသကြီးတာဝန်ခံဆရာကြီး ဦးခင်မောင်ဝင်း (ရွှေမန်းတောင်)က ပူဇော်ဂါရဝပြုပွဲနှင့်စပ်လျဉ်း၍ အမှာစကားပြောကြားသည်။

ထို့နောက် သက်ကြီးသမားတော်ကြီးများအား ပူဇော်ကန်တော့ငွေများ ပေးအပ်လှူဒါန်း၍ ကန်တော့ချီးဖြင့် ပူဇော်ကန်တော့ကြရာ သက်ကြီးသမားတော်ကြီးများကိုယ်စား ဒေါက်တာအောင်နိုင်က ဩဝါဒစကားပြန်လည်ပြောကြားသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဗဟန်းမြို့နယ် ပါဠိတက္ကသိုလ်ညောင်တုန်းကျောင်းတိုက် စာချအကျော် ဘဒ္ဒန္တနာရာဒါဘိဝံသ (လှရတနာ) သ-စ-အ ဓမ္မာစရိယ ဝဋံသကာ ပါဠိပါရဂူ ပထမကျော် ဆရာတော်ထံမှ ငါးပါးသီလခံယူဆောက်တည်ခြင်း၊ သံဃာတော်အရှင်သူမြတ်များထံမှ ပရိတ်တရားတော်များနာယူကြည်ညို၍ သင်္ကန်းနှင့် နဝကမ္မအလှူငွေများ ဆက်ကပ်လှူဒါန်းခြင်း၊ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေခြင်း၊ သံဃာတော်အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းခြင်းတို့ ဆောင်ရွက်ကြောင်း သိရသည်။

**ဌေးအောင်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန် ကျန်းမာရေးဝန်ကြီးဌာန အထူးကုဆေးကုသရေးအဖွဲ့ မြစ်ကြီးနားမြို့၌ ပြည်သူများအား ကွင်းဆင်းဆေးကုသမှုများကို ကြည့်ရှုအားပေး

**မြစ်ကြီးနား စက်တင်ဘာ ၂၃**
တိုင်းဒေသကြီး/ပြည်နယ်များရှိ ဒေသခံပြည်သူများအား ပါမောက္ခ/အထူးကု ဆရာဝန်ကြီးများ၏ အထူးကုသမှုများရရှိစေရေး ရည်ရွယ်လျက် ကျန်းမာရေးဝန်ကြီးဌာန ကုသရေးဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းလွင်နှင့် မန္တလေးမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ ပါမောက္ခ ဒေါက်တာထက်ထက်ခင် ဦးဆောင်သည့် အထူးကု ဆရာဝန်ကြီးများ ပါဝင်သော အထူးကုဆေးကုသရေးအဖွဲ့သည် စက်တင်ဘာ ၂၃ ရက် နံနက်ပိုင်းက မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးရှိ လေးထပ်ဆောင်၌ ဒေသခံပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ အထူးဆေးကုသရေးအဖွဲ့၏ ဒေသခံများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများကို ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်အစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ ပြည်နယ်ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီး၊ တာဝန်ရှိသူများနှင့်အတူ လှည့်လည်ကြည့်ရှုအားပေးပြီး ပြည်နယ်အတွင်း အနယ်နယ်အရပ်ရပ်မှ အထူးဆေးကုသရေးအဖွဲ့မှ အထူးကုဆရာဝန်ကြီးများ၏ စစ်ဆေးစမ်းသပ်ကုသပေးမှုများကို လာရောက်ကုသမှုခံယူသော ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ကာ အားပေးစကားများ ပြောကြားသည်။ ထို့အပြင် အလှည့်ကျစနစ်ဖြင့် စနစ်တကျစောင့်ဆိုင်း၍ ကုသမှုခံယူနိုင်ရေး စီမံဆောင်ရွက်ပေးခဲ့ပြီး မုန့်နှင့်ရေသန့်များကို ဖြန့်ဝေပေးခဲ့ကြကာ ပြည်နယ်ဝန်ကြီးချုပ်က အထူးကုဆေးကုသရေးအဖွဲ့အတွက် ထောက်ပံ့ငွေကျပ်သိန်း ၅၀ အား ထောက်ပံ့ပေးအပ်သည်။ (အပေါ်ပုံ)



အဆိုပါ ဆေးကုသမှုအစီအစဉ်တွင် ဆီးချို/ဟော်မုန်းရောဂါ ဆိုင်ရာလူနာ၊ ဦးနှောက်နှင့် အာရုံကြော(ခွဲစိတ်)ရောဂါဆိုင်ရာလူနာများ၊ နှလုံးရောဂါဆိုင်ရာလူနာများ၊ အစာအိမ်နှင့် အူလမ်းကြောင်းရောဂါဆိုင်ရာလူနာများ၊ အသည်းရောဂါဆိုင်ရာလူနာများ ၊ ရင်ခေါင်းရောဂါဆိုင်ရာ လူနာများ၊ အရိုး၊ အကြော၊ အဆစ်ဆိုင်ရာ လူနာများအား ပါမောက္ခ/အထူးကုဆရာဝန်ကြီးများ စုစုပေါင်း ကိုးဦး ပါဝင်သောအဖွဲ့က မြစ်ကြီးနားမြို့ အထွေထွေရောဂါကု ပြည်သူ့ဆေးရုံကြီးမှ အထူးကု ဆရာဝန်ကြီးများနှင့်အတူ ဒေသခံပြည်သူများအား စက်တင်ဘာ ၂၃ ရက်မှ ၂၄အထိ နှစ်ရက်ကြာ အခမဲ့ အထူးဆေးကုသမှု လုပ်ငန်းများ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ထို့အပြင် ပြည်နယ်ဝန်ကြီးချုပ်သည် ဆေးရုံကြီးရှိ ကာကွယ်ဆေးထိုးစုရပ်၌ ကျန်းမာရေးဝန်ထမ်းများက ကာကွယ်ဆေးအကြိမ်ပြည့်မရရှိသေးသော အသက် (၁)နှစ်မှ (၅)နှစ် အရွယ် ကလေးငယ်များအား Catch-up နည်းလမ်းဖြင့် ကာကွယ်ဆေးထိုးနှံ/တိုက်ကျွေးခြင်း လုပ်ငန်းဆောင်ရွက်နေမှုများကို ကြည့်ရှုအားပေးပြီး ကလေးမိဘများကို ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးကာ ကလေးငယ်များအတွက် အမှတ်တရလက်ဆောင်များ ပေးအပ်ခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

## တောင်သူလယ်သမားများအတွက် သီးနှံအာမခံစနစ်ဖော်ဆောင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**
ရာသီဥတုပြောင်းလဲမှုများကြောင့် ဆုံးရှုံးမှုများအပေါ် အာမခံစနစ်ဖြင့် စနစ်တကျ စီမံခန့်ခွဲကာကွယ်ဆောင်ရွက်နိုင်ရန် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန မြန်မာ့အာမခံလုပ်ငန်းမှ ဦးဆောင်ပြီး အစိုးရ-ပုဂ္ဂလိက ပူးပေါင်းပါဝင်သော Task Force အဖွဲ့ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အဆိုပါ သီးနှံအာမခံစနစ်ကို ယခုနှစ်ဆောင်းသီးနှံရာသီတွင် တောင်သူ လယ်သမားများ ပူးပေါင်းပါဝင်သည့် (Farmer Participatory Approach) ကို အခြေခံဆောင်ရွက်နိုင်ရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာတင်ထွဋ် ဦးဆောင်ပြီး မြန်မာ့အာမခံ လုပ်ငန်းအပါအဝင် သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ ကျွမ်းကျင်သူပညာရှင်များ၊ ကုန်သည်/စက်မှုအသင်းချုပ် ဒုတိယဥက္ကဋ္ဌနှင့် မြန်မာနိုင်ငံဆန်စပါး အသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ မြန်မာနိုင်ငံ ပဲမျိုးစုံ၊ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း ဥက္ကဋ္ဌ ဦးထွန်းလွင်နှင့် တာဝန်ရှိသူများ၊ ဆောင်းသီးနှံ ပဲတီစိမ်းစိုက်ပျိုးသည့် တောင်သူများ ပါဝင်သည့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို စက်တင်ဘာ ၂၂ ရက်က လမ်းမတော်မြို့နယ် မင်းရဲကျော်စွာလမ်းရှိ ကုန်သည်/စက်မှုအသင်းချုပ်တွင် ပြုလုပ်သည်။

ယခုဆောင်ရွက်မည့် သီးနှံအာမခံစနစ်သည် မိုးရေချိန်ကို အခြေခံသည့် အာမခံစနစ် ရာသီဥတု ညွှန်းကိန်းကို အခြေပြုသည့် (Weather Index Insurance) ဖြစ်ကာ စိုက်ပျိုးရေးကို ဦးစားပေးဆောင်ရွက်သည့် နိုင်ငံများတွင် တွင်ကျယ်စွာ ဆောင်ရွက်နေပြီး ယခုအခါ မြန်မာနိုင်ငံတွင် နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်မှုအရ စတင်ဆောင်ရွက်ရန် စီစဉ်ခြင်းဖြစ်ကြောင်း သိရသည်။

**မျိုးမင်းသူရ**



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြု အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်း (တောင်လေးလုံး)မှ သန္ဓေတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူ

**နေပြည်တော် စက်တင်ဘာ ၂၃**
(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အမှတ်(၄)ရဲလေ့ကျင့်ရေး သင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ရဲမှူးကြီး ဗညားဦး ဦးဆောင်၍ အမှတ်(၄)ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ သန္ဓေတပ်ဖွဲ့ဝင် ၇၀တို့သည် စက်တင်ဘာ ၂၂ ရက်နှင့် ၂၃ ရက်တို့တွင် အောင်ပန်းမြို့ အမှတ် (၂) တပ်မတော်ဆေးရုံ ခုတင်(၇၀၀)၌ စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။

**ကိုရဲ**



**(၇၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ အထိမ်းအမှတ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုမြို့၌ စက်တင်ဘာ ၂၃ ရက်က ခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး အောင်ရာဇာဖြိုး ဦးဆောင်သည့် ခရိုင်၊ မြို့နယ်ရဲတပ်ဖွဲ့ဝင်များက ခရိုင်ပြည်သူ့ဆေးရုံကြီး၌ စုပေါင်းသွေးလှူဒါန်းစဉ်။** (အဆိုပါ သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးဦးနှင့် တာဝန်ရှိသူများက အာဟာရဖြည့်စွက်စာများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



## (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးဆောင်ရွက်

**ဟုမ္မလင်း စက်တင်ဘာ ၂၃**
(၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်ရဲတပ်ဖွဲ့မှ ခရိုင်ရဲတပ်ဖွဲ့မှူး၊ ခေတ္တရဲမှူး မြင့်အောင် ဦးစီး၍ ဟုမ္မလင်းမြို့နယ် ရဲတပ်ဖွဲ့ဝင်အင်အား ၆၃ ဦး၊ မိသားစုဝင် ၃၀ တို့က စက်တင်ဘာ ၂၃ ရက် နံနက်က ဟုမ္မလင်းမြို့ ခုတင်(၁၀၀) ပြည်သူ့ဆေးရုံဝင်းအတွင်း ချုံနွယ်ပိတ်ပေါင်းများ ရှင်းလင်းခြင်းနှင့် စုပေါင်းသန့်ရှင်းရေး လုပ်အားပေးဆောင်ရွက်ခဲ့ကြကြောင်းသိရသည်။

ထိုသို့ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်ရာသို့ ဟုမ္မလင်းလေတပ်စခန်းဌာနချုပ် တပ်နယ်မှူး ဗိုလ်မှူးချုပ်သိန်းထွန်းဦး၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးရဲဝင်း၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးခဲ့ကြကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

❑ *ကျောဖုံးမှ*
ဖွင့်ပွဲအခမ်းအနားတွင် ပြိုင်ပွဲဝင်နိုင်ငံများ ကွင်းအတွင်း နေရာယူကြပြီး ဖျော်ဖြေရေးအစီအစဉ်များဖြင့် တင်ဆက်ခဲ့သည်။ (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် နိုင်ငံပေါင်း ၄၅ နိုင်ငံမှ အင်အားစုစုပေါင်း ၁၀၀၀၀ ကျော် ဝင်ရောက်ယှဉ်ပြိုင်လျက်ရှိသည်။ ပြိုင်ပွဲကို အောက်တိုဘာ ၈ ရက်အထိ ကျင်းပမည်ဖြစ်ပြီး အားကစားနည်း ၄၀ တွင် ပြိုင်ပွဲအမျိုးအစား ၄၈၁ မျိုး၊ ရွှေတံဆိပ် စုစုပေါင်း ၄၈၁ ခု ချီးမြှင့်မည်ဖြစ်သည်။ တရုတ်နိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲကို ၁၉၉၀၊ ၂၀၁၀ ပြည့်နှစ်တို့တွင် အိမ်ရှင်အဖြစ် လက်ခံကျင်းပခဲ့ပြီး ယခုပြိုင်ပွဲကို ပုံမှန်အရ ၂၀၂၂ ခုနှစ်တွင် ကျင်းပရမည်ဖြစ်သော်လည်း ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် ယခုနှစ်သို့ ရွှေ့ဆိုင်းခဲ့ရခြင်းဖြစ်သည်။

မြန်မာနိုင်ငံအနေဖြင့် ယခု အာရှအားကစား ပြိုင်ပွဲတွင် အားကစားနည်း ခုနစ်မျိုး ဝင်ရောက် ယှဉ်ပြိုင်လျက်ရှိပြီး အားကစားသမားနှင့် အဖွဲ့ဝင်စုစုပေါင်း ၁၇၀ ကျော် ယှဉ်ပြိုင်လျက်ရှိသည်။

**ညီမြတ်သော်တာ**
**ဓာတ်ပုံ- asian gamrs**

❍ *ကျောဖုံးမှ*
တတိယနေရာရအသင်းများအနက် အကောင်းဆုံးလေးသင်း၊ စုစုပေါင်း ၁၆ သင်း နောက်တစ်ဆင့်တက်ရောက်ခွင့်ရမည်ဖြစ်ရာ အုပ်စု (ဂ) တွင် နှစ်သင်းသာ ပါဝင်သဖြင့် အကောင်းဆုံးအုပ်စု တတိယနေရာ လေးနေရာအတွက် ငါးသင်းသာယှဉ်ပြိုင်ရမည်ဖြစ်ပြီး မြန်မာအသင်းအနေဖြင့် အခွင့်အရေးရှိနေခြင်းဖြစ်သည်။

အုပ်စုနောက်ဆုံးပွဲများကို တစ်ချိန်တည်းကစားမည်ဖြစ်ပြီး အုပ်စု (က) နောက်ဆုံးပွဲအဖြစ် ယနေ့ မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် မြန်မာအသင်းနှင့် အိန္ဒိယအသင်း၊ အိမ်ရှင်တရုတ်အသင်းနှင့် ဘင်္ဂလားဒေ့ရှ် အသင်း ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။ ဒုတိယနေ့အပြီးတွင် တရုတ်အသင်းက ခြောက်မှတ်ဖြင့် နောက်တစ်ဆင့်သို့ စောစီးစွာ တက်ရောက်သွားပြီး အိန္ဒိယနှင့် မြန်မာအသင်းက သုံးမှတ်စီ၊ ဘင်္ဂလားဒေ့ရှ်အသင်းက အမှတ်မရသေးပေ။

မြန်မာအသင်းသည် အိန္ဒိယအသင်းနှင့် ရမှတ်၊ ဂိုးကွာခြားချက် တူညီသော်လည်း သွင်းဂိုးနည်းနေသဖြင့် တတိယနေရာရောက်ရှိနေရာ အနိုင်ကစားနိုင်မှသာ အုပ်စုဒုတိယဖြင့် နောက်တစ်ဆင့် တက်ရောက်ခွင့်ရမည်ဖြစ်သည်။ သရေ သို့မဟုတ် ရှုံးပွဲကြုံတွေ့ပါက အကောင်းဆုံးအုပ်စုတတိယနေရာ လေးသင်းအတွက် အခြားအုပ်စုရလဒ်များကို စောင့်ကြည့်ရမည်ဖြစ်သည်။

မြန်မာအသင်းသည် အုပ်စုအနေအထားအရ နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အရေးရှိနေပြီး ရလဒ်ကောင်းရယူနိုင်ရန်သာ လိုအပ်နေသည်။

**ရဲရင့်လွင်**

# ဆော်ဒီအာရေဗျနှင့် သမိုင်းဝင်သဘောတူညီမှုရရှိနိုင်မည့် အကောင်းဆုံးအနေအထားတွင်ရှိဟု ဝန်ကြီးချုပ် နေတန်ယာဟုပြော

**ဂျေရုဆလင် စက်တင်ဘာ ၂၃**

ဆော်ဒီအာရေဗျနှင့် ငြိမ်းချမ်းရေးရရှိရန် အကောင်းဆုံး အနေအထားရှိသည်ဟု အစ္စရေးဝန်ကြီးချုပ် နေတန်ယာဟုက ပြောသည်။

စက်တင်ဘာ ၂၂ ရက်က ပြုလုပ်သည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် မိန့်ခွန်းပြောကြားရာ ဆော်ဒီအာရေဗျနှင့်ပုံမှန်သံတမန် ဆက်ဆံရေးနှင့်ပတ်သက်ပြီး နေတန်ယာဟုက ပြောကြားခဲ့သည်။

အမေရိကန်၏ ကြားဝင်ပေးမှုဖြင့် အစ္စရေးနှင့်ဆော်ဒီတို့သည် လတ်တလော စေ့စပ်ညှိနှိုင်းမှုများ ပြုလုပ်နေသည်။ အစ္စရေးနှင့်ဆော်ဒီတို့အကြား သမိုင်းဝင် ငြိမ်းချမ်းရေးရရှိရန် မထင်မှတ်သည့် အပြောင်းအလဲနှင့် ကြုံတွေ့မည်ဟု ယုံကြည်ကြောင်း နေတန်ယာဟုက ပြောသည်။

ပါလက်စတိုင်း အနေဖြင့်လည်း အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပြီး အာရပ်နိုင်ငံများနှင့် ငြိမ်းချမ်းရေးစာချုပ်သစ်များ ပြုလုပ်ရာတွင် ဗီတိုအာဏာ အသုံးပြုခွင့်မပေးသင့်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

ပါလက်စတိုင်းတို့၏ အခွင့်အရေး အပြည့်အဝ မရသေးသရွေ့ အရှေ့အလယ်ပိုင်းဒေသတွင် ငြိမ်းချမ်းရေးရရှိဦးမည်မဟုတ်ဟု ပါလက်စတိုင်းသမ္မတ မာမွတ်အဘတ်စ်က ပြောသည်။

အီရန်နိုင်ငံနှင့် ပတ်သက်၍ ပြောကြားရာတွင် နျူကလီးယား လက်နက် အီရန် မရရှိစေရေးအတွက် ၎င်း၏အာဏာကို အသုံးပြု၍ အစွမ်းကုန်ကာကွယ်သွားမည်ဟု နေတန်ယာဟုက ပြောသည်။ **အင်န်အိတ်ချ်ကေ**




၂၀၂၃ခုနှစ်စက်တင်ဘာ ၂၂ရက်ကပြုလုပ်သည့်ကုလသမဂ္ဂအထွေထွေညီလာခံတွင် အစ္စရေးဝန်ကြီးချုပ် ဘင်ဂျမင်နေတန်ယာဟု မိန့်ခွန်းပြောကြားစဉ်။



ဗြိတိန် ဒုတိယဝန်ကြီးချုပ် အိုလီဗာ ဒိုဒင်။

# ဉာဏ်ရည်တုနည်းပညာကို ဘေးကင်းစွာ အသုံးပြုရန်အတွက် နိုင်ငံတကာ ပူးပေါင်းဆောင်ရွက်မှု လိုအပ်

**လန်ဒန် စက်တင်ဘာ ၂၃**

ဉာဏ်ရည်တုနည်းပညာ(အေအိုင်)ကို ဘေးကင်းလုံခြုံစွာ အသုံးပြုနိုင်ရန်အတွက် နိုင်ငံတကာ အသိုက်အဝန်းအား အတူတကွလုပ်ဆောင်ရန် ဗြိတိန် ဒုတိယဝန်ကြီးချုပ်က တောင်းဆိုလိုက်သည်။

လန်ဒန်၌ နိုဝင်ဘာလတွင် ကျင်းပမည့် ပထမဆုံးအကြိမ် ဉာဏ်ရည်တုနည်းပညာလုံခြုံမှုဆိုင်ရာ ထိပ်သီးအစည်းအဝေး မတိုင်မီ ဗြိတိန်နိုင်ငံ ဒုတိယဝန်ကြီးချုပ် အိုလီဗာဒိုဒင်က စက်တင်ဘာ ၂၂ ရက်က ကျင်းပသည့် ကုလသမဂ္ဂ အထွေထွေညီလာခံတွင် ဉာဏ်ရည်တုနည်းပညာနှင့် ပတ်သက်၍ တောင်းဆိုချက် ထွက်ပေါ်လာခြင်းဖြစ်သည်။

ဉာဏ်ရည်တု နည်းပညာကို "ကမ္ဘာကြီးအတွက် အကြီးမားဆုံးသော ပြောင်းလဲမှုတစ်ရပ်" အဖြစ် ဒိုဒင်က ပြောကြားလိုက်သည်။ ရာသီဥတုပြောင်းလဲမှု၊ စားနပ်ရိက္ခာရှားပါးမှုနှင့် ကပ်ရောဂါများ အပါအဝင် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဆွေးနွေးခဲ့သည့် စိန်ခေါ်မှုတိုင်းကို ဖြေရှင်းရန်အတွက် ဉာဏ်ရည်တု နည်းပညာ(အေအိုင်)ကို အသုံးပြုနိုင်ကြောင်း ၎င်းက ပြောကြားခဲ့သည်။

အခြား တစ်ဖက်တွင်လည်း အလွဲသုံးစား လုပ်ခြင်းသည် အန္တရာယ်ကို ထောက်ပြခဲ့ပြီး ဖြစ်နိုင်ခြေ အဆိုးရွားဆုံး ခြိမ်းခြောက်မှုများမှာ ဇီဝလုံခြုံရေးအတွက် အန္တရာယ်များ၊ ဆိုက်ဘာတိုက်ခိုက်မှုများနှင့် စက်ကိရိယာများအပေါ် ထိန်းချုပ်ခွင့် ဆုံးရှုံးနိုင်ခြင်းတို့ ကြုံတွေ့နိုင်ကြောင်း ဒိုဒင်က သတိပေးပြောကြားလိုက်သည်။

**အင်န်အိတ်ချ်ကေ**

# ပါကစ္စတန် အထွေထွေရွေးကောက်ပွဲကို ဇန်နဝါရီလတွင် ကျင်းပသွားမည်

**လာဟိုး စက်တင်ဘာ ၂၃**

လာမည့်အထွေထွေရွေးကောက်ပွဲကို ဇန်နဝါရီလအတွင်း ကျင်းပသွားမည်ဟု ပါကစ္စတန်ကော်မရှင်အဖွဲ့ဝင်များက ထုတ်ပြန်ကြေညာလိုက်သည်။

ယခု သတ်မှတ်လိုက်သည့် ရွေးကောက်ပွဲ ကျင်းပမည့်အချိန်မှာ ယခင်ရည်ရွယ်ထားသည့်အချိန်ထက် နှစ်လနောက်ကျကြောင်း သိရသည်။

ရွေးကောက်ပွဲ ကော်မရှင်က အထွေထွေရွေးကောက်ပွဲ ကျင်းပရမည့် အချိန်ကို စက်တင်ဘာ ၂၁ ရက်တွင် ကြေညာခဲ့ခြင်းဖြစ်သည်။

အောက်လွှတ်တော်ကို ဖျက်သိမ်းပြီး ရက်ပေါင်း ၉၀ အတွင်း မဲဆန္ဒရှင်များ မဲရုံသို့သွားရမည်ဖြစ်သည်။ ထို့ကြောင့် ရွေးကောက်ပွဲကို နိုဝင်ဘာလတွင် ကျင်းပသင့်သည်ဟု ဆိုလိုခြင်းဖြစ်သည်။

သို့သော်လည်း အာဏာပိုင်များမှာ အဆင်သင့်မဖြစ်သေးချေ။ နောက်ဆုံးကောက်ယူထားသည့် သန်းခေါင်စာရင်း အချက်အလက်များအပေါ် အခြေခံကာ ရွေးကောက်ပွဲ လမ်းပြမြေပုံကို ပြန်လည် ရေးဆွဲရမည် ဖြစ်သည်။

နိုင်ငံကို အိမ်စောင့်အစိုးရဖြင့် အုပ်ချုပ်နေသည်။ နိုင်ငံရေးမတည်ငြိမ်မှုများနှင့် စီးပွားရေးမတည်ငြိမ်မှုများကြောင့် အထွေထွေရွေးကောက်ပွဲ ပြုလုပ်ရန် နှောင့်နှေးရခြင်း ဖြစ်သည်။ ကြီးမားသည့် နိုင်ငံရေးအတိုက်အခံ ပါတီကြီးသုံးခုရှိသည်။

၎င်းတို့ထဲမှ တစ်ခု၏ခေါင်းဆောင်မှာ ဝန်ကြီးချုပ်ဟောင်း အင်မရန်ခန်းဖြစ်သည်။ ၎င်းမှာ လက်ရှိတွင် အကျင့်ပျက်ခြစားမှုဖြင့် ထောင်ကျနေသည်။ ၎င်း၏ ကျော်ကြားမှုမှာမူ မြင့်မားနေဆဲဖြစ်သည်။

အကယ်၍ အယူခံတွင် ၎င်းအပေါ်စီရင်ချက်ကို ဖယ်ရှားနိုင်ပါကလည်း ရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းအနေဖြင့်သာ ပါဝင်ယှဉ်ပြိုင်နိုင်မည်ဖြစ်သည်။ **အင်န်အိတ်ချ်ကေ**



# ဆူဒန်နိုင်ငံအတွင်း ပဋိပက္ခများကြောင့် နေရပ်စွန့်ခွာသူ ၅ ဒသမ ၃ သန်းခန့်ရှိ

**ခါတွန် စက်တင်ဘာ ၂၃**

ဆူဒန်နိုင်ငံ၌ လက်နက်ကိုင်နှစ်ဖွဲ့အကြား ပဋိပက္ခဖြစ်ပွားသည့် ဧပြီလလယ်နောက်ပိုင်း နေရပ်စွန့်ခွာသူပေါင်း ၅ ဒသမ ၃ သန်းခန့် ရှိကြောင်း ကုလသမဂ္ဂ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ညှိနှိုင်းရေးရုံး (OCHA) က စက်တင်ဘာ ၂၂ ရက်တွင် ပြောသည်။

လက်နက်ကိုင်နှစ်ဖွဲ့အကြား တိုက်ပွဲဆက်လက်ဖြစ်ပွားနေသည့်အတွက် လူပေါင်း ၅ ဒသမ ၃ သန်းမှာ ၎င်းတို့၏ အိုးအိမ်များကို စွန့်ခွာကာ ဆူဒန်နိုင်ငံအတွင်းရှိ ဒုက္ခသည်စခန်း သို့မဟုတ် အိမ်နီးချင်းနိုင်ငံများသို့ ထွက်ပြေးခိုလှုံကြရကြောင်း OCHA ၏ စက်တင်ဘာ ၂၂ ရက် နောက်ဆုံးအစီရင်ခံ တင်ပြမှုတွင် ဖော်ပြထားသည်။

စက်တင်ဘာ ၁၉ ရက်အထိ ဆူဒန်နိုင်ငံအတွင်း ပြည်နယ် ၁၈ ခုရှိ နေရာဒေသပေါင်း ၃၉၂၉ ခုသို့ လူပေါင်း ၄ ဒသမ ၂ သန်းကျော် ထွက်ပြေးခိုလှုံကြရကြောင်း အဆိုပါ ထုတ်ပြန်ချက်တွင် ဖော်ပြထားသည်။ ထို့အပြင် လူပေါင်း တစ်သန်းကျော်မှာ ဗဟိုအာဖရိကသမ္မတနိုင်ငံ၊ ချဒ်၊ အီဂျစ်၊ အီသီယိုးပီးယား၊ တောင်ဆူဒန်အပါအဝင် အိမ်နီးချင်းနိုင်ငံများသို့ နယ်စပ်ဖြတ်ကျော် ဝင်ရောက်လာကြကြောင်း ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာ အေဂျင်စီ (UNHCR) ကို ကိုးကားပြီး OCHA က ပြောသည်။

ကုလသမဂ္ဂဦးဆောင်သော လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ပန်ကြားချက်မှာ လိုအပ်သော ပမာဏ၏ ၃၁ ရာခိုင်နှုန်းခန့်သာ ရရှိသေးသည့်အတွက် လုံလောက်မှုမရှိသေးကြောင်း သိရသည်။

ဆူဒန်နိုင်ငံ၌ ဧပြီလနောက်ပိုင်း မြို့တော် ခါတွန်နှင့်အခြားဒေသများတွင် လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားမှုများကြောင့် လူပေါင်း ၃၀၀၀ ထက်မနည်း သေဆုံးကာ အခြား ၆၀၀၀ကျော် ထိခိုက်ဒဏ်ရာရရှိကြောင်း ဆူဒန်ကျန်းမာရေးဝန်ကြီးဌာနက ထုတ်ပြန်သော အချက်အလက်များအရ သိရသည်။ **ဆင်ဟွာ**

# အမေရိကန် အထက်လွှတ်တော်အမတ် မန်နန်ဒက်ဇ်ကို လာဘ်ပေးလာဘ်ယူမှုဖြင့် စွဲချက်တင်ထား

**နယူးယောက် စက်တင်ဘာ ၂၃**

ဒီမိုကရက်တစ် အထက်လွှတ်တော်အမတ် ဘော့ဘ် မန်နန်ဒက်ဇ်နှင့် ၎င်း၏ဇနီးတို့ကို နယူးဂျာစီပြည်နယ်မှ စီးပွားရေးသမား သုံးဦးထံမှ လာဘ်ယူမှုဖြင့် စက်တင်ဘာ ၂၂ရက်က အမေရိကန်အစိုးရ ရှေ့နေများက တရားစွဲဆိုခဲ့သည်။

အသက် ၆၉ နှစ်အရွယ် မန်နန်ဒက်ဇ်သည် နယူးဂျာစီပြည်နယ်၏ အထက်လွှတ်တော်အမတ်အဖြစ် ၎င်း၏အာဏာနှင့် ဩဇာလွှမ်းမိုးမှုကို အသုံးပြု၍ ဒေါ်လာထောင်ပေါင်းများစွာ တန်သော ငွေသားနှင့် ရွှေချောင်းများကို လက်ခံခဲ့ကြောင်း အမေရိကန်ရှေ့နေရုံးမှ ပြောကြားသည်။

အထက်လွှတ်တော် နိုင်ငံခြားဆက်ဆံရေး ကော်မတီ၏ ဥက္ကဋ္ဌဖြစ်သူ မန်နန်ဒက်ဇ်သည် ကမ္ဘာ့ဇာတ်ခုံတွင် အမေရိကန်၏ ဩဇာလွှမ်းမိုးမှုကို ပြန်လည်ရယူရန် ကြိုးပမ်းနေသည့် ဒီမိုကရက်သမ္မတ ဂျိုးဘိုင်ဒင်၏ အရေးပါသော မဟာမိတ်ဖြစ်သည်။

၎င်းသည် လွန်ခဲ့သည့် နှစ်ပေါင်း ၂၀ ကျော်အတွင်း တရားရုံး စွဲချက်များစွာကို ရင်ဆိုင်ခဲ့ရဖူးသော်လည်း မည်သည့်အခါမျှ ပြစ်ဒဏ်မခံရသေးပေ။ ၂၀၁၈ ခုနှစ်ဝန်းကျင်က မန်နန်ဒက်ဇ်နှင့် စီးပွားရေးသမား သုံးဦးတို့အကြားတွင် လာဘ်ပေးလာဘ်ယူဆက်ဆံရေး လုပ်ဆောင်ခဲ့ကြောင်း အစိုးရရှေ့နေများက စွပ်စွဲထားသည်။

မန်နန်ဒက်ဇ်၊ ၎င်း၏ဇနီးနှင့် စီးပွားရေးသမား သုံးဦးတို့ကို စက်တင်ဘာ ၂၇ ရက်တွင် မန်ဟက်တန် ဗဟိုတရားရုံး၌ ရုံးထုတ်ဖွယ်ရှိသည်။ **ဆင်ဟွာ**

# ပဲခူးတိုင်းဒေသကြီးဖွံ့ဖြိုးဖို့ ကျေးရွာထုတ်ကုန်များ အားပေးစို့

မြတ်သူ

အချို့အိမ်များတွင် ငရုတ်ဆုံဆိုက်စုံ အစုအပုံ၊ အချို့အိမ်များတွင် ဒယ်အိုးဆိုက်စုံ အစုအပုံ၊ အချို့အိမ်များတွင်မူ စက်မှုလုပ်ငန်းသုံးကိရိယာမျိုးစုံ အစုအပုံများကို သပြုကျေးရွာ နေအိမ်တိုင်းတွင် တွေ့မြင်နိုင်သည်။ သတ္တုရည်ကျိုပုံလောင်း၊ သံရည်ကျိုပုံလောင်း လူသုံးကုန်ပစ္စည်းများကို ပြည်တွင်းပြည်ပ ဈေးကွက်လိုအပ်ချက်နှင့်အညီ အိမ်တွင်း တစ်နိုင်တစ်ပိုင် ထုတ်လုပ်ရောင်းချမှုမှ ကျေးရွာနေပြည်သူများသည် လူမှုစီးပွား ဖွံ့ဖြိုးတိုးတက်မှုကို ရှာဖွေလျက်ရှိသည်။

ထိုသို့သော လူသုံးကုန်သတ္တုနှင့် သံရည်ကျိုပုံလောင်း လူသုံးကုန်အမျိုးအမည်များစွာကို ကျေးရွာမှ ထုတ်လုပ်ကာ အိုးမကွာအိမ်မကွာ ဝင်ငွေရလုပ်ငန်းအဖြစ် ရပ်တည်လာခဲ့သည်မှာ နှစ်တစ်ရာကျော် တိုင်ခဲ့ပြီဖြစ်သည်။ သပြုကျေးရွာ၏ မိရိုးဖလာအသက်မွေးမှု အိမ်တွင်းတစ်နိုင်တစ်ပိုင် စီးပွားရေးလုပ်ငန်းဖြစ်သော်လည်း ဈေးကွက်လိုအပ်ချက်နှင့် ကိုက်ညီနေသည့်ထုတ်ကုန်များဖြစ်သည်။ ထို့ကြောင့် ကျေးရွာထုတ်ကုန်များကို နည်းပညာပေါင်းစပ် အဆင့်မြှင့်တင်ကာ တန်ဖိုးရှိသော၊ အရည်အသွေးရှိသော ပြည်တွင်းထုတ်ကုန်များမှသည် ကြီးမားသည့် ပြည်ပဈေးကွက်ဝန်းကျင်အတွင်း ထိုးဖောက်ရပ်တည်သွားနိုင်ရန် တိုင်းဒေသကြီးအစိုးရအနေဖြင့် ကူညီကြိုးပမ်းပေးလျက်ရှိသည်။





သပြုကျေးရွာရှိ သံရည်ကျို၊ သတ္တုရည်ကျိုပုံလောင်း လူသုံးကုန်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းခွင်ကို တွေ့ရစဉ်။

- ❒ လက်ရှိတွင် သတ္တုပစ္စည်းအဟောင်း အကြမ်းများနှင့် သန့်စင်ပြီး အချောသတ္တုကုန်ကြမ်းများကို ယခင်ဈေးနှုန်းထက် နှစ်ဆမြင့်မားသည့်နှုန်းတစ်ခုဖြင့် ဝယ်ယူရသည့် အခက်အခဲရှိနေ
- ❒ မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား(MSME) စီးပွားရေးလုပ်ငန်း လေးသောင်းကျော်ရှိရာ ၂၀၁၅ ခုနှစ် မြန်မာ့စီးပွားရေးလုပ်ငန်းစစ်တမ်းအရ စီးပွားရေးလုပ်ငန်းအရေအတွက် အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရှိပြီး စုစုပေါင်းလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းရှိ

**တစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်း**

သပြုကျေးရွာသည် ပဲခူးတိုင်းဒေသကြီး ကဝမြို့နယ်တွင် တည်ရှိပြီး အိမ်ခြေ ၁၆၀၀ ကျော်ရှိသည့် အဆိုပါကျေးရွာသည် စိုက်ပျိုးရေးနှင့် အိမ်တွင်း တစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းကို အဓိက လုပ်ကိုင်ကြသည်။ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်ရာတွင် သတ္တုအရည်ကျိုလုပ်ငန်း၊ သံရည်ကျိုလုပ်ငန်းနှင့် သတ္တုသန့်စင်ခဲထုတ်လုပ်သည့် လုပ်ငန်းစသည်ဖြင့် လုပ်ကိုင်ကြသည်။

ကျေးရွာတစ်နိုင်တစ်ပိုင် စက်မှုလုပ်ငန်းမှ ဒယ်အိုး၊ ငရုတ်ဆုံ၊ ရေဖလား၊ ရေနွေးကရားစသည့်မီးဖိုချောင်သုံးပစ္စည်းများအပြင် ရေယာဉ်သုံးဒလက်ပန်ကာ၊ အသံချဲ့စက်ဟွန်းရိုး၊ မော်တော်ယာဉ်သုံး စက်ပစ္စည်း၊ မော်တော်ဆိုင်ကယ်သုံး စက်ပစ္စည်းစသည်ဖြင့် အမျိုးအမည်များစွာထုတ်လုပ်သည်။ အပ်ချုပ်စက်ကိုယ်ထည်၊ ရေပန့်ခေါင်းစသည့် သံရည်ကျို ပစ္စည်းများကိုလည်း ထုတ်လုပ်သည်။

"မိရိုးဖလာ တစ်နိုင်တစ်ပိုင်လုပ်ငန်း ဆိုပေမယ့် ဒီလုပ်ငန်းနဲ့ဆက်စပ်ပြီး ကျွန်တော်တို့ ကျေးရွာတင်မဟုတ်ဘူး။ အနီးအနားကရွာတွေလည်း အလုပ်အကိုင်တွေရပါတယ်။ ကိုယ်နိုင်တဲ့ အင်အားနဲ့လုပ်ကြတယ်။ ဈေးကွက်ထဲမှာ အသုံးပြုသူများတဲ့အတွက် ကျွန်တော်တို့ ကျေးရွာက ထုတ်နိုင်သလောက် ရောင်းနေရတာပဲ။ ဒီတော့ ထုတ်သမျှ ရောင်းရရင် ချဲ့ထွင်လုပ်ကိုင်ချင်တာ သဘာဝပါ။ ဒီလိုချဲ့ထွင်ဖို့ စဉ်းစားတဲ့အခါ ကုန်ကြမ်းအတွက် ပူနေရတယ်" ဟု သပြုကျေးရွာမှ လုပ်ငန်းလုပ်ကိုင်သူ ဦးငွေဝင်းက ပြောသည်။

**ဈေးကွက်ရရှိမှု**

ထိုသို့ ကျေးရွာမှထွက်ရှိလာသည့် ပစ္စည်းများကို ပြည်တွင်း၌ ရောင်းချမှုနှင့်အတူ ပြည်ပသို့လည်း ကုန်သည်ဝယ်လက်များမှတစ်ဆင့် စစ်တွေ၊ မောင်တောနယ်စပ် လမ်းကြောင်းမှ တင်ပို့ရောင်းချရကြောင်း သိရသည်။

"အဓိကက ပြည်တွင်းက သတ္တုကုန်ကြမ်းကို ပြည်ပနဲ့ ပြိုင်ဝယ်နေရတဲ့အတွက်ကြောင့်ပါ။ ဒီကုန်ကြမ်းကို ပြည်ပက ကား၊ ဆိုင်ကယ်အပိုပစ္စည်း ထုတ်လုပ်တဲ့ကုမ္ပဏီတွေနဲ့ ယှဉ်ဝယ်နေရတယ်။ သူတို့နဲ့ ကျွန်တော်တို့က ကုန်ကြမ်းလိုအပ်ချက် တူပေမယ့် ကုန်ကြမ်းအပေါ်မှာ သုံးစွဲဝယ်ယူနိုင်တဲ့ စွမ်းအားက တအားကွာသွားတယ်။ ပြီးတော့ သူတို့ထုတ်လုပ်ရောင်းချတဲ့ ပစ္စည်းတန်ဖိုးကမြင့်တော့ သူတို့က ကုန်ကြမ်းရဖို့ပဲ အဓိကထားတယ်။ သူတို့ မြှင့်ပြီးပေးဝယ်တဲ့ဈေးကို ကျွန်တော်တို့ လိုက်မမီနိုင်တော့ အခုနှစ်အတွင်းမှာ ကျွန်တော်တို့ ဖောင်စီးရင်း ရေငတ်ဆိုတာမျိုး ဒီလုပ်ငန်းလုပ်ကိုင်တဲ့ ဆက်စပ်တဲ့သူတိုင်း ကြုံရတာပါ" ဟု လုပ်ငန်းလုပ်ကိုင်သူ ဦးသန်းထွဋ်ဦးက ပြောသည်။



ရွာသစ်ကိုင်းတောကျေးရွာ အေးမြကြည် သံရည်ကျို၊ သံနန်းဆွဲနှင့် တွင်အချောကိုင်လုပ်ငန်းမှ လူသုံးကုန်ပစ္စည်းများ ထုတ်လုပ်နေမှုကို တွေ့ရစဉ်။

သပြုကျေးရွာမှ ထုတ်ကုန်များအတွက် အသုံးပြုသည့်ကုန်ကြမ်းကို ရန်ကုန်တိုင်းဒေသကြီး အတွင်းရှိ စော်ဘွားကြီးကုန်း၊ တောင်ဒဂုံ စသည့် နေရာများ၏ စွန့်ပစ်သတ္တုပစ္စည်း အဟောင်းဈေးကွက်မှ ရရှိနေသည်။ လက်ရှိတွင် သတ္တုပစ္စည်းအဟောင်း အကြမ်းများနှင့် သန့်စင်ပြီး အချောသတ္တုကုန်ကြမ်းများကို ယခင်ဈေးနှုန်းထက် နှစ်ဆမြင့်မားသည့်နှုန်းတစ်ခုဖြင့် ဝယ်ယူရသည့် အခက်အခဲရှိနေသည်။

ထို့ကြောင့် MSME လုပ်ငန်းကော်မတီနှင့် စက်မှုဝန်ကြီးဌာနသို့ သတ္တုလုပ်ငန်းရှင်များနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်းရှင်များက လိုအပ်သောကုန်ကြမ်းပစ္စည်းများအတွက် ကူညီပံ့ပိုးနိုင်ပါရန် တင်ပြခဲ့ကြရာ စက်မှုဝန်ကြီးဌာနက ဦးဆောင်၍ ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ သက်ဆိုင်ရာဌာနများနှင့် သတ္တုနှင့် သံရည်ကျိုလုပ်ငန်းရှင်များ ပူးပေါင်းပါဝင်သည့် ၂၀၂၃ ခုနှစ် ဩဂုတ်လအတွင်း သတ္တုလုပ်ငန်းများနှင့် သံရည်ကျိုပုံလောင်း လုပ်ငန်းများ လိုအပ်သော ကုန်ကြမ်းပစ္စည်းများဖြစ်သည့် သတ္တုတွင်စာ၊ သတ္တုချော်ချေးနှင့် အခြားစွန့်ပစ်သံ၊ ဒန်သတ္တုများ ပံ့ပိုးပေးနိုင်ရေးအတွက် ညှိနှိုင်းဆွေးနွေးပွဲကို ပြုလုပ်ခဲ့ကြပြီးဖြစ်သည်။

ယင်းသို့ တွေ့ဆုံညှိနှိုင်းမှုများမှ တစ်ဆင့်လုပ်ငန်းရှင်များ အဆင်ပြေစေရန်အတွက် ရေနံချေးကုန်ကြမ်းရရှိရေးကို ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့ MSME အေဂျင်စီမှတစ်ဆင့် စွမ်းအင်ဝန်ကြီးဌာန မြန်မာရေနံနှင့် ဓာတုဗေဒလုပ်ငန်းသို့ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ပြီး ဖြစ်သည်။ ထို့အတူ သတ္တုနှင့် သံရည်ကျိုလုပ်ငန်းများ နည်းပညာရရှိရေးအတွက် စက်မှုဝန်ကြီးဌာနမှ ပညာရှင်များ ဖိတ်ခေါ်၍ နည်းပညာပေးသင်တန်းများကို သုံးကြိမ်တိုင် ပို့ချဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

"တိုင်းဒေသကြီးအတွင်းမှာ မှတ်ပုံတင်ထားတဲ့ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေးလုပ်ငန်း စုစုပေါင်း ၃၀၀၀ ကျော် ရှိပါတယ်။ ဒီထဲမှာ သတ္တုနဲ့ သံရည်ကျိုပုံလောင်းလုပ်ငန်းတွေဟာလည်း ကဏ္ဍတစ်ခုအနေနဲ့ ပါဝင်နေပါတယ်။ သူတို့မှာ တွေ့ကြုံရတဲ့ အခက်အခဲတွေကိုလည်း သက်ဆိုင်ရာဌာနအလိုက် နည်းလမ်းပေါင်းစုံနဲ့ ပါဝင်ကူညီပေးနေပါတယ်"ဟု တိုင်းဒေသကြီး စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာန ညွှန်ကြားရေးမှူးက ပြောကြားသည်။

**အားပေးမြှင့်တင် ဆောင်ရွက်**

မြန်မာနိုင်ငံတွင် အသေးစား၊ အငယ်စားနှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်း လေးသောင်းကျော်ရှိရာ ၂၀၁၅ ခုနှစ် မြန်မာ့စီးပွားရေးလုပ်ငန်း စစ်တမ်းအရ စီးပွားရေးလုပ်ငန်းအရေအတွက် အများဆုံးသည် ကုန်ထုတ်လုပ်မှုကဏ္ဍတွင်ရှိပြီး စုစုပေါင်းလုပ်ငန်းများ၏ ၄၀ ရာခိုင်နှုန်းရှိသည်။ မြန်မာနိုင်ငံ၏ စီးပွားရေးလုပ်ငန်းရာခိုင်နှုန်း ၉၀ ကျော်သည် လုပ်ငန်းငယ်များသာဖြစ်သည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရအနေဖြင့် အသေးစား၊ အငယ်စား နှင့် အလတ်စား (MSME) စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးရေးကို အားပေးမြှင့်တင် ဆောင်ရွက်လျက်ရှိသည်။

ပဲခူးတိုင်းဒေသကြီးအတွင်း သတ္တုလုပ်ငန်းများနှင့် သံရည်ကျိုပုံလောင်းလုပ်ငန်း ၁၂၆ ခုရှိကြောင်း သိရှိရပြီး ယင်းလုပ်ငန်းသည် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများတွင် ပါဝင်နေသည်။ ယခုနှစ် ဇူလိုင် ၁၂ ရက်မှစ၍ Online Registration စနစ်ဖြင့် SME Member Card အသစ်လျှောက်ထားသူများကို ယာယီမှတ်ပုံတင် လက်မှတ်ထုတ်ပေးလျက်ရှိသည်။

"ကျွန်တော်တို့ အခက်အခဲတွေ ဒီလိုမျိုးရှိလာတော့တိုင်းဒေသကြီးအစိုးရအဖွဲ့

စာမျက်နှာ ၁၅ သို့




# တိမ်ပင်လယ်စခန်းများစုဝေးရာ နောင်ချိုမြို့၌ ဖွင့်လှစ်တော့မည့် ဒုဋ္ဌဝတီတိမ်ပင်လယ် စခန်းသစ်

**ယဉ်လာဒ်၊ ဓာတ်ပုံ- မပိုးအိ၊ ကိုဖြိုးဝေလင်း**


မကြာခင်ဖွင့်လှစ်တော့မည့် ဒုဋ္ဌဝတီတိမ်ပင်လယ် အပန်းဖြေစခန်းမှ ရောင်စုံဘန်ဂလိုများ။

မိုးကုန်လို့ ဆောင်းဦးဝင်ရောက်လာတာနဲ့ တစ်ပြိုင်နက် တိမ်ပင်လယ်ရာသီကို တစ်ဖန်ရောက်ရှိလာတော့မှာဖြစ်ပြီး ရှမ်းပြည်နယ်ဘက်မှာဆိုရင် တိမ်ပင်လယ်တွေကို အပြိုင်အဆိုင် တွေ့မြင်လာရတော့မှာ ဖြစ်ပါတယ်။ မကြာခင်မှာ သီတင်းကျွတ်ပိတ်ရက်ရှည်လည်း ရောက်ရှိလာတော့မှာဖြစ်တာမို့ ဒီတစ်ပတ်မှာတော့ နောင်ချိုမြို့က တိမ်ပင်လယ်စခန်းတွေအကြောင်း ရေးသားဖော်ပြချင်ပါတယ်။

### ဒုဋ္ဌဝတီတိမ်ပင်လယ်စခန်း

တိမ်ပင်လယ်ကို ချစ်တဲ့သူတွေအတွက် နောင်ချိုမြို့မှာ တိမ်ပင်လယ်တွေကို ကြည့်ရှုနိုင်တဲ့ တိမ်ပင်လယ်စခန်း များစွာရှိပြီး ရွေးချယ်စရာတွေကလည်း များပြားလာပါတယ်။ ဒီအထဲကမှ ရောင်စုံဘန်ဂလိုတွေနဲ့ ထူးထူးခြားခြားတည်ဆောက်ထားတဲ့ ဒုဋ္ဌဝတီတိမ်ပင်လယ် အပန်းဖြေစခန်းအသစ်အကြောင်း ဖော်ပြပေးချင်ပါတယ်။

နောင်ချိုကြီးကျေးရွာနဲ့ သိပ်မဝေးလှတဲ့ မဲပုတ်ကျေးရွာမှာတည်ရှိပြီး ဒုဋ္ဌဝတီတိမ်ပင်လယ်စခန်းလို့ အမည်ရှိတဲ့ တိမ်ပင်လယ်စခန်းကို အောက်တိုဘာ ၁ ရက်မှာ စတင်ဖွင့်လှစ်တော့မှာ ဖြစ်ပါတယ်။ ဒီအပန်းဖြေစခန်းကိုတော့ မြေဧက ငါးဧကပေါ်မှာ ဖော်ဆောင်ထားပြီး မြင်းစီးကွင်း ၊ စက်ဘီးစီးကွင်း၊ ပန်းခြံအပြင် နာနတ်သီးစိုက်ခင်းတွေပါ ထည့်သွင်းစိုက်ပျိုးထားတယ်လို့ နောင်ချိုဒေသခံ ရင်းနှီးမြှုပ်နှံသူတစ်ဦးဖြစ်တဲ့ ဦးသိန်းလွင်ဦးက စာရေးသူကို ပြောပြပါတယ်။

မဲပုတ်ကျေးရွာမှာဖွင့်ထားတဲ့ ဒုဋ္ဌဝတီတိမ်ပင်လယ် အပန်းဖြေစခန်းကို Luxury Type ပုံစံမျိုးဖွင့်ထားတာဖြစ်ပြီး ပြင်ဦးလွင်မြို့ကိုရောက်ရှိတဲ့ ခံစားမှုမျိုးလေးကိုလည်း ရရှိပါတယ်လို့ သွားရောက်လည်ပတ်ခဲ့တဲ့ ခရီးသွားတစ်ဦးက စာရေးသူကို ပြန်လည်မျှဝေပြောပြပါတယ်။

### ရွက်ဖျင်တဲနှင့် ဘန်ဂလိုများ

ဒုဋ္ဌဝတီတိမ်ပင်လယ်စခန်းမှာ ရွက်ဖျင်တဲ ၁၁ လုံးနဲ့ ရောင်စုံဘန်ဂလို လုံးချင်းအိမ် ၁၄ လုံး စုစုပေါင်း ၂၅ လုံးရှိပါတယ်။ လေးယောက်နေထိုင်နိုင်တဲ့ ဘန်ဂလိုငှားရမ်းခ ဈေးနှုန်းက ကျပ် နှစ်သိန်း၊ ရှစ်ယောက် နေထိုင်နိုင်တဲ့ ဘန်ဂလိုဈေးနှုန်းက ကျပ် ၃၂၀၀၀၀ ဖြစ်ပြီး နှစ်ယောက်အိပ် ရွက်ဖျင်တဲငှားမယ်ဆိုရင်တော့ ကျပ်ရှစ်သောင်းဖြစ်တယ်လို့ သိရပါတယ်။

နောင်ချိုမြို့ရဲ့တိမ်ပင်လယ် ရာဇဝင်ကို ပြန်ကြည့်ရင်တော့ တိမ်ပင်လယ်ကို စတင်ဖော်ဆောင်ခဲ့တာက ဦးထွန်းရွှေတိမ်ပင်လယ်ဖြစ်တယ်လို့ နောင်ချိုကြီးကျေးရွာအုပ်ချုပ်ရေးမှူးက စာရေးသူကို ပြောပြပါတယ်။ ရှမ်းတောင်တန်းတွေရဲ့တောင်ထိပ်လေးတွေမှာ ရွက်ဖျင်တဲလေးတွေနဲ့ တိမ်ပင်လယ်တွေကို ကြည့်ရှုကြရာက စတင်လာခဲ့ကြပြီး အခုဆိုရင် ဧည့်သည်တွေရဲ့ စိတ်ကြိုက်ရွေးချယ်စရာတွေ များလောက်အောင် တိမ်ပင်လယ်စခန်းတွေကို တစ်ခုပြီးတစ်ခု ဖွင့်လာခဲ့ကြတာဖြစ်ပါတယ်။ အခုဆိုရင် နောင်ချို မြို့မှာ တိမ်ပင်လယ်စခန်းတွေ ၁၅ ခု ဝန်းကျင် ရှိလာနေပါပြီ။

### တိမ်ပင်လယ်ကြည့်လို့ရတဲ့ စခန်းတွေ

လက်ရှိမှာ နောင်ချိုကြီးကျေးရွာက တိမ်ပင်လယ်ကြည့်လို့ရတဲ့ စခန်းတွေကတော့ တိမ်ပင်လယ်ဦးထွန်းရွှေ၊ သတ္တာမမြောက် ကောင်းကင်ဘုံ ၊ Cherry Hill Resort၊ Sky Resort၊ Cotton Hill၊ ထင်ရှားမောင် တိမ်ပင်လယ်စခန်း၊ Win Villa နှင့် Naykyar Villa

> **နောင်ချိုကြီးကျေးရွာက တိမ်ပင်လယ်ကြည့်လို့ရတဲ့ စခန်းတွေကတော့ တိမ်ပင်လယ် ဦးထွန်းရွှေ၊ သတ္တာမမြောက်ကောင်းကင်ဘုံ ၊ Cherry Hill Resort ၊ Sky Resort ၊ Cotton Hill၊ ထင်ရှားမောင် တိမ်ပင်လယ်စခန်း၊ Win Villa နှင့် Naykyar Villa စတဲ့စခန်းတွေဖြစ်ပြီး နောက်ထပ်တိမ်ပင်လယ်စခန်းအသစ်တွေလည်း ထပ်မံဖွင့်လှစ်သွားဖို့ရှိ**

စတဲ့စခန်းတွေဖြစ်ပြီး နောက်ထပ်တိမ်ပင်လယ်စခန်းအသစ်တွေလည်း ထပ်မံဖွင့်လှစ်သွားဖို့ရှိသေးတယ်လို့ နောင်ချိုကြီး ကျေးရွာအုပ်ချုပ်ရေးမှူးက ပြောပါတယ်။ တိမ်ပင်လယ်စခန်းတွေရဲ့ ဈေးနှုန်းတွေက မတူညီကြပါဘူး။ အနည်းဆုံး ကျပ်သုံးသောင်းကနေ အများဆုံး ကျပ်လေးသိန်းအထိ ဈေးနှုန်းအစားစား ရှိကြပါတယ်။ နောင်ချိုကြီးကျေးရွာနဲ့ သိပ်မဝေးတဲ့ မဲပုတ်ကျေးရွာမှာ ဓနုတိုင်းရင်းသားတွေ များစွာ နေထိုင်ကြပါတယ်။

ဒီဒေသရဲ့သဘာဝကျေးလက်အလှတရားတွေကို ဖော်ထုတ်ပြသရာလည်းရောက်မယ်၊ ဒေသခံတွေရဲ့ အလုပ်အကိုင်တွေလည်း ရရှိစေမယ့်အပြင် ဓနုတိုင်းရင်းသားတို့ရဲ့ ရိုးရာဝတ်စားဆင်ယင်ထုံးဖွဲ့မှုတွေ၊ ဓလေ့ထုံးတမ်းတွေကို ပြည်တွင်းပြည်ပက ခရီးသွားဧည့်သည်တွေကို သိစေချင်တဲ့ ရည်ရွယ်ချက်တွေကြောင့် အခုလိုမျိုး ဒုဋ္ဌဝတီတိမ်ပင်လယ်စခန်းကို ဖွင့်လှစ်ခဲ့တာပါလို့ အပန်းဖြေစခန်းပိုင်ရှင် ဦးဖြိုးဝေလင်းက စာရေးသူကို ပြောပြပါတယ်။

ဒုဋ္ဌဝတီတိမ်ပင်လယ်စခန်းကို လာရောက်လည်ပတ်ကြတဲ့ ဧည့်သည်တွေအတွက် ထူးထူးခြားခြားအနေနဲ့ ကိန္နရီကိန္နရာ အကအလှတွေ၊ ရှမ်းအိုးစည်နဲ့ ဓနုအကအလှတွေကို အောက်တိုဘာ ၁ ရက်ကစပြီး နေ့စဉ် ည ၇ နာရီမှ ည ၉ နာရီအထိ ဖျော်ဖြေပေးသွားမှာဖြစ်တယ်လို့ ဒုဋ္ဌဝတီတိမ်ပင်လယ်စခန်းမှ မန်နေဂျာ မအောင်ကြင်းက ပြောပါတယ်။

အခုလိုမျိုး တိမ်ပင်လယ်စခန်းတွေ အပြိုင်အဆိုင်ဖွင့်လာရတဲ့ အကျိုးကျေးဇူးတွေကတော့ ဒေသရဲ့ အလှအပတွေကို ဖော်ထုတ်ပြသပေးနိုင်ပြီး ပြည်တွင်း ခရီးသွား လုပ်ငန်းတွေကို ပိုပြီးဖွံ့ဖြိုးတိုးတက်လာစေပါတယ်။ မတူညီတဲ့ ရိုးရာ အစားအစာတွေကို မြည်းစမ်းနိုင်တယ်။ ချစ်စရာကောင်းလှတဲ့ တိုင်းရင်းသားတွေ့ရဲ့ ရိုးရာဓလေ့တွေကို မြင်တွေ့ ခွင့်ရစေပါတယ်။

တိမ်ပင်လယ်ရှုခင်းတွေကို သဘောကျတဲ့သူတွေအနေနဲ့လည်း တိမ်တွေအလိပ်လိပ်တက်လာတဲ့ မြင်ကွင်းကို ကြည့်ချင်လား၊ လွင့်မျောလာတဲ့ တိမ်စိုင်တိမ်ခဲတွေကို ငေးမောကြည့်ချင်လား၊ စိတ်ဖိစီးမှုတွေကို လျှော့ချချင်လား၊ တောင်တန်းတွေနဲ့အပြိုင် တိမ်ပင်လယ်အလှတရားတွေကို ကြည့်ရှုချင်သလား။ သဘာဝရဲ့ အလှအပကြားထဲမှာ ယစ်မူးပြီး လှပငြိမ်းချမ်းတဲ့နေရာလေးမှာ အနားယူချင်ရင်တော့ နောင်ချိုမြို့က ဓနုတိုင်းရင်းသားတွေ နေထိုင်ကြတဲ့ မဲပုတ်ကျေးရွာက ဒုဋ္ဌဝတီတိမ်ပင်လယ် အပန်းဖြေစခန်းဆီကို သွားရောက်လည်ပတ်နိုင်စေဖို့ ခရီးသွားနေရာသစ်တစ်ခုအကြောင်း ရေးသားဖော်ပြပေးလိုက်ရပါတယ်။ ။






နောင်ချိုကြီးကျေးရွာ၌ ဖွင့်လှစ်ထားသည့် Win Villa တိမ်ပင်လယ်စခန်းမှ အလှအပရှုခင်းများ။

## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကြိုဆိုဂုဏ်ပြု ရန်ကုန်တိုင်းဒေသကြီးရဲတပ်ဖွဲ့မှ ရဲတပ်ဖွဲ့ဝင်များ စုပေါင်းသွေးလှူဒါန်း



ရန်ကုန် စက်တင်ဘာ ၂၃

(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ အရာရှိတပ်ဖွဲ့ဝင် ၁၄ ဦး၊ အခြားအဆင့်တပ်ဖွဲ့ဝင် ၁၀၆ ဦး စုစုပေါင်း ၁၂၀ တို့သည် ယနေ့ နံနက်ပိုင်းက ဒဂုံမြို့နယ် ပြည်လမ်းအရှေ့ရပ်ကွက် ဦးဝိစာရလမ်း၊ အမှတ်(၂) တပ်မတော်ဆေးရုံ(ခုတင်-၅၀၀) ၌ စုပေါင်းသွေးလှူဒါန်းကြသည်။

အဆိုပါ စုပေါင်းသွေးလှူဒါန်းမှုကို ရန်ကုန်တိုင်းဒေသကြီး ရဲတပ်ဖွဲ့၊ ဒုတိယတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး မျိုးကြည် ဦးဆောင်၍ ခရိုင်ရဲတပ်ဖွဲ့မှူးများ တက်ရောက်အားပေးပြီး သွေးလှူဒါန်းသည့် တပ်ဖွဲ့ဝင်များကို အာဟာရဖြည့်စွက်စာများ ပေးအပ်သည်။

မြန်မာ့အလင်း



(၅၉) နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပွင့်ဖြူမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းဦး ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များ စုပေါင်းအဖွဲ့က ပွင့်ဖြူမြို့နယ် လယ်ကိုင်းကျေးရွာအနီးရှိ စကြာပန်းတောင်းစေတီတော်မြတ်ကြီး၌ ပြည်သူ့အကျိုးပြု စုပေါင်းသန့်ရှင်းရေးလုပ်ငန်းကို စက်တင်ဘာ ၂၃ ရက်က ဆောင်ရွက်စဉ်။

လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)

## လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများ ကျင်းပ

**နိုင်ငံ၏ အနာဂတ်တာဝန်များကို ပခုံးပြောင်းထမ်းဆောင်ကြမည့် ကျောင်းသား ကျောင်းသူ လူငယ်လူရွယ်လေးများအနေဖြင့် အသိဉာဏ်ပညာ ဗဟုသုတများ ပြည့်စုံကြွယ်ဝပြီး ကာယ၊ ဉာဏ၊ စာရိတ္တ၊ မိတ္တ၊ ဘောဂ စသည့် ဗလငါးတန် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ရည်ရွယ်၍ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး လူငယ်ရေးရာဟောပြောပွဲနှင့် လူငယ်စကားဝိုင်းဆွေးနွေးပွဲများကို မြို့နယ်အသီးသီး၌ ကျင်းပလျက်ရှိသည်။**

### ကလေးဝ

စစ်ကိုင်းတိုင်းဒေသကြီး ကလေးဝမြို့ အခြေခံပညာအထက်တန်းကျောင်း ပညာရတနာခန်းမ၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းဆွေးနွေးပွဲတွင် မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးဇော်ဝင်းထွန်းက ဦးဆောင်၍ Grade 10 နှင့် 11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ခေါင်းဆောင်၊ လူငယ်နှင့်မျိုးချစ်စိတ်၊ လူငယ်နှင့် အလုပ်အကိုင်အခွင့်အရေး၊ လူငယ်နှင့်အနာဂတ် စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးခဲ့ကြပြီး ဆွေးနွေးပွဲသို့ တက်ရောက်လာသော ကျောင်းသား ကျောင်းသူများကလည်း သိရှိလိုသည်များကို အပြန်အလှန် မေးမြန်းဆွေးနွေးခဲ့ကြသည်။ **မြို့နယ်(ပြန်/ဆက်)**

### စလင်း

မကွေးတိုင်းဒေသကြီး စလင်းမြို့နယ် ဆင်ဖြူကျွန်းမြို့ ပြည်စိုးကုန်း အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၁ ရက်က ကျင်းပသည့် လူငယ်ရေးရာ အသိပညာပေးဟောပြောပွဲတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခေတ္တဥက္ကဋ္ဌ ဦးမြင့်သိန်းက အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဦးအေးလင်းက ပြည်ထောင်စုစိတ်ဓာတ်အကြောင်း၊ စားသုံးသူရေးရာဦးစီးဌာနမှ တာဝန်ခံ ဦးဆန်းလင်းမောင်က စားသုံးသူကာကွယ်ရေးဆိုင်ရာ သိကောင်းစရာများ၊ ဥပဒေအရာရှိ ဦးရန်အောင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာများ၊ ရဲအုပ်သန်းလွင်က မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးနှင့် လူကုန်ကူးမှုတားဆီးကာကွယ်ခြင်း၊ ယာဉ်ထိန်းရဲတပ်ကြပ်ကြီး ဇင်မင်းထိုက်က ယာဉ်စည်းကမ်းလမ်းစည်းကမ်းများကို ဟောပြော၍ ဟောပြောပွဲသို့ ကျောင်းသား ကျောင်းသူ ၃၅၀ ခန့်တက်ရောက်ခဲ့ကြသည်။ **မောင်လွင်(စလင်း)**

### ပေါက်တော

ရခိုင်ပြည်နယ် ပေါက်တောမြို့နယ် အခြေခံပညာအလက(ခွဲ)(ကျောက်ဆိပ်)၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိဒေါ်တင်တင်စိန်က အမှာစကားပြောကြားပြီး ကျောင်းသား ကျောင်းသူများက လူငယ်နှင့်ကျန်းမာရေး၊ လူငယ်နှင့်ပညာရေး၊ လူငယ်နှင့်အနာဂတ်၊ လူငယ်နှင့်အားကစား၊ လူငယ်နှင့် မူးယစ်ဆေးဝါး၊ လူငယ်နှင့်ပေါင်းသင်းဆက်ဆံရေးအစရှိသည့် ခေါင်းစဉ်များကို ဦးဆောင်ဆွေးနွေးကြကာ တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများကလည်း သိရှိလိုသည်များကို မေးမြန်း၍ ဦးဆောင်ဆွေးနွေးသည့် ကျောင်းသား ကျောင်းသူများက ပြန်လည်ဆွေးနွေးဖြေကြားကြသည်။ **ဝင်းမင်းစိုး (ပြန်/ ဆက်)**

### တပ်ကုန်း

နေပြည်တော် တပ်ကုန်းမြို့နယ် ကင်းသာကျေးရွာအုပ်စု အခြေခံပညာအထက်တန်းကျောင်း(ကင်းသာ)၌ စက်တင်ဘာ ၂၂ ရက်က ကျင်းပသည့် လူငယ်စကားဝိုင်းတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့မှ အဖွဲ့ဝင်(၂) ဒေါက်တာ ခင်မောင်ထွန်းက အမှာစကားပြောကြားပြီး မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်တင့်တင့်ခိုင်က စေ့စပ်ညှိနှိုင်းသူအဖြစ် ဆောင်ရွက်ကာ အခြေခံပညာအထက်တန်းကျောင်း(ကင်းသာ)မှ Grade 11 ကျောင်းသား ကျောင်းသူများက လူငယ်နှင့်စည်းကမ်း၊ လူငယ်နှင့်စာရိတ္တ၊ လူငယ်နှင့် IT နည်းပညာ၊ လူငယ်နှင့်မူးယစ်ဆေးဝါးအန္တရာယ်၊ လူငယ်နှင့် အားကစားခေါင်းစဉ်တို့ဖြင့် ဦးဆောင်ဆွေးနွေးကာ တက်ရောက်လာသည့်ကျောင်းသား ကျောင်းသူများက သိရှိလိုသည်များကို ပြန်လည်ဆွေးနွေးခဲ့ကြသည်။

**တင်စိုးလွင်**



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်တိုင်းဒေသကြီး ကမာရွတ်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး လှဦး၊ ဗဟန်းမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင့်လွင်၊ ဗဟန်းမြို့မရဲစခန်းမှူး ဒုတိယရဲမှူးစိုးနိုင် ဦးဆောင်သော ရဲတပ်ဖွဲ့ဝင်များက ဗဟန်းမြို့နယ် မဟာသကျအတုလမာရ်အောင် ငါးထပ်ကြီးမြတ်စွာဘုရား ရင်ပြင်တော်နှင့် ဘုရားပရိဝုဏ်အတွင်း စက်တင်ဘာ ၂၃ ရက်က လုပ်အားဒါန စုပေါင်း သန့်ရှင်းရေး ဆောင်ရွက်စဉ်။

အာကာစိုး



(၅၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် သတင်းရဲတပ်ဖွဲ့အမှတ်(၁၆)တပ်ဖွဲ့ခွဲ(နယ်စပ်ဒေသ)တပ်ဖွဲ့ခွဲမှူး ဒုတိယရဲမှူးကြီး သန်းဇော်ထွန်း ဦးဆောင်သောတပ်ဖွဲ့ဝင်များက ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် အ.မ.က (၁၈) ၌ စက်တင်ဘာ ၂၂ ရက်က စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မြို့နယ်(ပြန်ဆက်)

## ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၁၇ တုံး၊ အလေးချိန် ၄၀ ဒသမ ၉၅ ကီလို ဖမ်းဆီးရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ရှမ်းပြည်နယ် (တောင်ပိုင်း) ပင်လောင်းမြို့နယ်၌ ငွေကျပ်သိန်း ၆၁၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၁၇ တုံး၊ အလေးချိန် ၄၀ ဒသမ ၉၅ ကီလို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၁၆ ရက် နံနက် ၁၀ နာရီတွင် ရှမ်းပြည်နယ်(တောင်ပိုင်း) ပင်လောင်းမြို့နယ် လိန်းလီကျေးရွာအနီး၌ ပင်လောင်းဘက်မှ တပ်ကုန်းဘက်သို့ ခွန်တင်ထွန်း(ခ)ခွန်ပေရယ် မောင်းနှင်ပြီး ခွန်စိုးထိုက် လိုက်ပါလာသည့် HIACE မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်ပေါ်မှ ဒေသကာလတန်ဖိုးငွေကျပ်သိန်း ၆၁၀၀ ကျော်တန်ဖိုးရှိဘိန်းဖြူဘလောက်တုံး ၁၁၇ တုံး၊ အလေးချိန် ၄၀ ဒသမ ၉၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ သိမ်းဆည်းရမိဘိန်းဖြူဘလောက်တုံးများကို ရှမ်းပြည်နယ်မှ ကရင်ပြည်နယ်သို့ သယ်ဆောင်ခြင်းဖြစ်ကြောင်း သိရသဖြင့် ၎င်းတို့အား ဥပဒေအရအရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။



သိမ်းဆည်းရမိသည့် ဘိန်းဖြူဘလောက်တုံးများနှင့်အတူ တွေ့ရစဉ်။

**သတင်းစဉ်**

## သပိတ်ကျင်းနှင့် နောင်ချိုမြို့နယ်တို့၌ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

**နေပြည်တော် စက်တင်ဘာ ၂၃**

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၂ ရက် မွန်းလွဲ ၂ နာရီခွဲတွင် သပိတ်ကျင်းမြို့နယ် ကျောက်ဖျာကျေးရွာအုပ်စု ကျောက်ဖျာကျေးရွာအနီးတွင် ပေါ်ရှင်မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ၎င်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၃၉၀၀ ကိုလည်းကောင်း၊ ထို့ပြင် ပူးပေါင်းအဖွဲ့သည် စက်တင်ဘာ ၂၁ ရက် မွန်းလွဲ ၃ နာရီခွဲတွင် နောင်ချိုမြို့နယ် တောင်ရှည်ကျေးရွာအုပ်စု မကျည်းရေကျေးရွာအနီး နောင်ချို-ရပ်စောက်သွားကားလမ်း ဒုဋ္ဌဝတီတံတားတွင် ဟုန်ကျင်ဟုန် မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ပြောင်းဆေးဝါး (Happy Water ) ၅ ဒသမ ၀၅ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရအရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ ငလျင်လှုပ်




**နေပြည်တော် စက်တင်ဘာ ၂၃**

၂၀၂၃ ခုနှစ် စက်တင်ဘာ ၂၃ ရက် မြန်မာစံတော်ချိန် ည ၈ နာရီ ၅၄ မိနစ် ၃၅ စက္ကန့်တွင် ကမ္ဘာ့အေးမြေငလျင်စခန်းမှ အရှေ့မြောက်ဘက် ၂၇ မိုင်ခန့် ကွာဝေးသော မြန်မာနိုင်ငံပြည်တွင်း (ပဲခူးမြို့၏အနောက်တောင်ဘက် ၁၂ မိုင်ခန့်အကွာ)၊ မြောက်လတ္တီတွဒ် ၁၇ ဒသမ ၂၃ ဒီဂရီ၊ အရှေ့လောင်ဂျီတွဒ် ၉၆ ဒသမ ၃၂ ဒီဂရီ၊ အနက် ၁၀ ကီလိုမီတာကို ဗဟိုပြု၍ အင်အားရစ်(ခ်)တာစကေး ၅ ဒသမ ၁ အဆင့်ရှိ အင်အားအသင့်အတင့်ရှိသော မြေငလျင်တစ်ခု လှုပ်ရှားသွားကြောင်း တိုင်းထွာရရှိသည်။

**မိုး/ဇလ**



# (၇၉)နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် နေပြည်တော်ရဲတပ်ဖွဲ့မှူး ဦးဆောင်ပြီး စုပေါင်းသွေးလှူဒါန်း

**ပျဉ်းမနား စက်တင်ဘာ ၂၃**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ ရန်အောင်(၂) ရပ်ကွက်ရှိ ခုတင်-၂၀၀ ပြည်သူ့ဆေးရုံကြီးတွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲပြုလုပ်ခဲ့ရာ နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုလွင်၊ ရဲမှူးကြီး သန်းအေး၊ ဒုတိယရဲမှူးကြီး မျိုးလွင်၊ ဒုတိယရဲမှူးကြီး ကျော်ကျော်ညွန့်၊ ဒုတိယရဲမှူးကြီး ခင်ဇော်တို့ တက်ရောက်ကြသည်။

သွေးလှူဒါန်းရာတွင် (၇၉)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင် ၃၂ ဦးတို့က ခုတင်-၂၀၀ ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းကြပြီး ကျန်းမာရေးဝန်ထမ်းများက ဆေးစစ်ခြင်း၊ သွေးလက်ခံရယူခြင်းများကို ဆောင်ရွက်ကြသည်။ ထို့နောက် နေပြည်တော်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ကိုကိုလွင်နှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသည့် ရဲတပ်ဖွဲ့ဝင်များအား ပဲနို့အချိုရည်၊ လစ်ပိုအချိုရည်၊ ကိတ်မုန့်၊ ရေသန့်၊ အားဆေး၊ ကြက်ဥ စသည့်အာဟာရဖြည့်စွက်စာများကို ပေးအပ်ခဲ့ကြောင်း သိရသည်။ **မျိုးသီဟ(ပြန်/ဆက်)**



(၇၉)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၂၃ ရက်က အောင်လံခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ညီညီထွန်း ဦးစီးသည့်ရဲတပ်ဖွဲ့ဝင်များ တရော်ကုန်းရပ်ကွက်ရှိ ရှေးဟောင်းသမိုင်းဝင် သာသနာ့ဗိမာန်နှင့် ဘုရားပရိဝုဏ်အတွင်း၌ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။ မျိုးသိန်း(ပြန်/ဆက်)

# ပရီမီယာလိဂ်ပွဲစဉ် (၆)တွင် မန်စီးတီးနိုင်ပွဲရပြီး ပဲလေ့စ်နှင့် လူတန်အသင်းတို့ သရေကျ

ပရီမီယာလိဂ်ပွဲစဉ် (၆) မှ စက်တင်ဘာ ၂၃ ရက် ည ၈ နာရီခွဲက တစ်ချိန်တည်းယှဉ်ပြိုင်ကစားသည့် ပွဲစဉ်များတွင် မန်စီးတီး အနိုင်ရရှိပြီး လူတန်၊ ပဲလေ့စ် အသင်းတို့ သရေတစ်မှတ်သာ ကိုယ်စီရရှိခဲ့ကြသည်။

မန်စီးတီးနှင့် နော်တင်ဟမ်ဖောရက်စ် အသင်းပွဲစဉ်တွင် မန်စီးတီးအသင်းကပထမပိုင်းတွင် တစ်ဖက်သတ် ဖိအားပေးကစားနိုင်ခဲ့ပြီး လိုအပ်သည့်သွင်းဂိုးများ ရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ပုံမှန်ခြေစွမ်းပြသရန် ရုန်းကန်နေရသည့် နော်တင်ဟမ်အသင်းသည် ယခုပွဲစဉ်တွင်လည်း ခြေစွမ်းပြသနိုင်ခြင်း မရှိပေ။

မန်စီးတီးသင်းအတွက် သွင်းဂိုးများကို ဖိုဒင်၊ ဟာလန်းတို့က သွင်းယူပေးနိုင်ခဲ့သည်။ ပွဲချိန် ၄၆ မိနစ်တွင် မန်စီးတီးအသင်းမှ ရိုဒရီ တိုက်ရိုက်အနီကတ်ပြ ထုတ်ပယ်ခံခဲ့ရသည်။

ဖူလ်ဟမ်နှင့် ခရစ္စတယ်ပဲလေ့စ်အသင်းတို့ပွဲတွင် ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။ လူတန်နှင့် ဝုဖ်အသင်းပွဲစဉ်တွင်လည်း တစ်ဖက်တစ်ဂိုးစီဖြင့် ပွဲပြီးဆုံးခဲ့သည်။ ပထမဆုံး ပရီမီယာလိဂ်နိုင်ပွဲရှာတွေ့ရန် အသင်းကို အကောင်းဆုံးပြင်ဆင်လာခဲ့သော လူတန်အသင်းသည် ဂိုးကန်သွင်းမှုအသာ၊ ဘောလုံးပိုင်ဆိုင်မှုအသာဖြင့် ပွဲကိုထိန်းချုပ်ကစားနိုင်ခဲ့သော်လည်း တစ်ဖက်တစ်ဂိုးစီဖြင့်သာ ကျေနပ်ခဲ့ရသည်။ ပွဲချိန် ၃၉ မိနစ်တွင် ဝုဖ်အသင်းမှ ဘဲလ်ဂရိတ် အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။

ဘရန့်ဖို့ဒ်နှင့် အဲဗာတန်ပွဲတွင် အဲဗာတန်က သုံးဂိုး - တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

**အောင်ဇော်**



ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် သမဝါယမအသင်းစုလီမိတက်၏၂၀၂၂-၂၀၂၃ ဘဏ္ဍာရေးနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာအစည်းအဝေးနှင့် ဒါရိုက်တာအဖွဲ့ရွေးချယ်တင်မြှောက်ပွဲကို စက်တင်ဘာ ၂၃ ရက်က မြို့နယ်သမဝါယမ အသင်းစုလီမိတက်၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး သမဝါယမဦးစီးဌာန တိုင်းဦးစီးမှူး ဒေါ်ဥမ္မာမြင့် အမှာစကားပြောကြားစဉ်။ အာကာလင်း

# အာရှအားကစားပြိုင်ပွဲ ရိုးရာလှေပြိုင်ပွဲ မြန်မာရိုးရာလှေအဖွဲ့ ပြိုင်ပွဲအမျိုးအစားခြောက်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

**ရန်ကုန် စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပလျက်ရှိသည့် (၁၉)ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲတွင် မြန်မာရိုးရာလှေအဖွဲ့သည် ပြိုင်ပွဲအမျိုးအစား ခြောက်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။

အာရှအားကစားပြိုင်ပွဲတွင် လှေလှော်အားကစားနည်း၌ အပြည်ပြည်ဆိုင်ရာလှေ၊ ကနူး/ကယက်နှင့် ရိုးရာလှေပြိုင်ပွဲ သုံးမျိုးစလုံး ပါဝင်မည်ဖြစ်ပြီး မြန်မာလှေလှော်အဖွဲ့အနေဖြင့် ရိုးရာလှေပြိုင်ပွဲတွင်သာ ယှဉ်ပြိုင်ခြင်းဖြစ်သည်။ ရိုးရာလှေ (နဂါးလှေ) အားကစားနည်းတွင် မီတာ ၂၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ ၅၀၀ အမျိုးသားပြိုင်ပွဲ၊ အမျိုးသမီးပြိုင်ပွဲ၊ မီတာ ၁၀၀၀ အမျိုးသားပြိုင်ပွဲနှင့် အမျိုးသမီးပြိုင်ပွဲတို့ ပါဝင်မည်ဖြစ်ပြီး မြန်မာ့ရိုးရာလှေအဖွဲ့အနေဖြင့် ထည့်သွင်းကျင်းပမည့် ပြိုင်ပွဲအမျိုးအစားခြောက်မျိုးစလုံး ဝင်ရောက်ယှဉ်ပြိုင်မည်ဖြစ်သည်။ အာရှအားကစားပြိုင်ပွဲ၏ ရိုးရာလှေပြိုင်ပွဲကို အောက်တိုဘာ ၄ ရက်မှ ၆ ရက်အထိ ကျင်းပမည်ဖြစ်ပြီး ရွှေတံဆိပ်ခြောက်ခု ချီးမြှင့်သွားမည်ဖြစ်သည်။

မြန်မာရိုးရာလှေအဖွဲ့ကို မြန်မာနိုင်ငံ လှေလှော်အဖွဲ့ချုပ်ဥက္ကဋ္ဌ ဦးသောင်းထိုက်မင်း ဦးဆောင်၍ အုပ်ချုပ်/နည်းပြအဖွဲ့ဝင် ငါးဦး၊ ကစားသမားအမျိုးသား-၁၄ ဦး၊ အမျိုးသမီး-၁၄ ဦးဖြင့် ယှဉ်ပြိုင်မည်ဖြစ်သည်။ မြန်မာရိုးရာလှေအဖွဲ့သည် မေလအတွင်းယှဉ်ပြိုင်ခဲ့သည့် (၃၂) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲတွင် အောင်မြင်မှုရခဲ့သည့် ကစားသမားများကိုအခြေခံကာ လူငယ်ကစားသမားများဖြင့် ပေါင်းစပ်ဖွဲ့စည်းထားခြင်းဖြစ်သည်။

**ရဲရင့်လွင်**

## ယနေ့ဈေးကွက်ပေါက်ဈေးများ

၂၃ - ၉ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

| စက်သုံးဆီ | (ရန်ကုန်) | (မန္တလေး) |
|---|---|---|
| ဒီဇယ်(တစ်လီတာ) | ၂၅၅၀ ကျပ် | ၂၆၀၀ ကျပ် |
| ပရီမီယံဒီဇယ်(တစ်လီတာ) | ၂၆၂၅ ကျပ် | ၂၆၇၅ ကျပ် |
| အောက်တိန်း ၉၂ | ၂၂၉၀ ကျပ် | ၂၃၃၅ ကျပ် |
| အောက်တိန်း ၉၅ | ၂၃၉၀ ကျပ် | ၂၄၄၀ ကျပ် |

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
ခေတ္တစာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ - ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချီရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၃၀၀ | ၉၃၀၀ | ၃ | ၂၇၉၀၀ |
| MTSH | ၃၀၅၀ | ၃၀၀၀ | ၂၈၀၆ | ၈၄၇၃၀၀၀ |
| MCB | ၇၅၀၀ | ၇၅၀၀ | ၁ | ၇၅၀၀ |
| FPB | ၁၇၀၀ | ၁၇၀၀ | ၁၆၂ | ၂၇၅၄၀၀ |
| TMH | ၂၄၀၀ | ၂၄၀၀ | ၇ | ၁၆၈၀၀ |
| EFR | ၂၃၀၀ | ၂၃၀၀ | ၄ | ၉၂၀၀ |
| AHPC | ၄၉၀၀ | ၄၉၀၀ | ၈ | ၃၉၂၀၀ |
| MAEPC | ၁၈၀၀ | ၁၈၀၀ | ၂၀ | ၃၆၀၀၀ |

ညီညီ - စုစည်းသည်




## အင်္ဂလိပ်အက္ခရာ ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 2B/4796 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ် ကြောင်းအများ သိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ပခုက္ကူ)**

## အင်္ဂလိပ်အက္ခရာ ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် BB/7903 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများ သိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊ခရိုင်ရုံး(ပခုက္ကူ)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ-၂၀)
## မဟာအောင်မြေမြို့နယ်တရားရုံးတော်
## ၂၀၂၃ခုနှစ်၊ တရားမကြီးမှုအမှတ်- ၂၀

ဒေါ်အယ်လင် နှင့် ဒေါ်စိန်ညွန့်
တရားလို **တရားပြိုင်**

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ ဦးပိုင်(၇၃)၊အကွက်(၅၄၂)၊ ရတနာ ဘုမ္မိအရှေ့ရပ်ကွက် နေ (ဘ)ဦးစံဦး၏ သမီးဖြစ်သူ ဒေါ်စိန်ညွန့်(ယခုနေရပ် လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်အယ်လင်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင်၏ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးအခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ(၆)ရက်၊ (၁၃၈၅ခုနှစ်၊ တော်သလင်းလပြည့်ကျော်၇ရက်) နေ့မွန်းမတည့်မီ (၁၀)နာရီ အချိန်တွင် အထက်က အမည် ရေးသားပါရှိသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေ တင်ပြ အမှီပြုလိုသည့် စာရွက်စာတမ်း အစရှိသည်တို့ကို သင်နှင့် အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင်၏ကိုယ်စားလှယ် ရှေ့နေလက်တွင်ထည့်အပ်ပို့လိုက်ရမည်။သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၂၂ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(သက်ပိုင်မင်းသော်)**
**ဒုတိယမြို့နယ်တရားသူကြီး(၂)**
**မဟာအောင်မြေမြို့နယ်တရားရုံး**

## ကန့်ကွက်နိုင်သည်

ဦးသာကြည် ၉/စကတ(နိုင်)၀၅၅၀၄၉ (ဘ)ဦးကြည်ရှိန် အမည်ပေါက် ပိုင်ဆိုင်သော ကျောက်ဆည်ခရိုင်၊ စဉ့်ကိုင်မြို့နယ်၊ ခံလူးကျေးရွာအုပ်စု၊ ခံလူးကျေးရွာ၊ ကွင်းအမှတ် (၁၀) ကြေးနီကန်ကွင်း၊ ဦးပိုင်အမှတ် (၅၁/၂)၊ ဧရိယာ (၀.၇၃) ဧက၊ အကျယ်အဝန်းရှိ လယ်ယာမြေပုံစံ (၇)မှာ ပျောက်ဆုံးသွားပါသဖြင့် ပြန်လည်လျှောက်ထားရန်အတွက် သက်ဆိုင်သူများ ကန့်ကွက်နိုင်ပါသည်။

**ဦးသာကြည်**
**၉/စကတ(နိုင်)၀၅၅၀၄၉**
**ဖုန်း-၀၉-၇၉၀၃၅၁၉၄၀၊**
**၀၉-၂၀၃၈၆၀၇**

## တစ်ဦးတည်းဖြစ်ပါကြောင်း

မြိတ်မြို့၊ အထက(မဇော) Grade -12 မှ မနှင်းဖြူအိ၏ဖခင် ဦးမောင်ဇော် နှင့် ဦးဇော်ဝင်း ၆/မမန(နိုင်)၁၄၆၂၅၆ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးမောင်ဇော်(ခ)ဦးဇော်ဝင်း**

## အမည်ပြောင်း

ဦးသူရအောင် ၇/မလန(နိုင်)၀၈၄၉၇၁ - ဒေါ်ဝင်းဝင်းအောင် ၁၂/ဗဟန(နိုင်)၀၉၇၀၇၀ တို့၏သား အမှတ်(၃) အလက၊ ဒဂုံတောင် Grade-5 မှ မောင်ဟိန်းခန့်အောင် အား မောင်ဟိန်းထက်ဇေ ဟု ပြောင်းလဲခေါ်ဆိုပါရန်။

## မိခင်အမည်မှန်

လားရှိုးမြို့၊ အခြေခံပညာ အထက် တန်းကျောင်းခွဲ လ(၅) G-12 မှ မခိုင်သဇင်မြင့်၏ မိခင်အမည်မှန်မှာ ဒေါ်ခင်မျိုးနွယ် ၁၃/လရန(နိုင်)၀၉၂၅၃၄ ဖြစ်ပါ ကြောင်း။

**ဒေါ်ခင်မျိုးနွယ်**

## မွေးသက္ကရာဇ်အမှန်

ဦးငွေသိန်း-ဒေါ်ခင်ခင်(ခ)ဒေါ်အုန်းကြည်တို့၏ သမီး အထက(၄) ဒဂုံတောင်မှ အထက်တန်းပြ ဒေါ်တင်မိုးခိုင် ၁၂/တကန(နိုင်)၁၀၁၇၄၉ ၏ မွေးသက္ကရာဇ်အမှန်မှာ ၄-၃-၁၉၈၁ ဖြစ်ပါကြောင်း။

## ဘိုးဘပိုင်/မြေပိုင်အခွင့်အရေးရရှိထားသော မြေအမည်ပြောင်းလျှောက်ထားကြောင်းကြေညာစာ

တောင်ငူမြို့၊ (၁၉)ရပ်ကွက်၊ အကွက်အမှတ်(၁၄-ဂ)၊ ဘိုထဲ၊ ဦးပိုင်အမှတ်(၂၅/ဃ)၊ ဧရိယာ(၀.၀၇၇)ဧကရှိ အောက်ဖော်ပြပါအလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်(၂၆)၊ (ခ) အနောက်လားသော်- ဦးပိုင် (၂၅/င)၊

(ဂ) တောင်လားသော်- မြို့ကြီးလမ်း၊ (ဃ) မြောက်လားသော်-ဦးပိုင်(၂၉/က)၊

အထက်ဖော်ပြပါမြေကို (ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဦးကျော်စိုး မှ လျှောက်ထားလာသည့်အတွက် ယင်း၏အမည်ကို ပြောင်းလဲပေးမည်ဖြစ်ပါ၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၁ ရက်မတိုင်မီ ဆိုင်ရာစာရွက်စာတမ်း အထောက်အထားများနှင့် တကွ အောက်တွင်လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်း ကြေညာလိုက် သည်။ သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်းနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့နယ်ဦးစီးဌာနမှူး**
**မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာန၊ တောင်ငူမြို့**

## အများသိစေရန်ကြေညာခြင်း

စင်ကာပူနိုင်ငံ၊ အမှတ် (၇)၊ Jurong East Street 32 နေ ကျွန်ုပ်၏ မိတ်ဆွေ ကိုနေလင်းထက်အောင် ၇/ပမန(နိုင်)၁၅၉၆၇၅၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာအပ်ပါသည်။ ကျွန်ုပ်၏မိတ်ဆွေသည် ဒေါ်မေဇင်လေး(ခ)ဂျေဆိုင်းနမ် ၉/ပဥလ(နိုင်)၀၃၃၀၇၄အား တာမွေမြို့နယ်တရားရုံးတော်တွင် ၂၀၂၃ခုနှစ် တရားမကြီးအမှုအမှတ်-၆အရ လင်မယားကွာရှင်းပေးစေလိုမှုကို လျှောက်ထားစွဲဆိုခဲ့ရာ ၅-၇-၂၀၂၃ရက်တွင် တရားရုံးတော်မှ အကြင်လင်မယားအဖြစ် ကွာရှင်းပြတ်စဲပေးစေလိုမှုအား စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်လိုက်သည့်အတွက် ကျွန်ုပ်၏မိတ်ဆွေနှင့် ဒေါ်မေဇင်လေး(ခ)ဂျေဆိုင်းနမ်တို့သည် အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းပြတ်စဲပြီးစီးကြောင်းနှင့် နောက်နောင် မည်သို့မျှ သက်ဆိုင်ခြင်းမရှိတော့ဘဲ ကျွန်ုပ်မိတ်ဆွေ ၏ လူမှုရေး၊ စီးပွားရေး ကိစ္စအဝဝအား ဝင်ရောက်စွက်ဖက်ခြင်း၊ နှောင့်ယှက်ခြင်းမပြုလုပ်ပါရန်နှင့် ပြုလုပ်ပါက တရားဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ခင်သန်းဆွေ(LL.B)၊ တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၈၈၅)**
**ရှေ့နေများရုံးခန်း၊ စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်**

## ဖောင်းကြွနံပတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/3562 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန(ရွာသာကြီး)**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်လုံးချမ်းသာရပ်ကွက်၊ အကွက်အမှတ်(၅၂)၊ ၁၂-လမ်း၊ ၈၁x၈၆လမ်းကြားနေ ဦးရမ်ခရန်း (ဘ) ဦးဘိုလေး ၉/မနမ(နိုင်)၀၈၂၉၆၁)နှင့် ဒေါ်ကိုက်လာရှ်ပသီး (ဘ) ဦးဟီရာလာလ် ၉/မမန(နိုင်)၀၀၇၁၄၈တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ဦးရမ်ခရန်းနှင့် ဒေါ်ကိုက်လာရှ်ပသီးတို့၏သားဖြစ်သူ မောင်ရာဂျေရှ(ရ်)(ခ)ဇော်ဝင်းထွန်း (ဘ) ဦးရမ်ခရန်း ၉/အမဇ(နိုင်)၀၅၆၄၈၄သည် မိဘများ၏ဆုံးမမှုစကားကို နားမထောင်ဘဲ ကိုယ်စိတ်နှစ်ပါး စိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို မိဘများမှ လုံးဝ(လုံးဝ) တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း ကြေညာအပ်ပါသည်။

**ဦးရမ်ခရန်းနှင့် ဒေါ်ကိုက်လာရှ်ပသီးတို့၏လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်သန္တာထွန်း (မဟာဥပဒေဘွဲ့)၊ တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၇၈၁)**
**၅၈-လမ်း၊ ၂၈ x၂၉လမ်းကြား၊ယာဉ်ပျံရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့၊**
**ဖုန်း-၀၉-၂၀၃၈၂၀၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 73W/46344, KENBO-125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခိုင်မိုးနှင်း ၉/ခအဇ(နိုင်)၀၇၃၂၁၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၇ယ/၅၄၆၄၅ ယာဉ်လက်ဝယ်ရှိသူ ဦးတင်ထွေး ၁၀/ပမန(နိုင်)၁၁၇၄၀၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 55W/51876, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးထိန်လင်း ၁၂/လကန(နိုင်) ၂၀၁၅၂၈ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(ရန်ကုန်တောင်ပိုင်း) သန်လျင်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၈၂ယ/၃၉၉၈ ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးမိဆန်း ၁၀/ခဆန(နိုင်)၀၆၇၂၆၁ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## စာအုပ်စာပေ လူ့မိတ်ဆွေ

## ဒီကရီကိုအတည်ပြုလုပ်ရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ
## (တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ -၂၂)
## ပြင်ဦးလွင်မြို့နယ်တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၂၀နှင့် ဆက်နွယ်သည့်
## ၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် -၅၂

ဒေါ်လီမြင့်လန် နှင့် ဗိုလ်မှူးကျော်အေး
**ဒီကရီအနိုင်ရသူ** **တရားရှုံး**

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး (၈)၊ (၁)ရပ်ကွက်၊ အမှတ် (၂၇၃)နေ တရားရှုံး ဗိုလ်မှူးကျော်အေး (ယခုနေရပ်လိပ်စာမသိသူ) သိစေရမည်။

၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် -၂၀တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင် ဒေါ်လီမြင့်လန်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ပြ၍ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရုံးတော်အမိန့်ရရှေ့နေဖြင့်ဖြစ်စေ၊ အကြောင်းပြချေဆိုနိုင်သူ အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်စေ။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ရက်နေ့တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးမိုးအေး)**
**မြို့နယ်တရားသူကြီး**
**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## မိဘအမည်မှန်

ကျောက်တံခါးမြို့နယ်၊ အထက(ခွဲ)၊ ဆယ့်လေးရွာ တက္ကသိုလ်ဝင်တန်းအောင်မြင်ပြီးဖြစ်သော ကျောင်းဝင်အမှတ် (၀၅/၂၁) မမျိုးသန္တာကျော်နှင့် G-12 မှ မမျိုးစန္ဒာကျော် G-5 မှ မစုမွန်ကျော်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်စိုးနိုင် ၇/ကတခ(နိုင်)၀၇၂၄၀၉ ဖြစ်ပြီး မိခင်အမည်မှန်မှာ ဒေါ်ဥမ္မာဝင်း ၇/ကတခ(နိုင်)၁၀၂၅၇၅ ဖြစ်ပါကြောင်း။

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 9G/3887 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အရှေ့ပိုင်း) ရန်ကုန်မြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၇၀ယ/၂၉၃၅၂ ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၀/မလမ(နိုင်)၁၄၁၀၂၀ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၅၆ယ/၉၉၅၉၃ ယာဉ်လက်ဝယ်ရှိသူ ဒေါ်ရွှေမိ ၁၀/မလမ(နိုင်)၃၀၂၅၀၀ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူ ထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး**
**(မော်လမြိုင်မြို့)**

## မန္တလေးမြို့၊ အောင်မြေသာစံမြို့နယ်၊ ပြည်ကြီးကျက်သရေအနောက်ရပ်ကွက်၊ အကွက်အမှတ် (၁၇၀)၊ ဦးပိုင်အမှတ်(၁၁)၊ ဧရိယာ(၀.၃၁၄၁)အကျယ်အဝန်းရှိသော ဒေါ်သစ်အမည်ပေါက် ဘိုးဘပိုင်မြေကွက်နှင့်ပတ်သက်၍ အများသိစေရန်သတိပေးကြေညာခြင်း

အထက်ဖော်ပြပါမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ရေမီတာ၊ လျှပ်စစ်မီတာ (ဆက်လက်သုံးစွဲခွင့်အပါအဝင်) သွယ်တန်းတပ်ဆင်ထားသော ပစ္စည်းအရပ်ရပ်အားလုံး၊ ဝင်းခြံအကာအရံတို့နှင့်တကွ နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမွေဆက်ခံပိုင်ဆိုင်သူများဖြစ်ကြသော (၁)ဒေါ်ညွန့်ညွန့်(ဘ)ဦးလှတင်(၉/မနမ(နိုင်)၀၉၂၅၇၂)၊ (၂)ဒေါ်ခင်မျိုးဝင်း(ဘ)ဦးတင်မောင်(၉/မနမ(နိုင်)၀၈၇၅၀၃)၊ (၃)ဦးကျော်စိန်သော်(ဘ)ဦးအုန်းကျော် (၃/ဘအန(နိုင်)၀၁၉၂၉၈)၊ (၄)ဒေါ်မိုးသီတာအောင်(ဘ)ဦးတင်အောင်(၉/ကဆန(နိုင်)၀၀၀၅၄၂)၊ (၅)ဦးကျော်စိန်ထွန်း (ဘ)ဦးအုန်းကျော်(၃/ဘအန(နိုင်)၁၈၇၂၀၀)၊ (၆)ဦးကျော်ကျော်(ဘ)ဦးကျော်ငြိမ်း(၉/ခမစ(နိုင်)၀၆၁၈၀၇)၊ (၇)ဒေါ်အေးအေးငြိမ်း(ဘ)ဦးကျော်ငြိမ်း(၉/ခမစ(နိုင်)၀၆၁၃၀၇)၊ (၈)ဒေါ်ထားထားလွင်(ဘ)ဦးမြင့်လွင်(၉/ခမစ(နိုင်)၀၃၉၄၅၀ (၉)ဦးကောင်းထက်(ဘ)ဦးမြင့်လွင် (၉/ခမစ(နိုင်)၀၆၅၆၅၆)၊ (၁၀)ဦးညီညီဇော်(ဘ)ဦးမြင့်လွင်(၉/ခမစ(နိုင်)၀၉၅၇၁၈)၊ (၁၁)ဒေါ်လှသီ(ဘ)ဦးမြ(၉/မထလ(နိုင်)၀၁၁၂၁၆)၊ (၁၂)ဦးသန်းနိုင်ဦး(ဘ)ဦးကျော်တင့်(၅/ရဘန(နိုင်)၀၀၃၈၉၇)၊ (၁၃)ဒေါ်ကြည်ကြည်မြင့်(ဘ)ဦးဝင်းနိုင်(၅/ရဘန(နိုင်)၀၀၁၃၇၁)၊ (၁၄)ဒေါ်အေးသီတာ(ဘ)ဦးစန်းလွင် (၉/မနမ(နိုင်)၀၉၃၃၂၉)၊ (၁၅)ဒေါ်မေသီတာ (ဘ)ဦးစန်းလွင်(၉/မနမ(နိုင်)၀၉၁၁၁၅)တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူက အဆုံးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် သဘောတူညီပါသဖြင့် ရောင်းကြေးစရန်ငွေများ ပေးချေထားပြီးဖြစ်ပါသည်။

အထက်ပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းများဖြင့် ကျွန်ုပ်ထံသို့လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ထိုအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် သတိပေးကြေညာလိုက်ပါသည်။ **ဝယ်ယူသူ၏လွှဲအပ်ချက်အရ-**

**ဒေါ်ခင်နီနီစိုး (LL.B) (တရားလွှတ်တော်ရှေ့နေ-၇၉၃၃)**
**Office-အမှတ်(၁၈၉)၊ လမ်း၈၀၊ ၁၉x ၂၀ကြား၊ မန္တလေးမြို့။**
**ဖုန်း-02-4068839, 09-2006029, 09-792006029, 09-692006029**
**ladylawyer:khinninisoe@gmail.com**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀)
## ပြင်ဦးလွင်ခရိုင် တရားရုံးတော်
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်- ၇၅

ဒေါ်သီတာညီညီလွင် နှင့် ၁။ ဦးနေဖြိုးကျော်
၂။ ဒေါ်မြင့်မြင့်သန်း(ခ)အကြီးမ
တရားလို တရားပြိုင်များ

(၁) ဦးနေဖြိုးကျော်၊ (၂) ဒေါ်မြင့်မြင့်သန်း(ခ)အကြီးမ၊ စိုးမိုးအိုင်ကျေးရွာ၊ ပြင်စာကျေးရွာအုပ်စု၊ ပြင်ဦးလွင်မြို့နယ်(ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက ကူညီထုတ်ချေးပေးငွေကျပ်သိန်း(၃၀၀) ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်ကိုင်ဖြစ်စေ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ် နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (၁၃၈၅ ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ ရက်)နေ့ မွန်းမတည့်မီ ၁၀ နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်လျှင် သင့်မျက်ကွယ်တွင်ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုကကြည့်ရှုလိုသည့် စာချုပ်စာတမ်းနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေ လက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင် သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၄ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(သင်းသင်းလွင်)
ဒုတိယခရိုင်တရားသူကြီး(၁)
ပြင်ဦးလွင်ခရိုင်တရားရုံး

## မွေးသက္ကရာဇ်အမှန်

ရမည်းသင်းမြို့နယ်၊ ချောင်းခွကျေးရွာ နေ ဦးလှမြင့်ဆွေ၏ သမီး ဒေါ်လွဲ့လွဲ့ထွန်း ၉/ရမသ(နိုင်)၁၃၂၆၇၀ ၏ မွေးသက္ကရာဇ်အမှန်မှာ ၅-၅-၁၉၈၆ ဖြစ်ပါကြောင်း။

## တစ်ဦးတည်းဖြစ်ကြောင်း

ကသာမြို့၊ (၉)ရပ်ကွက်၊ နယ်မြေ(၁၀)နေ မယွန်းမီမီကို၏မိခင် ဒေါ်နုနုခင်(ခ)ဒေါ်တင်တင်အေး ၅/ကသန(နိုင်)၀၅၀၀၁၉ မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

ဒေါ်နုနုခင်(ခ)ဒေါ်တင်တင်အေး

## ပြင်ဆင်ဖတ်ရှုပါရန်

၂၁-၉-၂၀၂၃ ရက်ထုတ် ဤသတင်းစာ၏ စာမျက်နှာ(၃၀) ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ဝင်းမြမြထွေး၏ ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်းကြော်ငြာတွင် မြေရေိယာ ၀ဒသမ၅၅၄ ဧက အစား မြေရေိယာ ၀ ဒသမ ၅၄၄ ဧကဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးမျိုးသီဟထွန်း ၉/မဟမ(နိုင်)၀၀၉၈၇၂ ၏ ပတ်စ်ပို့နံပါတ်(မမှတ်မိ) မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉-၇၈၇၈၂၇၀၀၈

## ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့ သစ်(တောင်ပိုင်း) မြို့နယ်၊ (၁၇) ရပ်ကွက်၊ မောင်းမကန်သာလမ်း၊ အမှတ်- (၆၅၂/က)၊အကျယ်အဝန်း ပေ (၂၁ x ၆၀) ရှိသည့် အိမ်ခြံမြေအား အရောင်းအဝယ်ပြုလုပ်မည်ဖြစ်ပါ၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါအိမ်ခြံမြေနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိပိုင်ဆိုင်သူ ဒေါ်ချိုချိုဦး (၁၂/ဥကတ(နိုင်)၂၁၅၄၇၈ ကျွန်ုပ်၏ မိတ်ဆွေ ဒေါ်စိုးစိုးဝင်း(၁၂/မဂဒ(နိုင်) ၀၈၅၁၄၆)မှ ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါသည်။ ထို့ကြောင့် အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ယနေ့မှစ၍ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းများနှင့် အထောက်အထားခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမရှိပါက အဆိုပါ အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စိုးစိုးဝင်း (၁၂/မဂဒ(နိုင်)၀၈၅၁၄၆) လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သိဂီအေး (စဉ်-၁၄၈၁၉)**
**LL.B, D.B.L (တရားလွှတ်တော်ရှေ့နေ)**
**အမှတ်(၇၆၂)၊ သုဇာတာ(၁၁)လမ်း၊ (၂)ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်။**
**ဖုန်း-၀၉-၄၂၀၀၆၉၁၅၂**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 62W/99989, Honda Scoopy-110 ယာဉ်လက်ဝယ်ရှိသူ Easy Rider Motorbike Co.,Ltd က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး**
**(မန္တလေးမြောက်ပိုင်း)**
**မန္တလေးမြို့**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 1Q/8018 ယာဉ်လက်ဝယ်ရှိသူ ဦးမင်းမင်းထွဋ် ၉/ပဥလ(နိုင်)၀၂၇၇၅၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညနခရိုင်ရုံး(ပြင်ဦးလွင်)**

## တစ်ဦးတည်းဖြစ်ကြောင်း

မြို့သစ်မြို့နယ်၊ မြေပြင်သာကျေးရွာနေ မခင်မျိုးဦး၏ ဖခင် ဦးလှငွေး(ခ)ဦးမောင်လေးတင် ၈/မသန(နိုင်)၀၈၉၁၉၂မှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဦးလှငွေး(ခ)**
**ဦးမောင်လေးတင်**

## အမည်မှန်

လားရှိုးမြို့၊ ရပ်ကွက် (၃) နေ မှတ်ပုံတင်အမှတ် ၁၃/လရန(နိုင်)၀၂၄၈၀၂၏ အမည်မှန်မှာ မပရီထမ်(ခ)ဒီဒီသက်မွန်ဖြစ်ပါကြောင်း။

## ကန့်ကွက်နိုင်ပါကြောင်း

ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ လမ်းမတော်လမ်းနေ ဦးမြင့်နိုင် ဦး ၇/ပမန(နိုင်)၀၂၇၆၄၇ သည် ၎င်းနေထိုင်လျက်ရှိသော ပဲခူးတိုင်းဒေသကြီး၊ သာယာဝတီခရိုင်-လက်ပံတန်းမြို့နယ်၊ မင်းရပ်ရပ်ကွက်၊ လမ်းမတော်လမ်းနေ မြေကွက်အမှတ် ၇N ကုလားကုန်းရပ်၊ ဦးပိုင်အမှတ်-၇၊ ဧရိယာ(၀.၀၃)ဧကရှိ မြို့မြေအား ဂရန်အမည်ပြောင်း သက်တမ်းတိုးမည်ဖြစ်ပါ၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို လျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြော်ငြာအပ်ပါသည်။

**ဦးမြင့်နိုင်ဦး**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရေဝတီတိုင်းဒေသကြီး၊ မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ်၊ ကသဝင်ကျေးရွာအုပ်စု၊ ကွင်းအမှတ်(၇၁၂၊ ကသဝင်အောက်ကွင်း)၊ ဦးပိုင်အမှတ်(၁၅၁)၊ ဧရိယာ(၀.၆၀)ဧကရှိမြေသည် ရေဝတီတိုင်း ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့၏ (၁၈-၉-၁၉၉၅)ရက်စွဲပါစာအမှတ်၊ ၄(၅၀)/၂-၄(၂၃) တဝတ ရေဝတီအရဦးအောင်သန်းအမည်ဖြင့် အိမ်ရာမြေအဖြစ် လ/န(၃၉)ခွင့်ပြုမိန့်ရရှိထားသည့် ဧရိယာ(၀.၈၀)ဧကအတွင်းမှဖြစ်ပြီး ဦးအောင်သန်းထံမှ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ သီရိမင်္ဂလာပတ်လမ်းနေ ဦးအောင်နေလင်း (၁၄/ပတန(နိုင်)၁၅၂၂၈၅)မှ ပန်းတနော်မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်မှူးရုံး၏ (၅-၇-၂၀၂၃)ရက်စွဲပါစာချုပ်အမှတ်(၁၃/၂၀၂၃) လ/န(၃၉)ကျပြီး မြေနှင့်အိမ်အပြီး အပိုင်အရောင်းအဝယ်စာချုပ်ဖြင့် ဝယ်ယူ၍ မြေငှားဂရန်အသစ် ရရှိရေးအတွက် လ/န(၃၉)ခွင့်ပြုမိန့်၊ ပန်းတနော်မြို့နယ်စာချုပ်စာတမ်း မှတ်ပုံတင်မှူးရုံး၏ မြေနှင့်အိမ်အပြီးအပိုင် အရောင်းအဝယ်စာချုပ်နှင့် အခြားလိုအပ်သည့် စာရွက်စာတမ်းအထောက် အထားများနှင့်အတူ လျှောက်ထားလာမှုနှင့်ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူကိုမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လိုသူများသည် မအူပင်ခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက် နှင့်အညီ မြေငှားဂရန် အသစ်ထုတ်ပေးမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။ **ကော်လိတ္တော်အရာရှိ**

**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မအူပင်မြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

အင်းစိန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၂- B(ပေါက်တော)၊ မြေကွက်အမှတ်(၄၂/ဧ) ဧရိယာ (၀.၀၇၅)ဧက မြေကွက်တည်နေရာ-အမှတ်(၅၃၆)၊ ဥယျာဉ်လမ်း၊ ပေါက်တောရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ကိုလှကြီး (BQ-၀၁၄၂၈၉) အမည်ပေါက်-B အိမ်ရာမြေ၊ မြေအား မြေအမည်ပေါက် ဦးလှကြီး (ဖခင်) သည် (၇-၁-၂၀၀၉) ရက်တွင်လည်းကောင်း၊ ဒေါ်မြ ကြည် (မိခင်)သည် (၂၀-၁၂-၂၀၁၄) ရက်တွင် လည်းကောင်းအသီးသီးကွယ်လွန်သွားပါသဖြင့် (၁) ဦးမျိုးကျော် (၁၂/အစန(နိုင်)၁၃၅၄၈၇)၊ (၂) ဦးစိုးဝင်း(၁၂/အစန(နိုင်)၀၁၀၇၉၇ တို့မှ မိဘများတွင်၎င်းတို့ညီအစ်ကို (၂)ဦးတည်းကိုသာမွေးဖွားခဲ့ပါကြောင်း၊ အခြားသောသားသမီးမွေးချင်းတစ်ဦးတစ်ယောက်မျှမရှိပါကြောင်း၊ ကိတ္တိမသားသမီးများလည်း မွေးစားထားခြင်း မရှိပါကြောင်း ဗုဒ္ဓဘာသာကိုးကွယ်သူများဖြစ်ကြသည့်အား လျှော်စွာဖော်ပြပါ မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား သားအရင်းများဖြစ်ကြသော ၎င်းတို့နှစ်ဦးတည်းကသာလျှင် မြန်မာ့ဓလေ့ထုံးတမ်းဥပဒေနှင့် အမွေဆက်ခံခြင်း ဆိုင်ရာ ဥပဒေတို့အရ တရားဝင်အမွေဆက်ခံပိုင်ဆိုင်ပါကြောင်း ၎င်းတို့မှလွဲ၍ အခြားသောအမွေဆက်ခံခွင့်ရှိသူ တစ်ဦးတစ်ယောက်မျှ မရှိပါကြောင်း တရားရုံးကျမ်းကျိန်လွှာအမှတ် (၂၀၇၀/၂၀၂၂) ထပ်ဆင့်ထောက်ခံကျမ်းကျိန်လွှာ(၂)စောင်၊ အိမ်ထောင်စုစာရင်း မိခင်ဖခင်တို့၏သေဆုံးမှုလက်မှတ်၊ အမည်ပေါက်စာချုပ်၊ နိုင်ငံသားစိစစ်ရေးကတ်တို့တင်ပြ၍ ပိုင်ဆိုင်ကြောင်း မြေပုံကူး လျှောက်ထားလာရာ တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဌာနမှူး (ဒုတိယညွှန်ကြားရေးမှူးချုပ်)**
**မြို့ပြမြေစီမံခန့်ခွဲမှုဌာန**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာချက်

ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူ ပျော်ဘွယ်မြို့ ပြည်သာယာရပ်ကွက်နေ ဦးသန်းငွေး (ဘ)ဦးဂိုထန်ဆာရ်မာ ၅/တမန(နိုင်)၁၃၆၁၃၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်သည်-

၁။ ပျော်ဘွယ်မြို့၊ ရွှေပြည်ရန်လုံရပ်ကွက်၊ နယ်မြေ(၂)ရှိ ကွင်းအမှတ်(၄၉/ရွှေပြည်လုံ)၊ ဦးပိုင်အမှတ် (၅၅^က)မြေရေိယာ(၁၁)ဧကရှိ ဦးလှညွှန့်အမည်ပေါက်ဂရန်မြေနှင့် ၎င်းမြေပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်ကို ဦးလှညွှန့်(ကွယ်လွန်)၏ အမွေစားအမွေခံပိုင်ရေးဆိုင်ခွင့်ရှိသူများထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးသန်းငွေးက အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန် သဘောတူညီပြီး တန်ဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေခဲ့ပြီးဖြစ်ပါသည်။

၂။ အဆိုပါဝိုင်းမြေ အဆောက်အအုံနှင့် ပိုင်ရေးဆိုင်ခွင့်များအား လွှဲပြောင်းရောင်းချမည့် ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကျွန်ုပ်ထံသို့ (၂-၁၀-၂၀၂၃)ရက် နောက်ဆုံးထားပြီး ပြောဆို ဆက်သွယ်ကန့်ကွက်နိုင်ပါသည်။

၃။ ၎င်းနေ့ရက်ထက် ကျော်လွန်ပါက လွှဲပြောင်းရောင်းချမှု၊ အရောင်းအဝယ်ကိစ္စကိုအပြီးသတ်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးသန်းငွေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးသန်းငွေး** | **ဦးစိုးတင့်(B.Sc,H.G.P)** |
| **၉/တမန(နိုင်)၀၃၆၁၃၁** | **အထက်တန်းရှေ့နေ(၁၁၂၅/၁၉၈၅)** |
| **လွှဲအပ်သူ** | **အမှတ်-၆၉၀၊ အ.ထ.က(၁)** |
| | **ကျောင်းလမ်း၊ ရွှေပြည်ရန်အောင်ရပ်၊** |
| | **ပျော်ဘွယ်မြို့။ ဖုန်း-၀၉-၄၃၀၃၆၅၃၀** |

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့်-၅၊ နည်းဥပဒေ ၁ နှင့်၅)
## နတ်တလင်းမြို့နယ်တရားရုံးတော်၌
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၀

၁။ ဦးလှငွေး(ဘ)ဦးထွန်းမိုး နှင့် ဦးမောင်ရင်(ဘ)ဦးထွန်းမိုး
၂။ ဦးအောင်ညွှန့်(ဘ)ဦးထွန်းမိုး
(တရားလိုများ) (တရားပြိုင်)

အထက်ပါအမှုမှ ကျောက်စွယ်ကျေးရွာ၊ ကျောက်ခွက်အုပ်စု၊ နတ်တလင်းမြို့နယ်၊ ပဲခူးတိုင်းဒေသကြီးနေ တရားပြိုင် ဦးမောင်ရင်(ဘ)ဦးထွန်းမိုး(ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်း ရပ်ကွက်အမှတ် ၆/မြို့မရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ရှိ မြေကွက်အမှတ် (ပ-၂၀၈၅၂)ကို အမည်ပေါက် ဒေါ်ထားထားရီ (ဘ) ဦးမြိုင် ၁၂/မဂတ(နိုင်)၀၄၁၀၀၅ ၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်စီစီမြင့် (ဘ) ဦးမင်းစိန် ၉/ပမန(နိုင်)၀၀၇၉၅၇ မှ ဦးဆန်းဝင်းနိုင် (ဘ) ဦးမြင့်အောင် ၉/မသန(နိုင်)၁၂၇၇၄၂ နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့် အိမ်ထောင်စုစာရင်း၊ မြေငှားရမ်းခပြေစာ၊ ပျဉ်းမနားစာချုပ်စာတမ်း မှတ်ပုံတင်ရုံး၏အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၂၃၂/၂၀၀၉(၄-၁၁-၂၀၀၉) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာ ချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေအမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၂

ဒေါ်ဇင်မာနွယ် **နှင့်** ၁။ ဗိုလ်မှူးညွန့်ငွေ(ငြိမ်း)
၂။ ဒေါ်ရွှေဝိုင်း

**တရားလို** **တရားပြိုင်များ**

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ် (ဈ) ရပ်ကွက်နေ ၁။ ဗိုလ်မှူးညွန့်ငွေ(ငြိမ်း)၊ ၂။ ဒေါ်ရွှေဝိုင်း (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုဒေါ်ဇင်မာနွယ်က ပဋိညာဉ်အတိုင်း အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးတော်အခွင့်အမိန့်ရရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၈ ရက် (၁၃၈၅ ခုနှစ် တော်သလင်းလဆန်း ၁၄ ရက်)မွန်းမတည့်မီ ၁၀ နာရီတွင် အထက်ကအမည်ရေးသားပါရှိသူတရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန်၊ ရုံးတော်သို့လာရောက်ရမည်။ ၎င်းပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်ကတင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၁၉ ရက်တွင်ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(မိုးနိုင်ချမ်း)**
**တွဲဖက်မြို့နယ်တရားသူကြီး(၂)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## အမည်မှန်နှင့်မွေးသက္ကရာဇ်အမှန်

ဇေယျာဝတီမြို့၊ အထက(၂)၊ G-12 မှ (ဘ) ဦးဂျေကီစွန်း၏သမီး မစိုးသီတာဒေဝီ၏ အမည်မှန်မှာ မစိုးသီတာဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃-၂-၂၀၀၆ ဖြစ်ပါကြောင်း။

**ဦးဂျေကီစွန်း ၇/ဖမန(နိုင်)၀၉၁၇၅၁**

## မွေးသက္ကရာဇ်အမှန်

ဇေယျာဝတီမြို့၊ အထက(၂)၊ G-9 မှ (ဘ)ဦးရမ်းပသီး၏သမီး မသီတာဝင်း၏ မွေးသက္ကရာဇ်အမှန်မှာ ၁-၉-၂၀၀၈ ဖြစ်ပါကြောင်း။

**ဦးရမ်းပသီး**
**၇/ဖမန(ပြု)၀၀၃၀၇၄**

## ပတ်စ်ပို့ပျောက်

ပေါင်မြို့နယ်၊ ဖလပ်ရပ်ကွက်နေ (ဘ) ဦးဘမောင်၏သား မောင်အောင်ချမ်းသာ ၁၀/ပမန(နိုင်)၁၄၈၃၃၆ ၏ နိုင်ငံကူး လက်မှတ်အမှတ် (မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၇၈၁၆၅၅၇၇၁**

## ဖခင်အမည်မှန်

မွန်ပြည်နယ်၊ ပေါင်မြို့၊ အထက ပေါင်ကျောင်း Grade-8 မှ မောင်ကျော်ဇေယျ ၏ ဖခင်အမည်မှန်မှာ ဦးချိုလေး ဖြစ်ပါကြောင်း။

**ဦးချိုလေး**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ် (ဒ-၅၀၂၇(A))၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်သရဖီမြင့်ဆွေ (ဘ) ဦးမြင့်ဆွေ ၅/စကန(နိုင်)၁၅၅၈၂၉ အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်သရဖီမြင့်ဆွေထံမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူး ကိုယ်စားလှယ်လွှဲအပ်စာအမှတ်၉၀၅/၂၀၂၂ (၇-၃-၂၀၂၃) ရရှိထားသူ ဦးမြတ်သူရ (ဘ) ဦးညိမ်းမောင် ၁၄/ပသန(နိုင်)၁၉၂၄၁၄ မှ ဒေါ်နုနုရီ (ဘ) ဦးလှသောင်း ၇/ကကန(နိုင်)၀၅၁၄၀၀ နှင့် အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 46W/48420 Honda Wave 100 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းဗိုလ် ၉/တကန(နိုင်)၀၀၆၅၈၆က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊နေပြည်တော်ရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 67W/5407 125 M/C ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ကျော်ကျော်မင်း ၁/ကမတ(နိုင်)၀၀၃၉၃၉က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ပြည်နယ်ရုံး**
**(မြစ်ကြီးနား)**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## ( တရားမကျင့်ထုံးဥပဒေ အမိန့် ၅ ၊ နည်းဥပဒေ ၂၀ )
## ပြည်ကြီးတံခွန်မြို့နယ်တရားရုံး
## ၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၁၂၈

ဒေါ်စန်းခင် **နှင့်** ဦးဖိုးဟိန်း

**တရားလို** **တရားပြိုင်**

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ အကွက်အမှတ်(ဟ-၁၆)၊ (ဃ)ရပ်ကွက်နေ ဦးဖိုးဟိန်း(ဘ)ဦးသိန်း (ယခုနေရပ်လိပ်စာမသိ ) သိစေရမည်။

တရားပြိုင် ဦးဖိုးဟိန်း(ဘ)ဦးသိန်း သင့်အပေါ်၌ ဒေါ်စန်းခင်(ဘ) ဦးအောင်ဆာက "မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ဃ)ရပ်ကွက်၊ အကွက်အမှတ်(ဟ-၁၆)၊ ဦးပိုင်အမှတ် (၂၉)၊ ဧရိယာ ၀ ဒသမ ၀၂၇၅ ဧက အကျယ်အဝန်းရှိ ဦးဖိုးဟိန်းအမည်ပေါက်မြေကွက်အား မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုပေးစေလိုမှု"ရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂ ရက် (၁၃၈၅ ခုနှစ် တော်သလင်းလပြည့်ကျော် ၃ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏ အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့်စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်ကထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ ၂၁ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍၊ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ထွန်းမင်းဦး)**
**တွဲဖက်မြို့နယ်တရားသူကြီး(၃)**
**ပြည်ကြီးတံခွန်မြို့နယ်တရားရုံး**

## မွေးသက္ကရာဇ်အမှန်

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ အထက(ခွဲ) ဗိုလ်ရွေးကျောင်းရှိ အလယ်တန်းပြဆရာမ ဒေါ်တင်တင်ဝင်း၏ တက္ကသိုလ်ဝင်တန်းအောင်လက်မှတ်နှင့် Service book တို့အရ မွေးသက္ကရာဇ်အမှန်မှာ ၁၉-၁၂-၁၉၆၄ ဖြစ်ပါကြောင်း။

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ အထက(ကာလိ)၊ Grade-6မှ မနန်းဆိုင်ဆီလှိုင်း၏ ဖခင်အမည်မှန်မှာ ဦးစိုင်းဆိုင် ၁၃/ကဟန(နိုင်)၀၃၅၁၆၀ ဖြစ်ပါကြောင်း။

**ဦးစိုင်းဆိုင်**

## အထူးကိုယ်စားလှယ်လွှဲစာ ပြန်လည်ရုပ်သိမ်းကြောင်း ကြေညာခြင်း

ကျွန်တော် ဦးဝင်းနိုင် (ဘ) ဦးသက်ပို ၁၃/ရစန(နိုင်)၀၀၆၁၁၂သို့ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ဒက္ခိဏသီရိတောင်ရပ်)၊ မြေကွက်အမှတ် (ဒ-၃၁၉၀၅)၊ အကျယ်အဝန်း (၈၄ ဒသမ ၅ x ၈၀)ပေ ဧရိယာ ၀ ဒသမ ၁၅၅ ဧကရှိ မြေကွက်နှင့်ပတ်သက်၍ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ မှတ်ပုံတင်အမှတ် (၄၃၅၈/၂၀၂၂) (၁၃-၉-၂၀၂၂)ရက်စွဲဖြင့် ဒေါ်ရီရီတင် ၅/စကန(နိုင်)၁၇၉၃၂၇မှ လွှဲအပ်ထားသော အထူးကိုယ်စားလှယ်လွှဲစာကို ၂၂-၉-၂၀၂၃ ရက်မှစ၍ အပြီးအပိုင်ရုပ်သိမ်းကြောင်း အသိပေးကြေညာလိုက်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးချစ်ဖြူ (LL.B)**
**တရားလွှတ်ရှေ့နေ (စဉ် - ၁၃၈၈၉)**
**အမှတ် (၇၂၃၂)၊ ကျိုင်းတုံလမ်း၊ ဇဝနသိဒ္ဓိရပ်ကွက်၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်။**
**ဖုန်း - ၀၉- ၇၉၉၁၂၃၁၀၀**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 1K/3197 ယာဉ်လက်ဝယ်ရှိသူ ဦးစောယိုးအာ ၂/ဒမဆ(နိုင်)၀၃၄၉၄၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 75W/88005 ယာဉ်လက်ဝယ်ရှိသူ ဒေါ်အေးညို ၂/လကန(နိုင်)၀၄၂၁၂၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ လွိုင်ကော်**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 6W/18493 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးခွန်ထွန်းစိန် ၁၃/တကန(နိုင်)၁၄၄၃၄၁က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့် ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ တောင်ကြီး**

## ကန့်ကွက်နိုင်ပါကြောင်း

ယာဉ်အမှတ် 22W/88560 Honda Wave 125 ယာဉ်လက်ဝယ်ရှိသူ ဦးစိုင်းလော်ငင်း ၁၃/တကန(နိုင်)၁၄၅၅၀၆က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊တောင်ကြီး**

## အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ မြို့သစ်ကြီးရပ်ကွက်၊ ကွင်းအမှတ် (၁၅/၂-၆)၊ ဦးပိုင်အမှတ် (၅၂)၊ မြေဧရိယာ ၀ ဒသမ ၁၈၄ ဧကရှိ မြေကွက်သည် မူလက ဦးဂျန်မာထွဲဝါ အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၂၉၆၈/V၁၉၈၉-၁၉၉၀အရ (၃၀-၆-၂၀၂၀)ရက်အထိ နှစ်(၃၀) မြေငှားဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးဂျန်မာထွဲဝါသည် လူပျိုလူလွတ်ဘဝဖြင့်လည်းကောင်း၊ ၎င်း၏ မိဘနှစ်ပါးနှင့် ညီ/ခယ်မတို့သည် အသီးသီးကွယ်လွန်သွားခဲ့ပြီးဖြစ်၍ တစ်ဦးတည်း သောတူမ ဒေါ်ဂျေထုရှန်က (၂၃-၅-၂၀၂၃) ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ်(၂၀၆/၂၀၂၃)အရ အမွေဆက်ခံပိုင်ဆိုင်ခဲ့ပြီး ၎င်း(၎င်း၏အထူးကိုယ်စားလှယ်လွှဲစာရရှိသူဒေါ်လဘူရွယ်)က (၇-၈-၂၀၂၃) ရက်စွဲပါ မြို့နယ်စာချုပ် စာတမ်းမှတ်ပုံတင်အမှတ်(၃၅၆/၂၀၂၃)အရ ဒေါ်ကိုင်ဘူ ၁/မကတ(နိုင်)၀၇၄၀၄၉ ထံသို့ အပြီးအပိုင်ရောင်းချပေးခဲ့ပါသည်။ ယခုအခါ ဒေါ်ကိုင်ဘူအမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာမှု အပေါ်ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူ မည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ မြစ်ကြီးနားခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**
**မြစ်ကြီးနားမြို့**

## အမည်မှန်

ဦးဝင်းနိုင်သန်း၏သား မင်းဘူး(စကု)မြို့နယ်၊ စကုမြို့ အခြေခံပညာအထက်တန်းကျောင်း Grade-12 မှ မောင်ဇေဖုန်းနိုင်၏ အမည်မှန်မှာ မောင်ဇေဘုန်းနိုင် ဖြစ်ပါကြောင်း။

**မောင်ဇေဘုန်းနိုင်**

## ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9B/6214 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး**
**(မန္တလေးတောင်ပိုင်း)မန္တလေးမြို့**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၂)ရပ်ကွက်၊ စိမ်းလဲ့သာယာလမ်း၊ မြေကွက်အမှတ်(၁၂၆)၊ (ခြောက်ထပ်တိုက်)၏ ခြောက်လွှာ6B(ခြေရင်းခြမ်း) အကျယ်အဝန်း(၁၈x၅၄)ပေရှိ တိုက်ခန်းအားမူလအမည်ပေါက်ပိုင်ဆိုင်သူ ဦးဘုန်းမြင့်ရွှေ ၁/မကန(နိုင်)၀၅၁၄၄၅ ထံမှ အရောင်းအဝယ်စာချုပ်အဆက်စပ်ဖြင့် လက်ဝယ်ပိုင်ဆိုင်ထားသူ ဒေါ်စန္ဒာ ၁၂/ပဇတ(နိုင်)၀၁၂၀၂၂ မှ တရားဝင်ပိုင်ဆိုင်ပြီးရောင်းချပိုင်ခွင့်ရှိကြောင်းဝန်ခံကတိပြုသဖြင့် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော ဦးမျိုးလွင်စိုး၊ ဒေါ်ကေရီမျိုး၊ ဒေါ်သင်းမြတ်နိုးတို့က အပြီးအပိုင်ဝယ်ယူရန် အတွက် တိုက်ခန်း၏ ရောင်းဖိုးစရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်တွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ယင်းရက်ကျော်လွန်က အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးဗိုလ်ဗိုလ်ဇော် LL.B, D.B.L, D.M.L**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၉၈/၂၀၁၈)**
**အမှတ်(၁၁၃၀)၊ (၁၅)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။ ဖုန်း-၀၉-၄၅၀၀၃၅၀၇၀**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မင်္ဂလာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၂/ရုံးရပ်၊ မြေဧရိယာ ၀ ဒသမ ၁၁၀ ဧကရှိ မြေကွက်အမှတ် (ပ-၂၀၂၅၆) ကိုအမည်ပေါက် ဦးဇော်မြင့်ဦး (ဘ) ဦးဝင်းဇော် ၅/ကလတ(နိုင်)၀၀၅၅၄၁၏ အထူးကိုယ်စားလှယ်ဖြစ်သူ ဒေါ်ခင်လှိုင်(ဘ) ဦးမောင်မောင်သီး ၁၂/ဒလန(နိုင်)၀၆၁၂၅၂ မှ ဒေါ်ညိုညိုဝင်း (ဘ) ဦးခင်မောင်ဝင်း ၁၂/ရကန(နိုင်)၀၂၈၂၀၄ နှင့် မှတ်ပုံတင်အရောင်းအဝယ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် မှတ်ပုံတင်နှင့်အိမ်ထောင်စုစာရင်း၊မြေငှားရမ်းခပြေစာ၊နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၅၈၇/၂၀၂၀ (၃၀-၃-၂၀၂၀) တင်ပြ၍ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၂/ရွှေအင်ကြင်းအနောက်ရပ်)၊ မြေကွက်အမှတ် (ဒ-၅၀၂၆)၊ မြေဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဦးမင်းဒင်(ဘ)ဦးသာဒင် ၁၂/အစန(နိုင်)၁၀၂၅၄၉ အမည်ပေါက် နှစ်(၃၀) မြေငှားစာချုပ် မြေကွက်ဖြစ်ပြီး အမည်ပေါက်ဖြစ်သူ ဦးမင်းဒင် ကွယ်လွန်သွားပါသဖြင့် ၎င်း၏တရားဝင်ဇနီးဖြစ်သူ ဒေါ်မိုးမိုးဆွေ(ဘ)ဦးမင်းဆွေ ၁၂/ သဃက(နိုင်)၀၃၀၇၈၁ မှ မြေငှားစာချုပ်မူရင်း၊ တရားရုံး(မှတ်ပုံတင်)ကျမ်းကျိန်လွှာမူရင်း၊ သေဆုံးကြောင်းလက်မှတ်များတင်ပြ၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း ကြေညာစာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင် ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ၊ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည် တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ဒက္ခိဏသီရိမြို့၊ ရွှေအင်ကြင်းရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ရွှေအင်ကြင်းအနောက်ရပ်၊ မြေကွက်အမှတ်(ဒ-၄၉၄၆)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကရှိ ဒေါ်ခင်ရီ (ဘ) ဦးဖိုးငို ၉/လဝန(နိုင်)၀၂၀၀၆၁ အမည်ပေါက်ပါမစ်မြေကွက်ကို ဒေါ်အုန်းကြည် (ဘ) ဦးအောင်သန်း ၉/လဝန(နိုင်)၀၅၁၀၃၉ မှ မြေပေးမိန့်မူရင်း၊ မြေကွက်အရောင်းအဝယ်ကတိစာချုပ်မူရင်း၊ ရောင်းသူ/ဝယ်သူတရားရုံးကျမ်းကျိန်မူရင်း၊ နှစ်ဦးသဘောတူကတိဝန်ခံချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်မူရင်း၊ ရဲစခန်းထောက်ခံချက်မူရင်း၊ ဝယ်ယူသူမှ ဝန်ခံကတိပြု ချက်မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက် ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့၊ ရွှေကြာပင်ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်၊ ၄/ရွှေကြာပင်ရှိ ဦးမျိုးဝင်း(ဘ) ဦးထွန်းကြိုင် ၉/လဝန(နိုင်) ၂၂၅၅၄၇ အမည်ပေါက် မြေကွက်အမှတ်(၁၂၇၄)၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကအား ပျဉ်းမနားခရိုင်တရားရုံးမှ လေလံဆွဲဝယ်ယူရရှိသူ ဒေါ်မြင့်မြင့်သန်း (ဘ) ဦးမြသိန်း ၈/ရစက(နိုင်)၀၀၂၄၇၇ မှ ဒက္ခိဏခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၄၂/ ၂၀၁၂၊ ၄၅/၂၀၁၂၊ ဒက္ခိဏခရိုင်တရားရုံး၏ (၃-၅-၂၀၁၇) ရက်စွဲပါ လေလံတင် ရောင်းချခြင်းအပေါ် အတည်ပြုသည့်အမိန့်၊ ပျဉ်းမနားခရိုင်တရားရုံး၏ တရားမကြီးမှုအမှတ် ၁၀၀/၂၀၂၂၊ တရားမဇာရီမှုအမှတ် ၄/၂၀၂၂၊ ပျဉ်းမနားခရိုင်တရားရုံး၏ ၅-၆-၂၀၂၃ ရက်စွဲပါ မြေတွင်ဆိုင်ရာဆိုင်ခွင့်ကို လွှဲပြောင်းကြောင်းမှတ်တမ်း၊ တရားရုံးအနိုင်ဒီကရီ၊ ယာယီမြေပေးစလစ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ် ထောင်စု လူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေပေးမိန့်ထုတ်ယူခွင့် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများ အနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပေးမိန့် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မန်းသာစိန် (ခ) ဆရာ ဦးသာစိန်

**တွဲဖက်ပါမောက္ခ(BE.E.C)**

**GTI ပြည်၊ မအူပင်၊ သန်လျင်၊ ဟင်္သာတ၊ ဝါးခယ်မ၊ လပွတ္တာ**

**အသက် (၅၈)နှစ်**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ပေပင်တောင်ကျေးရွာအုပ်စု၊ သောင်တန်းကျေးရွာနေ အဖ(မန်းစံတင်)-အမိ(ဂွါအေးတင်)တို့၏ သား၊ မန်းကြီးရွှေ ဂွါတင်လှိုင်၊ မန်းမောင်ကြန်(မန်းမြရွှေ)တို့၏ ညီ၊ နမ့်မူမူဖောင်၏အစ်ကို မန်းသာစိန်(ခ)ဆရာဦးသာစိန်သည် ၂၃-၉-၂၀၂၃ (စနေနေ့) ညနေ ၃:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၂၃ (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် သန်လျင်မြို့ အမိုးနီသုသာန်၌ မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း။ [ကွယ်လွန်သူအား ရည်စူး၍ ၂၇-၉-၂၀၂၃ ရက် နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ သန်လျင်မြို့၊ ဗိုလ်ချုပ်ကျေးရွာ၊ နယ်မြေ (၁၂)၊ ရေကြည်ကန် (၂)လမ်း နေအိမ်၌ ရက်လည်ဆွမ်းကျွေးတရားနာယူမည်ဖြစ်ပါကြောင်းနှင့် ၂၉-၉-၂၀၂၃ ရက်နေ့တွင် ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့နယ်၊ ပေပင်တောင်ကျေးရွာအုပ်စု၊ သောင်တန်းကျေးရွာနေအိမ်၌ နံနက် ၇ နာရီမှ မွန်းတည့် ၁၂ နာရီအထိ ရက်လည်ဆွမ်းကျွေးတရားတော်နာယူမည်ဖြစ်ပါကြောင်း တပည့်အပေါင်းနှင့် ရပ်နီးရပ်ဝေးမှ ဆွေမျိုး မိတ်ဆွေအပေါင်းတို့အား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## အမည်ပြောင်း

အထက (၃)၊ ညောင်ရွှေ Grade-11(ခ)မှ မသွယ်သွယ်မင်းအား ယနေ့မှစ၍ မသင်းသုသုစံဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မသင်းသုသုစံ**

## အမည်ပြောင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်၊ အထက၊ Grade-8 မှ မောင်ခွန်တတိုင်း အား ယနေ့မှစ၍ မောင်ဟိန်းမင်းနောင် ဟု ပြောင်းလဲခေါ်ဆိုပါရန်။

**မောင်ဟိန်းမင်းနောင်**

## ဖခင်အမည်မှန်

ရှမ်းပြည်နယ်တောင်ပိုင်း၊ နမ့်စန်၊ အထက၊ Grade-8 မှ မောင်ဟိန်းမင်းနောင်၏ ဖခင်အမည်မှန်မှာ ဦးသက်မင်းနောင် (၁၃/နစန(နိုင်)၀၆၀၈၈၃) ဖြစ်ပါကြောင်း။

**ဦးသက်မင်းနောင်**

## ဖခင်အမည်မှန်

အထက(၃)၊ ညောင်ရွှေ Grade-11(B)မှ မောင်ထက်ဝေအောင်၏ ဖခင်အမည်မှန်မှာ ဦးနေစိုး ၁၃/ညရန(နိုင်)၁၀၂၀၇၄ ဖြစ်ပါကြောင်း။

**ဦးနေစိုး**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6C/2982, 3I/2185 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊(ရွာသာကြီး)**

### ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ်(၇၃/မြို့ဝမ်ရပ်)၊ ဦးပိုင်(၁၅၆)၊ ဧရိယာ(၀.၁၂၆)ဧက အမှုတွဲအမှတ် ၄၉၀-၅/၂၀၁၈-၂၀၁၉(စီ)ဖြင့် ဒေါ်ဝင်းဝင်းဌေး ၈/မကန(နိုင်)၁၁၂၈၂၅ အမည်ပေါက်မြေကွက်အား စာချုပ်အမှတ်(၂၄၈I/ ၂၀၂၃)ဖြင့် ဒေါ်လွေးအေယင်း ၁၃/ကခန(နိုင်) ၁၇၇၁၄၀ ထံ ရောင်းချပေးပြီးဖြစ်၍ ဒေါ်လွေးအေယင်းမှ ဦးပိုင်ခွဲစိတ်ခွင့်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်ရက်မှစ၍ ရက်ပေါင်း(၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာစာ

စစ်ကိုင်းမြို့နယ်၊ အောင်သာကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည် (၆၂၃/၁၆၀၅-ဇရပ်ကုန်း)၊ ဦးပိုင်အမှတ်(၁၁၃/၃)၊ မြေဧရိယာ(၁.၀၀)ဧကရှိမြေသည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ (မုံရွာ)မြို့၏ (၂၁-၂-၂၀၁၅) ရက်စွဲပါစာအမှတ် ၂/၃-၁၀(၁၈၅၀)/ ဦး ၆ အရ ဦးချစ်ခိုင်(၁၂/အစန(နိုင်)၀၇၈၂၆၃)အမည်ဖြင့် စက်သုံးဆီအရောင်းဆိုင် မြေနေရာအတွက် လယ်ယာမြေအခြားနည်းအသုံးပြုခွင့်ရရှိခဲ့ပါသည်။ ယခုအခါ မြေကွက်ပိုင်ဆိုင်သူဖြစ်သည့် ဦးချစ်ခိုင် အမည်ဖြင့် စက်မှု/စီးပွား မြေငှားဂရန်အသစ် လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါ၍ မည်သူမဆို ယင်းမြေကွက်နှင့်ပတ်သက်ပြီး ယနေ့မှစ၍(၁၅)ရက်အတွင်း စစ်ကိုင်းခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ (ရုံးချိန်အတွင်း) တရားဝင်ပိုင်ဆိုင်မှု အထောက်အထားများဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပြီးမှ တင်ပြလာခြင်းကို လက်ခံစဉ်းစားမည်မဟုတ်ဘဲ တည်ဆဲမြေယာအက်ဥပဒေ၊ နည်းဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြော်ငြာအပ်ပါသည်။ **ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

**စစ်ကိုင်းခရိုင်၊ စစ်ကိုင်းမြို့**

### ရန်ကုန်မြို့၊ တောင်ဒဂုံမြို့နယ်၊ (၅၅)ရပ်ကွက်၊ ရွှေဘိုလမ်းမ၊ အမှတ်(၁၀၀၇)၊ ဧရိယာအကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်အား အရောင်းအဝယ်ပြုလုပ်ခြင်းကို "ကန့်ကွက်နိုင်ပါကြောင်း" ကြော်ငြာခြင်း

အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်နှင့်ရေမီးအစုံတို့အား တာမွေမြို့နယ်၊ တာမွေကြီး(ခ)ရပ်ကွက်၊ ၁၆၅-လမ်း၊အမှတ်(၁၂)၅လွှာနေ ဦးငွေထွန်း(ဘ) ဦးမောင်တင်(၁၂/လမန(နိုင်)၁၄၁၆၁၀)၊ ကိုသိန်းထွန်း (၁၂/လမန(နိုင်)၁၄၅၈၇၅ က (၂၀၁၆) ခုနှစ်ကတည်းက ခိုင်လုံသော အဆက်အစပ်အရောင်းအဝယ်စာချုပ်များဖြင့် ဝယ်ထားပြီး ဦးတင်မောင်နီအမည်ပါ မြေချပါမစ်(မူရင်း)တို့နှင့်အတူ ၎င်းလက်ရှိနေထိုင်ပိုင်ဆိုင်ပြီး တရားဝင်ရောင်းချ ပိုင်ခွင့်ရှိကာ အရှုပ်အရှင်းကင်းပါသည်ဟု ဝန်ခံကတိပြုသဖြင့် ကျွန်ုပ် ဦးဝင်းထွဋ်လွင်(ဘ)ဦးတင်မောင်ဝင်း (၁၂/ဥကတ(နိုင်)၁၂၆၇၂၇)မှ အပိုင်ဝယ်ယူရန် အိမ်ခြံမြေဖိုးစရန်ငွေ တစ်စိတ်တစ်ဒေသအား ပေးချေပြီးဖြစ်ပါသည်။

ဤကြော်ငြာစာပါသည့်ရက်မှ (၇)ရက်အတွင်း စာချုပ်စာတမ်း(မူရင်း)၊ စာရွက်စာတမ်း(မူရင်း)များနှင့်တကွ ကျွန်ုပ် ဦးဝင်းထွဋ်လွင်ထံ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြော်ငြာအပ်ပါသည်။

**ဦးဝင်းထွဋ်လွင်**

**အမှတ်(၂၅)၊ အောင်ဆုပန်လမ်း၊ (၁၉)ရပ်ကွက်၊ အပိုင်း(၁)၊ တောင်ဒဂုံမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၇၈၀၆၂၆၂၄၉၊ ၀၉-၅၀၇၃၆၅၀**

### ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

လားရှိုးမြို့၊ ရပ်ကွက်(၁၀)၊ အကွက်အမှတ်(၁+၁၀တိုးချဲ့)၊ ဦးပိုင်(၅၁၀)၊ ဧရိယာ(၀.၀၉၆)ဧက အမှုတွဲအမှတ်၊ ၆၆၃- ၅/၁၉၉၈-၁၉၉၉(စီ)၊ ဒေါ်တင်တင်ဝင်း ပီကေယူ-၁၃၉၂၅၁ အမည်ပေါက်မြေကွက်အား ၎င်း၏ အထူးကိုယ်စားလှယ်လွှဲအပ်ခြင်းခံရသူ ဦးသန့်ဇော်မြင့်၊ ၁၃/မရတ(နိုင်) ၀၀၀၃၆၅ စာချုပ်အမှတ်(၅၉၈I/၂၀၂၂)ဖြင့် ဒေါ်နေဇာမြင့် ၁၃/တခလ(နိုင်)၀၉၀၄၂၆ထံရောင်းချပြီးဖြစ်၍ ဒေါ်နေဇာမြင့်မှ အမည်ပြောင်းထပ်မံအသစ်လျှောက်ထားလာရာ ကန့်ကွက်လိုသူများရှိပါက သတင်းစာပါသည့်နေ့မှစ၍ ရက်ပေါင်း(၂၀)အတွင်း အထောက်အထားခိုင်လုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ခရိုင်အထွေထွေ အုပ်ချုပ်ရေး ဦးစီးဌာန၊ လားရှိုးမြို့**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃)၊ လူနေရပ်ကွက်အမှတ်(၃)၊ မာန်ပြေ(၂၁)လမ်း အနောက်၊ မြေကွက်အမှတ်(၁၃၈၃-ခ)၊ အကျယ်အဝန်း(အလျား ၂၀ပေxအနံ ၆၀ပေ)၊ ဧရိယာ(၁၂၀၀)စတုရန်းပေရှိ နှစ်(၆၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား မြေဂရန်အမည်ပေါက်ဖြစ်သူ ဒေါ်ချိုချို(၁၂/လမတ(နိုင်)၀၁၂၈၈၉)က မိမိသာတရားဝင်ပိုင်ဆိုင်ပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်း တစ်စုံတစ်ရာကင်းရှင်းကြောင်း ဝန်ခံကတိပြုပြီး ရောင်းချလိုကြောင်း ကျွန်ုပ်မိတ်ဆွေအား ကမ်းလှမ်းရာ၊ ကျွန်ုပ်မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော စာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍(၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက၊ အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ဝင်းဝင်းနွယ် (B.A(ECO)H.G.P) ၊ အထက်တန်းရှေ့နေ (စဉ်-၁၁၈၆၉)၊**

**အမှတ်-(၁၂၈/က)၊ ဟိုင်ဆင်ဒူးဝါးလမ်း၊(၁၂)ရပ်ကွက်၊ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ဖုန်း-၀၉-၉၅၃၈၀၇၄၄၉**

## အထူးကျေးဇူးတင်ရှိခြင်း

၂၀၂၃ ခုနှစ်၊ စက်တင်ဘာလ (၁၈)ရက်တွင် ရန်ကုန်မြို့နေအိမ်၌ ကွယ်လွန်သွားခဲ့ပြီးဖြစ်သော ကျေးဇူးရှင်မိခင်ကြီး ဒေါ်သန်းသန်းဝင်း၏ နာရေးကိစ္စအဝဝအတွက် အဘက်ဘက်မှ မျှဝေခံစားနှစ်သိမ့်အားပေးကူညီခဲ့ကြသော ဌာနဆိုင်ရာအကြီးအကဲများနှင့် လုပ်ဖော်ကိုင်ဘက်များ၊ ဆွေမျိုးမိတ်သင်္ဂဟ သူငယ်ချင်းမိသားစုအားလုံးတို့အား အထူးကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

**၂၄-၉-၂၀၂၃**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၉)ရပ်ကွက်၊ မြေကွက်အမှတ် (၁၂၂၅)ရှိ အကျယ် ၄၀'x၆၀' မြေကွက်အား ဒေါ်အေးအေးသက် (၁၂/ဥကမ(နိုင်)၀၀၈၁၁၂)မှ ဒေါ်ချိုချို (၁၂/ဥကမ (နိုင်) ၀၃၁၁၂၄)ထံမှ အပြီးအပိုင်ဝယ်ယူထားခြင်းဖြစ်ပါသည်။ အဆိုပါမြေကွက်အား ဒေါ်အေးအေးသက်မသိရှိဘဲ လွှဲပြောင်းခြင်း၊ ပေါင်နှံခြင်း၊ ရောင်းချခြင်း၊ ဂရန်အမည်ပြောင်းလဲခြင်းများပြုလုပ်ပါက ဥပဒေအရတရားစွဲဆိုခံရမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ချက်အရ**

**ဦးသက်အောင်ထူး (LL.B)**

**တရားလွှတ်တော်ရှေ့နေ**

**ဖုန်း-၀၉-၇၈၀၂၈၅၇၄၀**

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်ခရိုင်၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး(၆)၊ အကွက်အမှတ်နှင့်အမည်(RA-VI) (ကွက်ပြင်-၆)၊ ဦးပိုင်အမှတ်(၆-က/၃၄)၊ မြေကွက်အမှတ်(19/310)၊ မြေဧရိယာ(၀.၁၄၇)ဧက(လက်ရှိမြေပေါ်ရှိ အတိုင်းအတာ)မြေကွက်နှင့် နေအိမ်/လျှပ်စစ်မီတာအပါအဝင် မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံး(အုတ်တံတိုင်းသံပန်းသံတံခါးခတ်အပြီးအစီး)တို့ကို ဦးကျော်မင်း(၉/မရမ(နိုင်)၀၅၃၂၈၀)ထံမှ ဒေါ်ကေသီဝင်း(၉/သပက(နိုင်)၀၀၂၂၂၂က (အရပ်ကတိစာချုပ်)ဖြင့်စရန်ငွေတစ်စိတ်တစ်ဒေသအား ပေးချေခဲ့ပြီး ဝယ်ယူခဲ့ပါသည်။

အဆိုပါမြေကွက်နှင့်ပတ်သက်၍ ကန့်ကွက်ရန်ရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်းအထောက်အထား ခိုင်လုံစွာဖြင့် ကျွန်ုပ်ထံသို့ ဤကြေညာသည့်ရက်မှစ၍(၁၄)ရက်အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်ကေသီဝင်း** | **ဦးနေမျိုးဇော် (LL.B, D.B.L)** |
| **၉/သပက(နိုင်)၀၀၂၂၂၂** | **တရားလွှတ်တော်ရှေ့နေ** |
| | **အမှတ်(၁၃၅)၊ မေခလမ်း၊ ရပ်ကွက်ကြီး(၁)** |
| | **ပြင်ဦးလွင်မြို့** |

### ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၀)ရပ်ကွက်၊ မြေကွက်အမှတ်(၆၅၇)၊ မြသီရိလမ်း အိမ်အမှတ်(၆၉) (၂၀ပေx ၆၀ပေ)ရှိ အိမ်၊ ခြံ၊ မြေနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၆၅၇) မြသီရိလမ်း၊ အိမ်အမှတ်(၆၉) အကျယ်အဝန်း (အလျား၄၂ပေx အနံ၆၀ပေ) နှစ်(၆၀)မြေငှားဂရန်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ပြမြေစီမံခန့်ခွဲမှုဌာနတွင် ဦးထွန်းဝင်းက တရားဝင်အမည်ပေါက်ပိုင်ဆိုင်ပြီး ၎င်းတို့ထံမှ တရားဝင်မခွဲမစိတ်ရသေးသော ထိုမြေထဲမှ(အလျား၂၀ပေxအနံ၆၀ပေ) မြေနှင့်မြေပေါ်ရှိ အဆောက်အအုံတို့အား ဂရန်အမည်ပေါက်ဖြစ်သူ ဦးထွန်းဝင်းကွယ်လွန်၍ ဇနီးဖြစ်သူ ဒေါ်လှသန်းထံမှ ဦးစံလှကျော်ကလည်းကောင်း၊ ဦးစံလှကျော်ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နှင်းဝေလွင်(၁၂/ဥကတ(နိုင်)၁၄၇၃၀၈)က အပြီးအပိုင်ဝယ်ယူရန်အတွက် နှစ်ဦးနှစ်ဖက်သဘောတူ စရန်ငွေပေးချေကတိစာချုပ်ချုပ်ဆိုပြီး စရန်ငွေ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အိမ်၊ ခြံ၊ မြေအရောင်းအဝယ်ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်း အထောက်အထားများနှင့်တကွ ယခုကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ယင်းနေ့ကျော်လွန်ပါက ဤအိမ်၊ ခြံ၊ မြေအရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပိုင်ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကျွန်ုပ်မိတ်ဆွေဒေါ်နှင်းဝေလွင်၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်စုစုအောင် (LL.B)** | **ဒေါ်ဖွေးလဲ့ဖြူ(LL.B)** |
| **(စဉ်-၁၃၄၉၈/၂၀၁၇)** | **(စဉ်-၅၃၁၃၁/၂၀၂၀)** |
| **(တရားလွှတ်တော်ရှေ့နေ)** | **(အထက်တန်းရှေ့နေ)** |

**အမှတ်(၃၃၂)၊ သီလ(၁၀)လမ်း၊ (၄)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်။**

**ဖုန်း - ၀၉-၇၇၈၉၄၀၂၀၆**

## အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြည်ကြီးတံခွန်မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၅၉၀)၊ မြေကွက်အမှတ်(၂-က)၊ မြေချိန်ဧရိယာ(၃.၉၂၅)ဧကနှင့် မြေကွက်အမှတ်(၂-ခ)၊ မြေချိန်ဧရိယာ (၁.၆၀၈)ဧက၊ စုစုပေါင်းမြေချိန်ဧရိယာ(၅.၅၃၃) ဧကရှိသည့် ဂရန်မြေပေါ်တွင် ဆောက်လုပ်ထားသည့် Garden City Apartment Complex အတွင်းရှိ တိုက်အမှတ် (၁၂)၊(၂)လွှာ၊ အခန်းအမှတ် (၄)၊ အိပ်ခန်း (၂)ခန်းပါရှိသည့် အကျယ်အဝန်း(၆၀၅) စတုရန်းပေရှိသော (ပြင်ဆင်ပြီး) Apartment တိုက်ခန်းသည် Ownership Certificate No.0492 ဖြင့် ဒေါ်သန္တာဆွေ(ဘ) ဦးသန်းဆွေ(၉/မဟမ(နိုင်)၀၀၃၀၄၃)မှ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားသော Apartment တိုက်ခန်းဖြစ်ပါသည်။ ယင်း Apartment တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လက်ရှိလက်ရောက် ပိုင်ဆိုင်လျက်ရှိသူ ဒေါ်သန္တာဆွေ(ဘ)ဦးသန်းဆွေ(၉/မဟမ(နိုင်)၀၀၃၀၄၃)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်အဖြစ် ပေးချေထားပြီး ဖြစ်ပါသည်။

အဆိုပါအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | | |
|---|---|---|
| **ဒေါ်သန်းဆွေဦး(LL.B)** | **ဒေါ်ဝါဝါအောင်(LLB)** | **ဒေါ်လဲ့လဲ့မွန်(LL.B)** |
| **စဉ်-၄၃၀၉၂** | **စဉ်-၅၂၅၀၈** | **စဉ်-၄၉၉၂၉** |

**အထက်တန်းရှေ့နေများ**

**၃၃လမ်း၊ ၇၆x၇၇လမ်းကြား၊ ကဥ္စဏမဟီရပ်ကွက်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။ ဖုန်း-၀၉-၄၀၂၇၃၃၁၁၅၊ ၀၉-၄၃၆၅၀၀၀၀**

## ငြင်းချက်ထုတ်ရန်သမ္မန်စာ

**(တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)**

**ပြင်ဦးလွင်မြို့နယ်တရားရုံး**

**၂၀၂၃ ခုနှစ်၊ တရားမကြီးမှုအမှတ်-၄၈**

| | | |
|---|---|---|
| ဒေါ်လီမြင့်လန် | နှင့် | ဦးကိုယု |
| (တရားလို) | | (တရားပြိုင်) |

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ပဒေသာမြို့သစ်၊ ရ/၂၊ အမှတ်(၂၄၅)နေ တရားပြိုင် ဦးကိုယု(ယခုနေရပ် လိပ်စာမသိသူ) သိစေရမည်။

သင့်အပေါ်၌ တရားလို ဒေါ်လီမြင့်လန်က မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေလိုမှု လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ် ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့် စပ်ဆိုင်သည့်အချက်ကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေ နှင့်ပါ၍ဖြစ်စေ ၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၅ ရက် (၁၃၈၅ခုနှစ်၊ တော်သလင်းလပြည့်ကျော် ၆ရက်)နေ့ မွန်းမတည့်မီ ၁၀:၀၀နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးသို့လာရောက်ရမည်။ ၎င်းပြင်သင် သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်ထုတ်ပေးလိမ့်မည်။ ၎င်းပြင်တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်ကထုချေအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာသွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ခုနှစ်၊ စက်တင်ဘာလ ၁၉ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေး လိုက်သည်။

**(မိုးမိုးအေး)**

**မြို့နယ်တရားသူကြီး**

**ပြင်ဦးလွင်မြို့နယ်တရားရုံး**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8K/1407,KMT Light Truck(KMT-002)(P/U)(4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးမြင့်အောင် ၈/ပဖန(နိုင်)၀၁၅၁၃၄ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ယာဉ်မှတ်ပုံတင်စာအုပ်မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/66496, Dayang-125 ယာဉ်လက်ဝယ်ရှိသူ ဒေါ်သီတာခိုင် ၈/မလန(နိုင်)၀၆၄၄၆၃ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

**ကညန၊ခရိုင်ရုံး(မင်းဘူး)**

## ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၅၅)၊ ဥယျာဉ်(၂)လမ်း၊ မြေကွက်အမှတ်(၂၄၁)ရှိ ဗိုလ်ကြီးခင်မောင်စိန်အမည်ပေါက်သောဧရိယာ (၄၀x၆၀)ပေရှိ ပါမစ်မြေကွက်ကြီးအနက်မှ တရားဝင်မခွဲမစိတ်ရသေးသော(၂၀x၆၀)ပေရှိမြေကွက်နှင့်ယင်းမြေကွက်ပေါ်ရှိအကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဆက်စပ်စာချုပ်များဖြင့်တရားဝင်ပိုင်ဆိုင်၍ ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးသဲမောင်မောင်ဇော်(၁၄/ပတ(နိုင်)၁၆၇၄၅၉)ထံမှ ကျွန်ုပ်မိတ်ဆွေကဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းအထောက်အထားမူရင်းများနှင့် တကွကျွန်ုပ်ထံသို့ ဤကြေညာပါသည့်ရက်မှ(၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မှုတစ်စုံတစ်ရာမရှိပါက ဤမြေကွက်အရောင်းအဝယ်ကို ဥပဒေနှင့် အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

**ဒေါ်ဌေးဌေးမြင့် LL.B ,LL.M,DCBL(UK)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၁၉၃)**

**အမှတ်-၃၆(မြေညီ)၊ မဟာဗန္ဓုလပန်းခြံလမ်း(ဘားလမ်း)၊**

**(အောက်ဘလောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့ ၊**

**ဖုန်း-၀၉-၄၅၀၀၅၀၇၉၈**

## အထွေထွေကိုယ်စားလှယ် ပြန်လည်ရုပ်သိမ်းကြောင်းကြေညာချက်

ရမည်းသင်းမြို့၊ ဝါတိုးအနောက်ရပ်နေ ဦးမင်းအောင်(ဘ) ဦးအက္ကာဘရ်-၉/ရမသ(နိုင်)၀၀၉၅၈၇(မင်းအောင်စတိုးဆိုင်)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း ကြေညာအသိပေးအပ်ပါသည်-

ကျွန်ုပ်မိတ်ဆွေ ဦးမင်းအောင်က လုပ်ငန်းတစ်ခုအတွက် ဦးခင်မောင်ဆန်း(ဘ) ဦးလှဝင်း ၉/ရမသ(နိုင်) ၀၀၇၈၀၉ ဝါတိုးအနောက်ရပ်၊ ရမည်းသင်းမြို့အား(၁၅-နိုဝင်ဘာ-၂၀၁၇)ရက်က ရမည်းသင်းမြို့နယ်၊ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်ဌာနရုံးတွင် မှတ်ပုံတင်အမှတ် -၃၃/၂၀၁၇ဖြင့် အထွေထွေကိုယ်စားလှယ်ကို လွှဲအပ်ခဲ့ပါသည်။

ယခုအခါ ဦးခင်မောင်ဆန်းအား လွှဲအပ်ထားသည့် အထွေထွေကိုယ်စားလှယ်လွှဲစာအား ယနေ့မှစ၍ ပြန်လည်ရုပ်သိမ်းလိုက်ကြောင်း အတိအလင်း ကြေညာအပ်ပါသည်။

ယနေ့မှစ၍ ဦးမင်းအောင်ကိုယ်စား ဦးခင်မောင်ဆန်းအနေဖြင့် မည်သည့်ကိစ္စကိုမှ ကိုယ်စားပြုဆောင်ရွက်ခွင့်ပြုလုပ်ခွင့်မရှိတော့ကြောင်း အသိပေး ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးဇော်မျိုးအောင်(LL,B)** | **ဒေါ်သက်သက်ရွှေ(LL,B)** |
| **အထက်တန်းရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၄၃၆၉)** | **(စဉ်- ၁၀၈၆၈)** |

**အောင်ဇေယျာ(၁၃)နယ်မြေ၊ မိတ္ထီလာမြို့**

- ❖ **နိုင်ငံတစ်နိုင်ငံစဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ရာတွင် လူသားအရင်းအမြစ်သည် အဓိကဖြစ်...**
- ❖ **လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာကိုအဓိကတည်ဆောက်ကြရ...**
- ❖ **နိုင်ငံရေးတည်ငြိမ်မှု၊ရင့်ကျက်မှု၊စီးပွားရေးတိုးတက်မှုများသည် ပညာတတ်ပေါ်ကြွယ်ဝမှုနှင့် တိုက်ရိုက်အချိုးကျနေ...**
- ❖ **ထို့ကြောင့် နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာတတ်များပေါ်ကြွယ်ဝရေးကို ဦးတည်ကြိုးပမ်းကြရမည်ဖြစ်...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၂၀၂၃ ခုနှစ်၊ မေလ ၁၈ ရက်နေ့တွင် ပြုလုပ်သော မြန်မာနိုင်ငံလုံးဆိုင်ရာ ပညာရေးညီလာခံ (၂၀၂၃)ဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၉) ရပ်

**၁။ နိုင်ငံရေး**

(က) စစ်မှန်၍ စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA) ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) ပြည်သူလူထု၏ လူမှုစီးပွားဘဝ လုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်ရေး။

**၂။ စီးပွားရေး**

(က) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးရေးနှင့် မွေးမြူရေးကို ခေတ်မီနည်းစနစ်များဖြင့် တိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) တိုးတက်ကောင်းမွန်လာသည့် စီးပွားရေးမောင်းနှင်အားကို မဏ္ဍိုင်ပြု၍ MSME စက်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်ကာ ပို့ကုန်ကဏ္ဍမြှင့်တင်ရေး။

(ဂ) ပြည်တွင်းစားသုံးဆီ ဖူလုံရေးအတွက် ဆီထွက်သီးနှံစိုက်ပျိုးမှုကို အားပေးမြှင့်တင်ပြီး ပန်းတိုင်ရည်မှန်းချက်အတိုင်း ထွက်ရှိအောင် ဆောင်ရွက်၍ နိုင်ငံအတွင်း ဖူလုံမှုမှသည် ပြည်ပသို့တင်ပို့နိုင်သည်အထိ ကြိုးပမ်းဆောင်ရွက်ရေး။

**၃။ လူမှုရေး**

(က) တစ်နိုင်ငံလုံး အသိပညာ၊ အတတ်ပညာ မြင့်မားတိုးတက်စေရေး၊ ကုန်ထုတ်လုပ်မှု အထောက်အကူပြု ပညာရှင်များ ထွန်းကားလာစေရေးအတွက် လူတိုင်းလက်လှမ်းမီသည့် ဘက်စုံပညာရေးစနစ်ကို အကောင်အထည်ဖော်ဆောင်ရေး။

(ခ) တစ်မျိုးသားလုံး သက်ရှည်ကျန်းမာကြံ့ခိုင်ရေးအတွက် ပြည်သူအားလုံး အကျိုးဝင်မည့် ကျန်းမာရေးကဏ္ဍနှင့် အားကစားကဏ္ဍ မြှင့်တင်ဆောင်ရွက်ရေး။

(ဂ) နိုင်ငံ၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရန် လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေး။



## ၂၀၂၂ ခုနှစ်တွင် ပေါ်ထွန်းလာသော ဆင်ဖြူတော်ကလေး "ရဋ္ဌနန္ဒက" မိခင်ဆင်မကြီးနှင့်အတူ ကျန်းမာပျော်ရွှင်လျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၂၃**

ရခိုင်ပြည်နယ် တောင်ကုတ်မြို့နယ်ရှိ မြန်မာ့သစ်လုပ်ငန်းဆင်ဝိုင်းမှ ဆင်မ ဇာနန်းလှ၊ အသက် ၃၃ နှစ်က ဆင်ဖြူတော်(အထီး)ကလေး တစ်စီးအား ၂၀၂၂ ခုနှစ် ဇူလိုင် ၂၃ ရက် နံနက် မင်္ဂလာအချိန် ၆ နာရီခွဲတွင် မွေးဖွားခဲ့ပြီး အဆိုပါ ဆင်ဖြူတော်လေးမှာ မွေးဖွားစတွင် အရပ်အမြင့် ၂ ပေ ၅ လက်မ၊ ကိုယ်လုံး လုံးပတ် ၃ပေ၁လက်မ၊ ကိုယ်အလေးချိန် ပေါင် ၁၈၀ ခန့်ရှိသည်။

ဆင်ဖြူတော်ကလေး၏ ဘွဲ့နာမံတော်မှာ "ရဋ္ဌနန္ဒက" ဖြစ်ပြီး အဆိုပါ ဆင်ဖြူတော်လေးသည် ရတနာဆင်ဖြူတော်များ၏ ကြန်အင်လက္ခဏာ ၈ ချက်အနက် မျက်လုံးပုလဲရောင်ဖြစ်ခြင်း၊ ကျောကုန်းမှာ ငှက်ပျောကိုင်းသဏ္ဌာန်ဖြစ်ခြင်း၊ အမွေးအဖြူရောင်ဖြစ်ခြင်း၊ အမြီးတံခါးပိတ်ဖြစ်ခြင်း၊

*စာမျက်နှာ ၁၁ ကော်လံ ၁* ◆

## အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ မြန်မာနှင့် အိန္ဒိယ နောက်တစ်ဆင့်တက်ရေး အဆုံးအဖြတ်ပွဲ ယနေ့ကစားမည်

**ရန်ကုန် စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံ ဟန်ကျိုးမြို့၌ ကျင်းပလျက်ရှိသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စုတတိယနေ့ကို စက်တင်ဘာ ၂၄ ရက် **(ယနေ့)** တွင် ဆက်လက်ကျင်းပမည်ဖြစ်ပြီး မြန်မာအသင်းနှင့် အိန္ဒိယအသင်းတို့ နောက်တစ်ဆင့်တက်ရောက်ရေး အဆုံးအဖြတ်ပွဲ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

အမျိုးသားဘောလုံးပြိုင်ပွဲကို အုပ်စုခြောက်ခုခွဲ၍ ကျင်းပလျက်ရှိပြီး ဒုတိယနေ့အပြီးတွင် အိမ်ရှင်တရုတ်၊ ဂျပန်နှင့် တောင်ကိုရီးယားအသင်းသာ နောက်တစ်ဆင့်တက်ရောက်ထားပြီး ကျန် ၁၃ နေရာအတွက် နောက်ဆုံးပွဲများက အဆုံးအဖြတ်ဖြစ်နေသည်။ အုပ်စုခြောက်ခုမှ ထိပ်ဆုံးနှစ်သင်းစီနှင့်

*စာမျက်နှာ ၁၂ ကော်လံ ၁* ○

## (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၃**

တရုတ်နိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၃ ရက်က ဟန်ကျိုးမြို့ရှိ Hang-zhou Olympic Sports Centre Stadium ၌ ကျင်းပသည်။ **(ယာပုံ)**

တရုတ်နိုင်ငံအနေဖြင့် အာရှအားကစားပြိုင်ပွဲကို အိမ်ရှင်အဖြစ် သုံးကြိမ်မြောက် လက်ခံကျင်းပခြင်းဖြစ်ပြီး ဖွင့်ပွဲအခမ်းအနားကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည်။

*စာမျက်နှာ ၁၂ ကော်လံ ၁* ❑



## ၂၀၂၃ ခုနှစ် (၁၉) ကြိမ်မြောက် အာရှအားကစားပြိုင်ပွဲ အမျိုးသားဘောလုံးပြိုင်ပွဲ MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

**နေပြည်တော် စက်တင်ဘာ ၂၄**

(၁၉)ကြိမ်မြောက် အာရှအားကစားပွဲတော်ကို တရုတ်နိုင်ငံ ဟန်ကျိုးမြို့တွင် ၂၀၂၃ ခုနှစ် စက်တင်ဘာ ၁၉ ရက်မှ အောက်တိုဘာ ၇ ရက်အထိ ကျင်းပလျက်ရှိရာ အုပ်စု (A) ၏ နောက်ဆုံးပွဲစဉ်အနေဖြင့် မြန်မာအမျိုးသားလက်ရွေးစင်အသင်းနှင့် အိန္ဒိယအသင်းတို့သည် စက်တင်ဘာ ၂၄ ရက် မြန်မာစံတော်ချိန် ညနေ ၆ နာရီတွင် ယှဉ်ပြိုင်ကစားကြမည်ဖြစ်ရာ အဆိုပါပွဲစဉ် ယှဉ်ပြိုင်ကစားကြပုံကို ညနေ ၅ နာရီ ၄၅ မိနစ်တွင် မြန်မာ့ရုပ်မြင်သံကြား MRTV HD ၊ MRTV Sports Channel ၊ MRTV Farmers' Channel ၊ MRTV Parliament Channel နှင့် မြန်မာ့အသံရေဒီယိုတို့တွင် တိုက်ရိုက် (Live) ထုတ်လွှင့်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

### ယနေ့ သတင်းအညွှန်း

**မှတ်ပုံတင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများက ပေးပို့တင်ပြလာသည့် သတ်မှတ်ပါတီဝင်အင်အားစာရင်းများနှင့် စပ်လျဉ်း၍ မြေပြင်တိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းဆောင်ရွက်**

ပြည်တွင်းသတင်း စာ ၁၁